www.burmeseclassic.com

# တာရာမင်းဝေ

ပထမအကြိမ်

# မျဉ်းဖြောင့်၏ဧရိယာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၀၃၂၂၀၆၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၃၂၇၀၆၀၃

| | |
|---|---|
| ထုတ်ဝေသည့်ကာလ | ပထမအကြိမ် ဖေဖော်ဝါ ၂၀၀၁ |

ထုတ်ဝေသူ
။
ဦးစန်းမွန်အောင်
(ငါတို့စာပေ)
၇၅ (D)၊ ဖိုးစိန်လမ်း၊ ဗဟန်း၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
ဘိုဘိုထွန်း

အုပ်ရေ
၅၀၀ အုပ်

မျက်နှာဖုံးနှင့်အတွင်း ပုံနှိပ်သူ
။
ဦးတင်အောင်ကျော်
စွယ်တော်ပုံနှိပ်တိုက်
အမှတ်-၈၇၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

| | |
|---|---|
| တန်ဖိုး | ၁၅၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

ဒါတို့စာပေ

ဖုန်း - ၇၂၁၃၄၅၊ ၁၁၉၇၇၃

# တာရာမင်းဝေ

## မျဉ်းဖြောင့်၏ဧရိယာ

(ဝတ္ထုတို ၁၁ပုဒ် စုစည်းမှု)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လူနှင့် ကမ္ဘာပတ်လမ်း | ၅ |
| ၂။ | ကောင်းကင်သွား တောလား | ၁၇ |
| ၃။ | သီအိုရီ ထောင့်ချိုး | ၂၇ |
| ၄။ | ကျွန်တော်နဲ့ အသံခုနစ်ထပ် | ၃၉ |
| ၅။ | သတင်းနှင့် သချိုာ | ၆၃ |
| ၆။ | နာရီဟာန်ချက် ဥပဒေသ | ၇၁ |
| ၇။ | လူနှင့် လောက၏ ဖြတ်ပိုင်းတစ်ခု | ၇၉ |
| ၈။ | မိုးရေစက်များ၏ သုညတွင်းအင်အား | ၈၇ |
| ၉။ | ပင်လယ်ထဲခုန်ချတဲ့ သုည | ၉၇ |
| ၁၀။ | အပြာရောင် ကြက်ခြေခတ်ကလေး | ၁၁၇ |
| ၁၁။ | လက်သည်းပျောက်လို့ လိုက်ရှာနေတဲ့ကြောင် | ၁၄၉ |


www.burmeseclassic.com

www.burmeseclassic.com

# လူ နှင့် ကမ္ဘာပတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com

၁။ “လူတွေနဲ့ဝေးရာကို သွားမယ်”

အလိုမကျခြင်းတို့နှင့်အတူ စိတ်ဦးတည့်ရာ လျှောက်ထွက်လာခဲ့၏။ ထိုသို့ဖြင့် ဤချောက်ချားဖွယ်ရာ ဖြစ်ရပ်ကို သူ . . . ရင်ဆိုင်လိုက်ရခြင်း ဖြစ်လေသည်။

ပထမတော့ ပတ်ဝန်းကျင်ကို သူ သတိမထားမိသေးချေ။ တောင်ပူစာကလေးတစ်ခုနံဘေးမှာ ခြေပစ်လက်ပစ် ထိုင်ချရင်း မည်သို့မျှ ပြောဆိုဆုံးမ၍မရသော လူ့လောကကြီးကို ဒေါမာန်တရှူးရှူး ဖြစ်နေမိ၏။

“ပန်းကိုချစ်သူ ဝတ်ရည်ယူတယ်တဲ့၊ ပန်းကိုရော ဝတ်ရည်ကိုရော ချစ်တဲ့သူက ဘာကို ယူရမှာလဲ . . . တွိ . . .”

စိတ်ကြမ်းဝင်နေသော သူ့ကိုကြည့်ကာ ရုပ်ပတ်ဝန်းကျင်ကြီးတပင် ကြောက်လာ၏။ သူ့ရှေ့မှ စီးမျောလာနေသော ‘လေ’ တလည်း သူ့ကို ဖြတ်တိုက်သွားရကောင်းနိုးနိုး၊ ကွေ့ရှောင်သွားရကောင်းနိုးနိုး ချီတုံချတုံဖြစ်လာ၏။ အနားရောက်မှ ပို၍ကြောက်သွားကာ နောက်သို့ တည့်တည့် ပြန်လှည့်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောဆိုရေရွတ်နေရင်းကပင် သူ့ရှေ့မှ တောင်တစ်လုံးက ပါးစပ်ကြီးဟောင်းလောင်း ပွင့်ထွက်လာသည်ကို သူ. . . မြင်လိုက်ရခြင်း ဖြစ်သည်။

"ဟာ"

သူ. . . အလွန်တရာ အံ့ဩလန့်ထိတ်သွားမိတော့သည်။ ကမန်းကတန်း ထရပ်မိ၏။

၂။ ဤဖြစ်ရပ်မျိုးကိုလည်း သူ. . . တစ်ခါမှ မကြုံဖူးချေ။ ထွက်ပြေးရမည့်အစား အငေးသား ရပ်ကြည့်နေမိ၏။ တောင်ကြီးက ပါးစပ်ပေါက်ကို အကျယ်ကြီးပွင့်ပြီးမှ ရပ်သွား၏။ ထို့နောက် မူလအခြေအနေအတိုင်း ပြန်လည်ငြိမ်သက်နေသည်။

သူ. . . မျက်လုံးအပြူးသားနှင့် ကြောင်အမ်းနေမိသည်။

ထို့နောက် သူ့ခန္ဓာကိုယ်၌ ကြက်သီးဖြန်းဖြန်းထကာ 'အလိုအလျောက်အသိ' (Intuition) တစ်ခုကို ရလိုက်၏။

"ဟာ. . . နဂါး. . . နဂါးကြီး"

ကမ္ဘာကြီးကို ခွေပတ်ကာ အိပ်နေသော ကာလနဂါးကြီး၏ ဦးခေါင်းရှေ့မှောက်သို့ သူရောက်နေခြင်း ဖြစ်သည်။ နဂါးကြီးက တော့ ပါးစပ်ပွင့်လျက်နှင့်ပဲ ဆက်လက်အိပ်ပျော်နေသည်။

"အလို. . . ဘုရား. . . ဘုရား"

သူ့ခြေထောက်တွေ နောက်သို့ ရွှေ့မိလျက်သား ဖြစ်သွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



၃။ “ငါ. . . ငါ. . . ဘာလုပ်ရင်ကောင်းမလဲ၊ ဒါ. . . အခွင့်အရေးပဲ”

သူ. . . ဖြစ်နေသည်ကတော့ ထိုပါးစပ်ပေါက်ကြီးထဲသို့ ဝင်ကြည့်ချင်ခြင်း ဖြစ်၏။ နဂါးလိုဏ်ခေါင်းအတိုင်း ဆင်းသွားကြည့်ချင်သည်။ ‘ဒါ. . . နဂါးခံတွင်းပဲ၊ ဘာကြောင့် ဝင်ရမှာလဲ’ ဟူသော အတွေးတစ်ခုက သူ့ကို ဟန့်တားသေး၏။ သို့သော် အချို့သောကိစ္စများ၌ ဖြေရှင်းချက်ဆိုသည် သိပ်လိုအပ်လှသည် မဟုတ်ချေ။

ထိုသို့ဖြင့်. . . နဂါးကြီး၏ပါးစပ်ပေါက်အတွင်းသို့ သူ. . . ဆင်းဝင်ရောက်ရှိသွားတော့သည်။

ရှည်လျားစွာ ခွေလိပ်ရစ်ကောက်သွားသော လမ်းကြောင်းသည် ကြောက်မက်ဖွယ်ရာ အတိပြီး၏။ သူ့စိတ်ကို တည်ငြိမ်အောင် ထိန်းကာ လျှောက်ခဲ့သည်။ မှောင်လိုက်လင်းလိုက်နှင့် နဂါးလိုဏ်ခေါင်းတစ်ခုလုံးမှာ မြူခိုးရနံ့တွေ အုံ့ဖြာနေသည်။ လေအူသံကိုလည်း တလူးလူးတလိမ့်လိမ့် ကြားရ၏။ သူ့စိတ်အာရုံကို ပိုးရီထွေပြားစေတော့သည်။

နဂါးဝမ်းဗိုက်တစ်နေရာမှာ သူ့ခြေအစုံ တုံ့ရပ်သွားမိတော့သည်။

“ဟော. . . ”

၄။ နဂါးကြီး၏ရင်တွင်းနံရံမှာ စာကြောင်းများ ရေးထား၏။ အလင်းအားပျော့ကာ မှောင်စို့စို့ဖြစ်နေသော်လည်း စာကြောင်းများ ကမူ ဖတ်၍ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"လောကထဲမှ လမ်းလျှောက်နေသော သင်္ချိုင်းမှတ်တိုင်းများကို လူ. . . ဟု ခေါ်၏"

သူ. . . အလွန်အမင်း စိတ်ဝင်စားသွားမိ၏။ နဂါးကောက်ကြောင်းအတိုင်း တစ်စတစ်စ တိုးဝင်လျှောက်သွားရင်း စာကြောင်းများကို အငမ်းမရ ဖတ်သွားမိ၏။ စာကြောင်းများက လူ့လောကကြီး၏ လျှို့ဝှက်ချက်များကို ရေးထားခြင်းဖြစ်၏။ ဖတ်သွားရင်း ဖတ်သွားရင်းက သူ့ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။ သွေးခုန်နှုန်းတွေ မြန်လွန်းမက မြန်လာသည်။


"ထိုသို့ဖြင့် အက်တမ်ဗုံးတစ်လုံး ပေါက်ကွဲပြီးနောက် တစ်လုံးထပ်ပေါက်လုပေါက်ခင် ကြားကာလကလေးကိုသာ 'ငြိမ်းချမ်းရေး' ဟု လူတို့ ခေါ်လာကြရမည်"

"အိုး. . . ကယ်တော်မူပါ"

သူ့ခန္ဓာကိုယ် ယိမ်းထိုးတုန်ခါသွားမိ၏။

၅။ နှုတ်ခမ်းကို တင်းတင်းဖိကိုက်ပြီး စိတ်ကသောင်းကနင်း ဖြစ်မှုကို ထိန်းသည်။ အသက်ကို တစ်ချက်ချင်း ခပ်ပြင်းပြင်းရှုရင်း ဆက်ဖတ်သည်။

တစ်နေရာတွင် အောက်ပါအတိုင်း တွေ့ရသည်။




www.burmeseclassic.com

www.burmeseclassic.com



S = ကတ္တား (Subject)

O = ကံ (Object)

V = ကြိယာ (Verb)

C = အခွင့်အရေး (Chance)

"တစ်စုံတစ်ရပ်သော အခွင့်အရေးကိုရသည်နှင့် တစ်စုံတစ်ယောက်သောသူက တစ်စုံတစ်ယောက်သောသူကို တစ်စုံတစ်ရာ ပြု၏။ ထိုသို့ဖြင့် လူ့လောကသည် သွက်သွက်ခါအောင် လည်ပတ်ချေလိမ့်မည်"

၆။ သူ့မျက်လုံးအစုံကို ဖိမှိတ်ပစ်လိုက်မိ၏။ အံကိုကြိတ်ရင်း အထိန်းအချုပ်မရှိ လဲပြိုကျသွားတော့သည်။

စိတ်အမြင်မှာတော့ ကမ္ဘာသည် မှုန်ရီပြာမှိုင်းလျက်။

မြင်းခွာသံများ၊ ကျွန်ထိန်း၏ကြာပွတ်ထိပ်ဖျားမှာ အိပ်မက်တို့ အရေခွံကျွတ်ပြီး ပါသွားခဲ့၊ အိမ်ရှင်မတို့လည်း အနက်ရောင်ဝတ်စုံနှင့် စကားမဆိုဘဲ ရပ်နေကြ၊ ဂျုံခင်းတွေ မီးဟုန်းဟုန်းတောက်၊ လူသမိုင်းက စကြာတံဆိပ်လို ပြတ်တောက်ကွေးလိပ်၊ အက်ဆစ်တျောက်တုံးတွေ၊ သိပ္ပံမီးကျည်တွေက ဝုန်းခနဲဖူးပွင့်ဝေဆာ၊ သေမင်းရဲ့ လက်ဖဝါးမှာ အသက်လမ်းကြောင်းပါသလား။

'.........'

စိတ်ရှိလက်ရှိ ဆွဲဖြဲခံလိုက်ရသော 'ဘူ'ဖဲတစ်ချပ်ကြီး အစသည် ပြုထွက်သွား၏။ နေရာမှ အားတင်းထ၊ ဒယိမ်းဒယိုင်ဖြင့် သူ ... ဆက်လျှောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဦးနှောက်ထဲတွင် ဘာမှမရှိတော့၊ အားလုံးသည် ဟာလာ ဟင်းလင်း အသိမဲ့စွာ ဆက်လျှောက်နေရင်းက တငြိမ့်ငြိမ့်နှင့် စိမ့် အေးလာသလို ခံစားရသည်။ တစ်နေရာအရောက် . . .

"ဟင်"

ဒီတစ်ခါ သူ. . . မြင်လိုက်ရသည်က ဝါလဲ့ရွှန်းမြနေသော မီးအိမ်တစ်လုံး။ မီးအိမ်အနီးမှာက နံရံကို မှီထောင်ထားသော တောင်ဝှေးတစ်ချောင်း။

"ဘာတွေလဲ"

မပီမသ ရေရွတ်ရင်း အနားသို့တိုးကပ်ကာ ကြည့်လိုက်၏။ မီးအိမ်ကိုတော့ ဒိုင်အိုဂျီးနီးစ်၏ မီးအိမ်ဖြစ်ကြောင်း သူ သိလိုက် သည်။ တောင်ဝှေးကို သေသေချာချာ အကဲခတ်၏။ ချက်ချင်းဆို သလိုပင် ဟစ်ပိုကရေးတပ်ဆိုလား၊ ဘာလား၊ ထိုသမားတော်ကြီး၏ ဆေးတောင်ဝှေးဖြစ်ကြောင်း သူ. . . ရိပ်မိလိုက်သည်။

သူ့အာရုံမှာ ကြည်လင်သည်။ မီးအိမ်ကို မီးစာမြှင့်လိုက်၏။ အလင်းတန်းများပြန့်စီးကာ နံရံပေါ်မှ စာသားများကို သူ ဖတ်လိုက်ရ ပြန်သည်။

"ထိုအခါ လူသားတို့သည် ဒုက္ခကို ရွှေလိုဝတ်ထားရာမှ လွတ်မြောက်ကြအံ့။ နှိမ့်ချတတ်သော ဦးခေါင်းများဖြင့် မြင့်သည် ထက်မြင့်ကြအံ့။ မြေသားပန်းကန်မှာ ကောက်နှံပင်တွေဝေဖြိုးပြီး အသရေတိုးသည်ထက် တိုးကြအံ့"

ညွတ်နူးလှစွာပင် သူ. . . ဒူးထောက်ထိုင်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



၈။ (. . . . . . . . . . . . . .
. . . . . . . . . . . . . . . )

လောကငြိမ်းချမ်းရေး ဖော်မြူလာတစ်ခုကို ရေးထားခြင်းဖြစ်သည်။

ဖတ်ရင်းက သူမျက်ရည်ကျ၏။ ကြည်နူးလွန်းသဖြင့် ရင်ထဲမှာ နင့်နေသည်။ မှတ်မိနေပြီဖြစ်သော်လည်း ထိုစာကြောင်းများကို ကြည့်မဝလွန်းသဖြင့် အခေါက်ခေါက်အခါခါ ထပ်ဖတ်နေမိသည်။

"ငါ. . . ငါ. . . လူတွေဆီ ပြန်သွားမယ်။ လူတွေကို ဒီအတိုင်း ပြန်ပြောပြရမယ်။ ဒါမှ လူ့လောကကြီး ငြိမ်းချမ်းသာယာလာလိမ့်မယ်၊ ငါ. . . ငါ. . . လုပ်မယ်။ သွားမယ်. . . ပြန်မယ်"

ကတုန်ကယင် လျှောက်ပြောနေမိ၏။ ဒူးတုပ်ထိုင်ရာမှ မတ်တတ်ထရပ်သည်။ မီးအိမ်နှင့်တောင်ဝှေးကို လေးမြတ်စွာ တစ်ချက်ကြည့်လိုက်ရင်းလာလမ်းအတိုင်း ပြန်လှည့်လိုက်သည်။

ထိုစဉ်မှာပဲ

"ဝရှန်း"

"အား"

၉။ သူ. . . သတိရလာသောအချိန်တွင် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ ဦးခေါင်းတစ်ခုလုံး မူးအိုင်ကာ အမြင်အာရုံထဲမှာလည်း အရာရာသည် မသဲကွဲ၊ မှောင်မည်းလျက်။

"အား. . . ကျွတ်. . . ကျွတ်"

သူ. . . အားယူပြီး လူးထသည်။ အတော်ကြိုးစားယူရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်ပုံကို ဆက်စပ်စဉ်းစားနိုင်လာသည်။ နဂါးကြီး လူးလွန့်လိုက်သောကြောင့် သူ. . . ကျွမ်းထိုးမှောက်ခုံလဲပြီး (တစ်စုံတစ်ရာနှင့်) ဆောင့်မိခြင်း ဖြစ်သည်။

တစ်ခုခြင်း၊ တစ်ခုခြင်း၊ သူ. . . ပြန်သတိရလာသည်။

"ဟာ. . . ငါ. . . လူတွေဆီ ပြန်သွားရဦးမယ်"

ထိုအသိက သူ့ကို လှုန့်နှိုးလိုက်သလို ဖြစ်သွား၏။ လူ့လောကထဲသို့ ပြန်ဝင်ကာ လူတွေကို ငြိမ်းချမ်းရေးဖော်မြူလာ ပြောပြရဦးမည်။

"သွားမှပဲ. . . တော်ကြာ. . . "

နဂါးကြီး ပါးစပ်ပြန်ပိတ်သွားမည်ကို ခုမှ စိုးရိမ်မိသည်။ နာကျင်ကိုက်ခဲမှုများကို ကြိတ်မှိတ်သည်းခံကာ ဝင်ခဲ့သောလမ်းအတိုင်း အရှူးတစ်ပိုင်း ပြန်ပြေးထွက်ခဲ့၏။ အပြိုပြိုအလဲလဲ၊ ပြန်ထ၊ ဆက်ပြေး၊ မောဟိုက်ဆို့နင့်. . . ထိုသို့ဖြင့် . . .

၁၀။ "တော်. . . တော်ပါသေးရဲ့"

မဖော်ပြနိုင်လောက်အောင် ပျော်သွားပြီး ဝရုန်းသုန်းကားလဲကျသွားသည်။ နဂါးခံတွင်းက ဟောင်းလောင်းပွင့်ဆဲ။ ပြန်ထကာ . . . နဂါးခံတွင်းထဲမှ အပြင်မြေသားအပေါ် ခုန်ချလိုက်သည်။

"အောင်ပြီကွ"

မြေ၏အထိအတွေ့သည် ရင်းနှီးဖော်ရွေလှတော့၏။

ဘာရယ်မဟုတ်ဘဲ နဂါးကြီးကို သူ. . . မော့ကြည့်နေမိပြန်သည်။ ဝမ်းနည်းဝမ်းသာ ခံစားနေရ၏။ ထို့နောက်မှ သူ့လာလမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘက် ပြန်လှည့်ကာ တောင်တန်းများဆီမျှော်ကြည့်၏။ ဆုံးဖြတ်ချက် တစ်ခုကို ခိုင်ခိုင်မာမာချ၏။

"ငါသေရင် သေပါစေ။ အရိုးကြေရင်လည်း ကြေ၊ အရေ စုတ်ရင်လည်း စုတ်၊ လူ့လောက ငြိမ်းချမ်းရေးအတွက် ငါလုပ်မယ်။ ငါ. . . ပြန်မယ်"

ထို့နောက် သူ့နှုတ်ဖျားမှာ ငြိမ်းချမ်းရေးဖော်မြူလာကို အဆက်မပြတ်ရွတ်ဆိုရင်း လူသားတို့ထံ သူလှည့်ပြန်ခဲ့ပါတော့သည်။ ဂရိနတ်သားက 'မီး'ကို ခိုးပြီး ပျံသန်းပြေးထွက်သကဲ့သို့ သူသည်လည်း တရိပ်ရိပ် ပြေးထွက်ခဲ့ပါတော့သည်။ သို့သော်. . .

၁၁။ နှစ်ပေါင်းများစွာ ကြာသွားသည့်တိုင်း လူသားတို့ထံ သူ မရောက်လာနိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် နဂါးကြီးက လူး လွန့်ကာ ကိုယ်နေဟန်ထားပြောင်းစဉ် ဦးခေါင်းကိုလည်း တစ်ဖက်မှ တစ်ဖက်သို့ ရွှေ့ပြောင်းခဲ့သောကြောင့်ဖြစ်သည်။ (ရိုးရိုးသားသား ညောင်း၍ ပြောင်းခြင်းဟု ယူဆရပါ၏။ သို့သော် သူ့အတွက်တ တော့ မြို့တော်အထပ်ထပ်နှင့် လွဲချော်တိမ်းမှောက်ခဲ့ရပြီ)

နဂါးခံတွင်းမှ ပြန်ထွက်ကတည်းက သူ့လမ်းကြောင့်တ ပြောင်းလဲမှားယွင်းခဲ့ပြီ ဖြစ်လေသည်။ ထိုသို့ဖြင့် နှစ်၊လ၊ရာသီ တုန်လွန်ခဲ့သည်။ သူကား ရောက်မလာ။ မျှော်ရင်း၊ နှင်ရင်း ခရီး ဆက်ရင်းဖြင့် သူကိုယ်တိုင် ပျောက်ဆုံးသွားပါတော့သည်။

(တစ်ခါ တစ်ခါတော့လည်း တယ်လီဖုန်းများထောင်ခွက်ထဲ

www.burmeseclassic.com



မှာ "ဟဲလို. . . ဟဲလို" ဟူသော ဘယ်ကမှန်းမသိသည့် ခေါ်သံတစ်ခု ဝင်ရောက်နေတတ်ပါသည်။ ထူးကြည့်၊ မေးကြည့်၊ နားထောင်ကြည့် ကြပါဦး။ မတော်တဆ. . . သူ ဖြစ်နေလျှင်. . .)

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# ကောင်း ကင်သွားတောလား

www.burmeseclassic.com

www.burmeseclassic.com

(၁)

နံနက်ခင်းသည် လောကကိုသာမဟုတ်ပဲ လူကိုပါ လင်းစေ၏။ ဖတ်လက်စ ကျမ်းစာအုပ်များကို ပိတ်လိုက်သည်။ အဝေးဆီမှ ခေါင်းလောင်းထိုးသံ သဲ့သဲ့ကြားရ၏။ ချိုမြသော နှုတ်ဆက်အားပေးသံများဟု ရဟန်းနားလည်သည်။ ထိုသို့ဖြင့် ခရီးကိုစထွက်ခဲ့လေသည်။

(၂)

တောင်ကြားလမ်းတစ်နေရာမှာ ကြည်လင်သောချောင်း ကွေ့ချောင်းကောက် ကလေးတစ်စင်း စီးဆင်းနေသည်။ တည်ငြိမ်ခြင်းနှင့် ရေစီးသန်လှသောကြောင့် လှပသော်လည်း ကြောက်မက်ဖွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



မြစ်နေ၏။ စပယ်ပွင့်ဖြူများထံမှ တစ်ချန်းသံကြားရသလိုပင် ရဟန်းထင်မြင်မိလေသည်။

(၃)

"ရဟန်းလေး . . . ဒီချောင်းက ဘယ်ကိုသွားတာလဲ"
"ဒါ . . . ချောင်းလား"
"ဟုတ်တယ်လေ . . . ဒါချောင်းပေါ့"
"ချောင်းဆိုရင်တော့ မြစ်ရှိရာကို သွားမှာပေါ့"

(၄)

မုဆိုးက ဒေါသမျက်နှာနှင့်ကြည့်ပြီး လှည့်ထွက်သွားသည်။ ချောင်းကို အနံ့ခံပြီး မြစ်ကိုပစ်ခတ်ခြင်းမရှိသည့် အတွက်သာ ကျေးဇူးဆိုဖွယ်ရာ ရှိပါတော့သည်။ ပင်လယ်တွေ စီးဆင်းမြဲစီးဆင်းကြပါစေ။

(၅)

"တပည့်တော်ကို ကယ်ပါဦး"
အပြစ်သားက ရဟန်းကို ဦးချစဉ် အာဏာသားက ဖမ်းပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ မခုတ်ရမယ့်သစ်ပင်တွေကို လျှောက်ခုတ်တယ်"

"ဆောင်းရာသီမို့ အနွေးဓာတ်လိုလို့ပါ၊ ထင်းအတွက် ခုတ်မိတာပါ၊ အရှင်ဘုရား. . . တပည့်တော်ကို ကယ်ပါ"

(၆)

"ပူအိုက်တဲ့နွေရာသီမှာ ဒီသစ်ပင်တွေက အရိပ်ပေးမှာကို ရော မတွေးမိဘူးလား၊ မျက်လုံးနှစ်လုံးရှိပြီး ဘာဖြစ်လို့ တစ်လုံးတည်းနဲ့ ကြည့်ရတာလဲ"

ရဟန်းက မျက်လွှာချ၍ ထိုသို့ပြောသောအခါ သူတို့အားလုံး ငြိမ်သက်သွားကြသည်။

(၇)

"မကယ်နိုင်တာကို ခွင့်လွှတ်ပါ၊ ဗုဒ္ဓလမ်းစဉ်ကို နားလည်ပါ။ ဗုဒ္ဓဟာ ကယ်တင်ရှင်မဟုတ်ဘူး၊ ဗုဒ္ဓဟာ လမ်းညွှန်သင်ကြားသူ ဆရာသာ ဖြစ်ပါတယ်၊ ကိုယ့်ကိုယ်ကို ကယ်မှရမယ်"

သူတို့ကို ဥပေက္ခာပြုပြီး ရဟန်းလည်းကိုယ့်လမ်းကိုယ် ဆက်လျှောက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

တရုတ်ဒဿနပညာရှင် ဝိန်းရန်မင်း၏ ကဗျာတစ်ပိုဒ်ကို ရဟန်းက ရေရွတ်လိုက်သည်။ "ကြွက္ကာသယ သိုလှောင်အိမ်ကြီးကို လွှင့်မပြစ်လိုက်ပါနဲ့ ပြီး. . . အဝင်လမ်းမှာ လာရပ်နေတဲ့ ခွက်ကိုင် သူဆင်းရဲတွေကိုလည်း အတုမယူပါနဲ့. . . "

(၉)

ခေတ္တအားဖြင့်တော့ အခြားသော လမ်းသွားလမ်းလာများ လို ရဟန်းလည်း ငေးရပ်ကြည့်မိသည်။ (အံ့သြစရာတော့ မဟုတ်ပါ) သူကြွယ်တစ်ဦးဖြစ်၏။ သူပိုင်ဆိုင်သော စပါးကျီကြီးရှေ့တွင် ရပ်ကာ လာသမျှလူထံမှ . . . ရသမျှအကူအညီကို အော်ဟစ်တောင်းခံ နေသည်။ ပါးစပ်ကို ခွက်အဖြစ်တပ်ဆင်ထားသော သူဆင်းရဲကြီး ပမာ ရှိနေလေသည်။

(၁၀)

သူ့တွင် မျက်လုံးနှစ်လုံးရှိသည်။ နှစ်ခုစလုံးနှင့် ကြည့်သည်။ သို့သော်. . . ဘာမှမမြင်သူ ဖြစ်သည်။ ဥစ္စာခန၏ ညှို့ငင်မှု ချုပ် ဝတ္ထုများ၏ အိပ်မွေ့ချမှုကို ခံထားရသူဖြစ်သည်။

"ရဟန်း၊ ကျုပ်ကို အိပ်မက်ကောင်းတွေ ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသောစိတ်နဲ့ အိပ်ရာဝင်ပါ ဒကာ. . .၊ အိပ်မက် တင်မဟုတ်ဘဲ နံနက်ခင်းကပါ ကောင်းနေပါလိမ့်မယ်”

(၁၁)

စကားလက်ဆုံကျနေသော အဖိုးအိုနှင့် လူငယ်ကိုကြည့် တာ မြို့စား၊ ရွာစားနှင့်လယ်သမားတို့ ဝေဖန်သုံးသပ်ကြ၏။ “လူငယ် က. . . အနာဂတ်အတွက် ပြင်ဆင်နေတယ်” ဟု မြို့စားက ပြော သည်။

“အဖိုးအိုက အတိတ်ကို ဖြည့်စွက်ကြိုးစားနေတယ်” ဟု ရွာစားက ပြောသည်။

(၁၂)

“မိုက်လိုက်တာ. . . အမှန်တော့ လူဆိုတာ ပစ္စုပ္ပန်ပဲနေရမှာ” ဟု လယ်သမားက ပြောသည်။ ရဟန်းက အေးချမ်းစွာ ပြုံး မိလေသည်။ အမြင် ‘နယ်’ ကျယ်ဝန်းမှုအရသာပြောရလျှင် လယ် သမားသည် နယ်စားကြီးပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

"မင်းဟာ. . . 'ရေ'. . . ပဲ"

သစ်ပင်အောက်တွင် တည်ငြိမ်စွာ သမထထိုင်နေသော လူငယ်က ရဟန်း၏စကားကြောင့် မော့ကြည့်သည်။

"အရှင်. . . ဘာပြောလိုက်တာလဲ"

ရဟန်းကခေါင်းကို ဖြည်းညှင်းစွာ ခါလိုက်၏။

"အခုတော့. . . မင်း. . . 'လှိုင်း' ဖြစ်သွားပြီ. . ."

(၁၄)

ဝမ်းသာအားရ အော်ဟစ်သံများ၊ ဝမ်းနည်းကြေကွဲ ငိုသည်းသံများနှင့်အတူ ခားပြိုင်ပွဲကြီး ပြီးသွားပြီ။ ပြိုင်ဆိုင်ခဲ့သော မြေစည်းဝိုင်းကိုသော်လည်းကောင်း၊ စိုက်ကျန်ရစ်သော ခားတစ်လက်ကိုသော်လည်းကောင်း ရဟန်းကြည့်မိ၏။

(၁၅)

ခားမှာသော်လည်းကောင်း၊ မြေစည်းဝိုင်းမှာသော်လည်းကောင်း ဘာမှမရှိ။ ဝမ်းသာမှုလည်းမရှိ၊ ဝမ်းနည်းမှုလည်းမရှိ၊ အောင် မြင်မှုလည်းမရှိ၊ ဆုံးရှုံးမှုလည်းမရှိ။ ဘာမှမရှိ ဘာမှမရှိ ဘာမှမရှိ. . .။

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

တောလမ်းက ရှည်လျားပြီး ကြမ်းတမ်းသည်။ မြင်းစီးလာသူ တစ်ဦးက မေး၏။

"ငါ့ရှင်က ရဟန်းလား"

"မဟုတ်ဘူး. . . ငါဟာ သူခိုးဖြစ်တယ်"

"ဘယ်လို သူခိုးလဲ"

"ဗုဒ္ဓရဲ့ကျင့်ကြံမှုကို အတုခိုးနေတဲ့ သူခိုးပေါ့. . ."

(၁၇)

တောင်တက်လမ်းသည် ကောင်းကင်ကိုနွှယ်ထားသော နဂါးငွေ့တန်းပမာ. . . မြူခိုးတို့ဖြင့် ဝိုးဝါးမှိုင်းပြာနေသည်။ စိုစွတ်သော ညနေရီမှုံတို့ကို သတိတရားဖြင့် ရဟန်းကြည့်မိ၏။ သိမ်ငယ်လှသော ကျောက်တောင်ကုန်းလေးကို တီးတိုးမေးလိုက်၏။

"တောင်ကုန်းကလေးရေ. . . မင်းဆီမှာ ပန်းတွေလည်း မပွင့်ပါလား"

(၁၈)

တောင်ကုန်းကလေးက ခပ်အုပ်အုပ် ပြန်ဖြေ၏။

"အရှင်ဘုရားဟာ. . . ကျွန်တော်မျိုးဆီမှာ လာပွင့်တဲ့ ပန်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

ဟုတ်သည်။ သူသည် ကျောက်တောင်ကုန်းမှာပွင့်သော ပန်းဖြစ်သည်။ သူနှင့် သဘာဝတရားတို့ တစ်သားတည်းဖြစ်ကြပြီး သဘာဝတရားနှင့် တစ်သားတည်းဖြစ်ခြင်းသည် ဓမ္မနှင့်အတူနေခြင်း လည်း ဖြစ်သည်။ ရဟန်းက မျက်လွှာချပြီး ငြင်သာစွာ ရွတ်ဆိုလိုက် သည်။

"ရောက်လုပါပြီ. . ."

*****

www.burmeseclassic.com

www.burmeseclassic.com

# သီ အိုရီထောင့်ချိုး

www.burmeseclassic.com

www.burmeseclassic.com

(၁)

ညကောင်းကင်မှာ ကြယ်တို့လည်း တလွင်လွင် ဝေခဲ့ချေပြီ။ ပါးလှပ်သော ညဥ့်လေက တသက်သက် ဖြတ်သန်းတိုးဝင်ဆဲ။

မြေတကောင်းတစ်အိုးနှင့် မြေခွက်နှစ်ခွက်ကို အလယ်တွင်ချကာ မြင်းရုပ်ကလေးနှစ်ရုပ် ငြိမ်ငြိမ်သက်သက် ထိုင်နေကြ၏။ တူညီသော အတွေးတစ်ခု၌ ဝင်စားကာ သူတို့နှစ်ဦးလုံး အခိုက်အတန့် စကားမဲ့နေကြတော့၏။

အတန်ကြာမှ မြေတကောင်းအိုးကို မ,ကာ မြေခွက်များထဲသို့ တစ်ဦးက လောင်းထည့်လေ၏။ မွှေးမြသော မီးတောက်အရက်က တသွင်သွင် စီးကျ၏။ ထို့နောက် အရက်တစ်ခွက်ကို သူ့ရှေ့ချပြီးနောက် တစ်ခွက်ကို နောက်တစ်ဦးရှေ့သို့ တိုးပေး လိုက်၏။

သူက တည်ငြိမ်အေးဆေးစွာ လုပ်ဆောင်နေခြင်း [illegible]

သူ့လှုပ်ရှားမှု အစအဆုံးကိုကြည့်ရင်း ကျန်မြင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



တ မသိမသာ ပြုံးနေလေသည်။ ထို့နောက် သူ့ရှေ့တွန်းပေးသော အရက်ခွက်ကို ဆတ်ခနဲဆွဲယူပြီး တစ်ချက်တည်း မော့သောက်ပစ်လိုက်၏။

ပြင်းရှပူကျွမ်းသော မီးတောက်အရက်ကြောင့် သူ့မျက်နှာရဲပတောင်းခတ်သွားသည်။ သို့သော် အမူအရာကား မပျက်ချေ။ အရက်ငှဲ့ပေးသော မြင်းရုပ်ကလေးက သူ့ကိုကြည့်ပြီး ကြည်လင်စွာပြုံးလာ၏။

ထို့နောက် နှစ်ဦးစလုံး အဝေးသို့ငေးကာ ငြိမ်သက်သွားကြပြန်၏။ အတန်ကြာမှ စကားတစ်ခွန်းကို ပြိုင်တူပြောလိုက်မိကြသည်။

"နက်ဖြန်ပွဲ အရေးကြီးတယ်"

သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး လေးနက်စွာ။ ပြီးတော့ လေးစားစွာ ကြည့်လိုက်ကြသည်။ သူတို့နှစ်ဦးစလုံး မနက်ဖြန်ပွဲမှာ အစွမ်းပြကြရလိမ့်မည်။ ထို့အတွက် အရက်ငှဲ့ပေးသော မြင်းရုပ်ကလေးက ပြောသည်။

"ငါ. . . အိပ်တော့မယ်. . . အိပ်ရေးဝအောင် အိပ်ထားရမယ်"

အရက်မော့သောက်သော မြင်းရုပ်ကလေးကလည်း မြေပြင်ကို စိုက်ကြည့်ရင်း တစ်လုံးချင်းပြောသည်။

"ငါ. . . ပြန်တော့မယ်၊ ထပ်လေ့ကျင့်ရဦးမယ်"

ထို့နောက် သူတို့ လမ်းခွဲကြသည်။

လှည့်အထွက်မှာပဲ အရက်ငှဲ့ထည့်ပေးသော မြင်းရုပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



က သူငယ်ချင်းဖြစ်သူကို လှမ်းအော်ပြောသွားသည်။

"မင်းကို ရဲတိုက်ကြီးက ပြောစရာရှိတယ်. . . တဲ့"

(၂)

မိုးပေါ်ကိုမော့ကြည့်တော့. . . ခုနှစ်စဉ်ကြယ်ပင် ကင်းမြီးကောက်ထောင်နေချေပြီ။ ခက်ခဲသော တိုက်ခိုက်ရေးလေ့ကျင့်မှုများကို ပြုပြီးကာစဖြစ်၍ သူ့တစ်ကိုယ်လုံးမှာ ချွေးမိုး ဖြိုက်ဖြိုက်ရွာနေသည်။

ညဥ့်ဦးက သူငယ်ချင်းနှင့်သောက်ထားသော မီးတောက်အရက်တစ်ခွက်ပင် ဘယ်ရောက်သွားပြီမသိ။ ကွင်းလယ်မှာ ရပ်နေသောသူ့ကို ကွင်းထဲမှဖြတ်သွားသော ညဥ့်လေတို့က ဝင်တိုက်ကြပြန်၏။

မနက်ဖြန်ရင်ဆိုင်ရမည့် စိန်ခေါ်ပွဲအတွက် သူ့အသက်ရှူသံပြင်းထန်နေရသည်။

ထိုစဉ်မှာပင် သူ့အနီးသို့ အရိပ်တစ်ခု ချဉ်းကပ်လာသဖြင့် လှည့်ကြည့်လိုက်ရာ ရဲတိုက်အိုကြီးကို တွေ့ရသည်။ ပြုံးပြုံးတုတ်ဆက်ရင်း သူငယ်ချင်းပြောသွားသော စကားကို အမှတ်ရလိုက်မိ၏။

"ရဲတိုက်ကြီး. . . ကျွန်တော့်ကို ပြောစရာရှိလို့. . . ဆို"

ရဲတိုက်အိုကြီးက သူ့ကို စူးစူးကြည့်ရင်း ဖြည်းညှင်းစွာ ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်. . . တို့ထိုင်ကြတာပေါ့၊ အေးအေးဆေးဆေး

www.burmeseclassic.com

www.burmeseclassic.com



ပြောကြဆိုကြတာပေါ့”

စကားအဆုံးမှာပဲ ရဲတိုက်ကြီးက ထိုင်ချသဖြင့် သူပါ လိုက်ထိုင်ရလေသည်။ ရဲတိုက်ကြီးက ချွေးဖြင့်စိုလက်နေသော သူ့ကိုကြည့်ရင်း. . .

“ခုလိုကြိုးစားတာ ချီးကျူးစရာပါပဲ၊ မင်းတို့ မြင်းရုပ်နှစ်ရုပ်လုံး သိပ်တော်ကြပါတယ်၊ မင်းတို့ကြောင့် ငါတို့အဖွဲ့ ပွဲတိုင်းအောင်မြင်ခဲ့ရတာ ဘယ်သူမှ ငြင်းလို့မရပါဘူး။ ပရိသတ်က မင်းတို့ကို အသိအမှတ်ပြုသလို ငါတို့အချင်းချင်းကလည်း မင်းတို့ကို ပြန်အသိအမှတ်ပြုရတာပါပဲ၊ ဒါ မင်းတို့အတွက် ဂုဏ်ယူစရာပါ”

ရဲတိုက်အိုကြီးပြောသည်ကို နားထောင်ရင်း စကားက ဘယ်ကိုဦးတည်မည်နည်း. . . ဟု သူ ကြိုတင်တွေးတောနေမိသည်။ ရဲတိုက်ကြီးမှာ အရေးကြီးသော အကြောင်းအရာ တစ်ရပ်ရပ် ပါလာပုံရသည်။ သူ ဆက်နားထောင်နေလိုက်၏။

“တို့ကစားရမယ့် နက်ဖြန်ပွဲဟာ သိပ်အရေးကြီးတဲ့ စိန်ခေါ်ပွဲဆိုတာ အထူးအထွေ ပြောပြနေစရာမလိုတော့ဘူး၊ အားလုံးသိပြီးသားပဲ၊ တို့တစ်တွေလည်း ကြိုးစားကြတယ်၊ အေး. . . အထူးသဖြင့် ကျန်တဲ့သူတွေက မင်းတို့နှစ်ဦးကို သိပ်အားထားကြတယ်”

“အေး. . . ဟုတ်ပြီ၊ အဲဒီမှာ မင်းတို့နှစ်ဦးထဲက မင်းကို ငါ့မှာ ဆွေးနွေးအကြံပေးစရာ ရှိတယ်”

သူနှင့်ရဲတိုက်ကြီးတို့ မျက်လုံးချင်းဆိုင်နေမိကြ၏။ မည်သူကမှ မလွှဲကြဘဲ အတန်ကြာမှ ရဲတိုက်ကြီးက သက်ပြင်းတစ်ချက်ချကာ ဆက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ သိပ်လျှင်မြန်ပါတယ်၊ သိပ် ရဲရင့်ပါတယ်၊ ပွဲတိုင်းလိုလိုမှာ တစ်ဖက်ကရန်သူတွေရဲ့ အကြောက်ရဆုံး ပုဂ္ဂိုလ်ဟာ မင်းဖြစ်ခဲ့တယ်၊ ဒါပေမဲ့ မင်းမှာ သတိထားစရာ တစ်ချက်ရှိတယ်"

သူ. . . အသက်ရှူ ခဏရပ်သွား၏။ ပြီးမှ တည်ငြိမ်သော ဝင်သက်ထွက်သက်ကို ရှူရှိုက်ယူရင်း "ပြောပါ" ဟု စကားထောက်ပေးလိုက်၏။

ရဲတိုက်ကြီးက စကားဆက်၏။

"အဲဒီအချက်က ဘာလဲဆိုတော့ မင်းဟာ ရန်သူ့ဖက်က နယ်ရုပ်ကလေးတွေကို သိပ်. . . အနားကပ်ခံတယ်၊ သူတို့ကို မင်း ပေါ့ပေါ့ဆဆ သဘောထားတယ်။ ဒါဟာ မင်းကိုယ်မင်း ကာကွယ်ရေးအတွက် အားနည်းချက်ဖြစ်လာနိုင်တယ်"

သူက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်၊ အဲဒီလို ကျွန်တော်က သူတို့ကို အနားကပ်ခံထားတဲ့အတွက်ကြောင့် ရန်သူက ကျွန်တော့်ကို လျှော့တွက်နေတဲ့ အချိန်မှာ မမျှော်လင့်တဲ့တိုက်ကွက်တွေကို ထုတ်နိုင်ခဲ့တာ ပွဲပေါင်း မနည်းတော့ပါဘူး။ ဒီလုပ်ရပ်ဟာ ကျွန်တော်က ရန်သူကို ပြန်မှားထားတဲ့ ပရိယာယ်ဖြစ်ပါတယ်. . ."

ရဲတိုက်ကြီးက မျက်မှောင်ကြုတ်သွား၏။

"ဘာပဲဖြစ်ဖြစ် မင်းအနေနဲ့ နယ်ရုပ်ကလေးတွေကို အထင်သေးလို့မရဘူးဆိုတာ သိထားရမယ်။ မင်းရဲ့ပရိယာယ်မှာ. . . ပြန်မကျဆုံးပါစေနဲ့. . ."

သူက ဘာမှပြန်မပြောဘဲ မထီတရီ ပြုံးနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက်ကြီးက စကားဆက်ပြော၏။

"မင်းတို့မြင်းရုပ်နှစ်ရုပ်မှာ မင်းက အတင့်ရဲတယ်။ ကျန်တစ်ရုပ်က မပိုင်ဘဲမလုပ်ဘူး။ မင်းက အခြေအနေကို ဇွတ်ဖန်တီးတယ်။ ကျန်တစ်ရုပ်က အချိန်စောင့်လုပ်တယ်။ သူမှန်ပြီး မင်းမှားတယ်. . ."

သူက မဆိုင်းမတွ တုန့်ပြန်လိုက်၏။

"သူမှန်တာ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်လည်း မမှားပါဘူး ရဲတိုက်ကြီး. . . ရဲ့. . ."

ပြောပြီး သူက ရယ်လေသည်။ ရဲတိုက်ကြီးက သူရယ် တာကို မမှိတ်မသုန် ကြည့်နေရင်း. . .

"ပါးနပ်လိမ္မာဖို့ ချင့်ချိန်တတ်ဖို့ သိပ်လိုအပ်တယ်၊ တရုပ်စစ်ပါရဂူကြီး "ဆွန်ဇူး" ရဲ့ စစ်နိုင်ရေးမူ (၅)ချက်ဟာ ဒီသဘောတရားပေါ်မှာပဲ အခြေခံထားတယ်"

သူက ပိုရယ်ပြန်သည်။ ပြီး. . .

"ဂျာမန်စစ်ပါရဂူ 'ကလော့ဇဝိတ်' ကလည်း ပြောတယ် ရဲတိုက်ကြီးရဲ့။ စဉ်းစားလွန်းရင် ဘာမှ လုပ်လို့မရဘူးတဲ့"

ထို့နောက် ခပ်ညည်းညည်းဟန်ပန်ဖြင့် သူကပဲ ဆက်ပြောလိုက်ပြန်သည်။

"ကျွန်တော် ဘယ်သူ့ကိုမှ မမှုပါဘူး"

ဤစကား မှန်ပေသည်။ ဤမြင်းရုပ်နှစ်ရုပ် တစ်ဖက်၌ "ဘုရင်မ" ကိုပင် အမိဖမ်း၍ ကစားတတ်ကြသူများ ဖြစ်၏။

"ဘုရင်မကိုတောင် မမှုတဲ့ ကျွန်တော်က နယ်ရုပ်ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ လွှတ်ပေးလိုက်တာပါပဲ၊ မစိုးရိမ်ပါနဲ့ ရဲတိုက်ကြီးရှာ၊ နယ်ရုပ်ရဲ့ 'စွမ်းရည်' ဟာ ဘာမှမရှိပါဘူး"

ထိုသို့ဖြင့် သူတို့၏ဆွေးနွေးမှုသည် အပေးအယူလွဲနေသော ဆွေးနွေးမှုသာဖြစ်ခဲ့၏။ အတော်ကြာမှ ရဲတိုက်ကြီး ပြန်သွား၏။ တရွေ့ရွေ့ဝေးသွားသော ရဲတိုက်ကြီး၏ ကျောပြင်ကိုငေးကာ သူ အတွေးတွေ ကသီကဝေဖြစ်ပြီး ကျန်ခဲ့လေသည်။

(၃)

တိုက်ပွဲက ကြောက်ခမန်းလိလိ ပြင်းထန်လေသည်။အသက်ရှူတစ်ချက် မမှားရဲသော ကြမ်းတမ်းသည့် တိုက်ချက်များက စစ်တုရင်ခုံပေါ်မှာ စုန်ချည်ဆန်ချည် ဒုန်းစိုင်းသွားနေသည်။

မျှော်လင့်ထားသည့်အတိုင်းပင်။ သူတို့ဖက်မှ မြင်းရုပ်နှစ်ရုပ်က လှုပ်လှုပ်ပပနှင့် ရက်ရက်စက်စက် အစွမ်းပြလေသည်။ ပြိုင်ဘက်အရုပ်များကလည်း ထက်မြက်ကြ၏။တန်ပြန်ထိုးစစ်ကို အကြိတ်အနယ် ပစ်လွှတ်ခင်းကျင်းလေသည်။

ထိုသို့ဖြင့် တိုက်ပွဲသည် ကြည့်ကောင်းသည်နှင့်အမျှ ဘက်ညီနေသည်။ အနိုင်အရှုံးကို တွက်ဆရခက်နေသည်။ ရဲတိုက်ကြီးက သူတို့၏မြင်းရုပ်နှစ်ရုပ်ကို အကဲခတ်ကြည့်လိုက်၏။

ညာဖက်ဝင်းမှ မြင်းရုပ်ကလေးက တည်ငြိမ်ရှင်းလင်းစွာ တိုက်နေ၏။ သူ့ကိုက စိတ်ချရလေသည်။ ဘယ်ဖက်ဝင်းမှ မြင်းရုပ်ကတော့ အလျင်မြန်ဆုံးလှုပ်ရှားရင်း တိုက်စစ်ကို တစေ့ကြမ်းနှင့်

www.burmeseclassic.com



နေသည်။

တိုက်ပွဲက တစထက်တစ အဆင့်မြင့်လာချေပြီ။ ရှုပ်ထွေးနက်နဲသော ဗျူဟာအားပြိုင်မှုများဖြင့် ပရိသတ်ကိုရင်ထဲ နင့်သွားလောက်အောင် သူတို့၏စွမ်းရည်ကို ထုတ်ပြနိုင်ကြ၏။

ရဲတိုက်ကြီးကလည်း သူ့လမ်းကြောင်းမှာ အကောင်းဆုံးဖြစ်အောင် ထိုးဖောက် တိုက်ခိုက်နေ၏။ မျက်လုံးကိုဝင့်ပြီး တိုက်ပွဲတစ်ပွဲလုံးကို အကဲခတ်လိုက်သောအခါ သူ "ထိတ်ကနဲ" စိုးရိမ်သွားမိသည်။

ဘယ်ဖက် မြင်းရုပ်အနီးသို့ ရန်သူ့ဘက်မှ နယ်ရုပ်တစ်ရုပ်က မသိမသာ ချဉ်းကပ်နေချေပြီ။ စိုးရိမ်ရသော အကွာအဝေးသို့ ရောက်နေ၏။ မြင်းရုပ်ကလေးကတော့ သူ့ရှေ့မှ ဘုရင်မကို တာစူမာန်ကြွနေသည်။ ရဲတိုက်ကြီးက ထိုမြင်းရုပ်အနီးသို့ သူ့ကိုယ်သူ ရွှေ့ပြောင်းရန် အရှိန်ယူလိုက်သည်။

ထိုအခိုက်မှာပင်. . .

"အား. . ."

"ဟာ. . ."

ဘယ်ဖက်မြင်းရုပ် ကျလေပြီ။ တိတ်ဆိတ် ချဉ်းကပ်ခဲ့သောနယ်ရုပ်ကပဲ သူ့ကို တိုက်ခိုက်လိုက်ခြင်းဖြစ်၏။ ရဲတိုက်ကြီးနှင့်အတူ သူတို့ဘက်သားအားလုံးလိုလို မှင်တက်မိသွားသည်။

ညာဖက်မှ မြင်းရုပ်ကလေးက သူ့သူငယ်ချင်းလဲကျရာအနီးသို့ လွှားကနဲ ခုန်အုပ်ရောက်ရှိလာသည်။ ရန်သူ့အရုပ်များကို အစွမ်းကုန် လှိမ့်ဆင်းတိုက်ခိုက်ပစ်လိုက်ပြီး သူငယ်ချင်းဖြစ်သူ၏

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို ပွေ့ယူလိုက်၏။

ထိုအခိုက်မှာပင် ရန်သူ့အရုပ်များက သူတို့ကို အထက်စီးမှ အုပ်နိုင်ချုပ်နိုင်သွားပေပြီ။ သူတို့ဖက်မှ နှစ်ရုပ်သုံးရုပ် ထပ်ကျသွား၏။

"ဆုတ်ကြ"

ရဲတိုက်ကြီးက အက်ကွဲသောအသံဖြင့် အော်ဟစ်လိုက်ရင်း အလောင်းပိုက်ထားသော မြင်းရုပ်ကလေးကို နာကြည်းစွာ ပြုံးပြလိုက်၏။။ ထို့နောက်. . .

"ငါတို့. . . ရှုံးပြီ. . ."

အမောက်ထောင် ထိုးတက်လိုက်ပြီးမှ ဝုန်းခနဲ ခါးကျိုးကျသော ပင်လယ်လှိုင်းလုံးတစ်ခုပမာ 'အရှုံးသည် လွင့်စဉ်ကြေကွဲစွာ ရောက်လာ၏။

သေရတော့မည်ဖြစ်သော သူတို့အားလုံးက သူရဲကောင်းတေးသွားတစ်ပိုဒ်ကို သံပြိုင်အော်ဟစ် သီဆိုလိုက်ကြသည်။ ရဲတိုက်ကြီးကလည်း သီချင်းသံတွင် လိုက်ပါသီဆိုရင်း မျက်ရည်လည်လာမိသည်။

"မြင်းရုပ်ကလေးရေ. . . မင်းက နယ်ရုပ်ကလေးတွေကို အထင်သေးခဲ့တယ်။ အဲဒါ အမှားပေါ့ကွယ်။ ငါတို့ဟာ စစ်တုရင်ရုပ်တွေကွယ့်။ စစ်တုရင်ကစားတဲ့နေရာမှာ နယ်ရုပ်ဟာ 'စွမ်းရည်' အနိမ့်ဆုံးအရုပ်ဖြစ်တာ မှန်ပါရဲ့။ ဒါပေမဲ့ကွယ်. . ."

ရဲတိုက်ကြီးကို ရန်သူတွေက ဝိုင်းလိုက်ကြ၏။ ရဲတိုက်ကြီးက သူတို့ကို ဂရုမပြုတော့။ ရီဝေသော မျက်လုံးများဖြင့် အလောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဝေးနေမိသည်။

"မြင်းရုပ်ကလေးရေ. . . စစ်တုရင်ထိုးတဲ့နေရာမှာ တစ်ဖက်အရုပ်ရဲ့ 'စွမ်းရည်' ကိုချည်း ကြည့်လို့မရဘူးကွယ့်။ သူ. . . နင်းထားတဲ့ 'အကွက်'ကိုလည်း ကြည့်ရတယ်။ ခုတော့. . ."

စိန်ခေါ်ပွဲက ရှုံးခဲ့ချေပြီ. . .။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နဲ့ အသံခုနစ်ထပ်

www.burmeseclassic.com

www.burmeseclassic.com

## တနင်္ဂနွေနေ့

တနင်္ဂနွေနေ့တစ်နေ့မှာ ကျွန်တော်ဟာ ပင်လယ်ပြင်ထဲ ရောက်နေပါတယ်။ ပင်လယ်ကူး သင်္ဘောကြီးပေါ်ကနေ အဝေးကို မျှော်ကြည့်ရတာ နောက်ခံ ပေါက်ထွက်နေတဲ့ ပန်းချီကားကြီးကို ကြည့်ရသလိုပဲ။ ပင်လယ်ကြီးကို ငုံ့ကြည့်ရတာလည်း ကျွန်တော့်မှာ ဒဝေဇဝါဖြစ်ရပါသည်။ ကျွန်တော့်အောက်က ပင်လယ်ကြီးဟာ မှောက်ခုံဖြစ်နေတာလား။ ပက်လက်ဖြစ်နေတာလား၊ ကျွန်တော်ဟာ သူ့ကျောကုန်းပေါ် ရောက်နေတာလား။ ရင်ဘတ်ပေါ် ရောက်နေတာလား မကွဲပြားဘူး။

အဝေးထောင့်တစ်ခုဆီက ကောင်းကင်ဟာ ပြာပြာအက်အက်ဖြစ်နေတယ်။ လေတိုက်သံကလည်း တစ်ခါတစ်ခါမှာ ကျောက်ဆောင်တွေရဲ့ ခေါင်းဆိုးသံနဲ့ တူတယ်။ မာလိန်မှူးကြီးက . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ဘာလုပ်နေတာလဲ၊ ဟိုကောင်လေးက ရော ဟိုင်းသည်ငေးနဲ့"

သဘော်ဝမ်းဗိုက်ထဲ ခုန်ဆင်းပြီး သဘော်ရဲ့နံရိုးတွေကို ကျွန်တော် ရိုက်ချိုးပစ်လိုက်တယ်၊ မာလိန်မှူးကြီးက သဘော်ကို ရိုက်မောင်းနေတဲ့ သူ့ကြိမ်လုံးကြီးလွှတ်ချပြီး ကျွန်တော့်ဆီကို ကားရားတားရား လျှောက်လာတယ်။ ကျောက်ဆောင်ကြီးကတော့ ဘယ်သူ့ဘက်ကလည်း မသိဘူး။ လူမိုက်တစ်ယောက်လို ခပ်လှမ်းလှမ်းကနေ ခါးထောက်ပြီး ရပ်ကြည့်တယ်။

"မင်း. . . ဘာလုပ်တာလဲ"

ကျွန်တော်နဲ့ မာလိန်မှူးကြီး စကားများကြပါတယ်။ ကျွန်တော်က သဘော်နဲ့ ဆက်မလိုက်တော့ဘူး၊ ပင်လယ်ပြင်ပေါ် ခုန်ချပြီး ကိုယ့်ခြေထောက်နဲ့ကိုယ်ပဲ ဆက်လျှောက်နေလိုက်တယ်။ သဘော်ကြီးကတော့ စွပ်ဖားလှည်းကြီးတစ်စီးလို ဒရွတ်တိုက်ဆွဲပြီး ထွက်သွားတယ်။ အဲဒီစွပ်ကြောင်းကြီးကို ရှောင်နင်းပြီး မာနတွေတစ်ခွဲသားနဲ့ ကျွန်တော် ဆက်လျှောက်ခဲ့လေရဲ့"

နည်းနည်းချမ်းငွေ့ငွေ့ ဖြစ်လာလို့ ပင်လယ်ခရီး တစ်ထောက်မှာပဲ ကျွန်တော် မီးဖိုကြီးဖိုရတယ်။ တခြားလောင်စာလည်း ဘာမှ မရှိဘူး။ ပင်လယ်ကိုပဲ ရှို့ပြီးလှုံရတဲ့ မီးပေါ့။ မီးတောက် အရှိန်ကောင်းတုန်းမှာပဲ လူတစ်ယောက်ရောက်လာတယ်။ သူကလည်း ကျွန်တော့်လိုပါပဲ။ မာလိန်မှူးကြီးနဲ့ စကားများပြီး သဘော်ပေါ်က ဆင်းလာတာတဲ့။

"သူက ငါတို့ကို အလုပ်လုပ်နေတာ မမြင်ရင် သဘောမကျ

www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ”

“လုပ်စရာရှိရင်တော့ လုပ်နေတာပဲ၊ လုပ်စရာမရှိရင်တော့ မလုပ်ဘူးပေါ့”

သူက တဟဲဟဲရယ်ပါတယ်။ သူ့ရယ်သံက ပင်လယ်ပြင်ကို လွှနှင့်တိုက်ဖြတ်သလိုပဲ။ ရယ်သံအဆုံးမှာ သူက ပြောတယ်။

“ဒီလိုကွ. . . ပင်လယ်ပြင်မှာက ဘာအလုပ်မှမရှိရင် သင်္ဘောအလုပ်သမားတွေဟာ မာလိန်မှူးကို ရန်မူဖို့ စဉ်းစားနေတတ်တယ်။ အဲဒါကြောင့် သူက မင်းတို့ ငါတို့ကို တစ်ခုမဟုတ် တစ်ခု လုပ်နေစေချင်တာ”

မဲ့ပြုံးနဲ့အတူ ခေါင်းကိုခါရင်း. . .

“ကော်ဖီခါးခါးတစ်ခွက် သောက်ချင်တယ်ဗျာ”

လို့ ပြောလိုက်တယ်။

“အဲဒါဆိုရင် ကုန်းမြေရောက်တဲ့အထိ မင်း ဆက်လျှောက်ပေါ့”

လို့ ပြောတယ်။ ကျွန်တော် ဆက်လျှောက်ခဲ့ပါရဲ့။ သူကတော့ မလိုက်ဘူး။

“ကောင်းကင်ဘုံမှာ ဝင်စရာတစ်ခု ရှိသေးတယ်”

လို့ ပြောတယ်။

“လူကြုံမှာထားတာလေးတွေ ရှိသေးတယ်” တဲ့။

ကျွန်တော်တစ်ယောက်တည်း ကုန်းမြေဆီ ပြန်ခဲ့တယ်။ မိုးကို မငြိမ်းခဲ့ဘူး။ ပင်လယ်ထဲမှာ မီးကြွင်းမီးကျန်ဟာ ပိုလို့ကြောက်စရာ မဖြစ်လောက်ပါဘူး။ ကျွန်တော့်အတွက်ကတော့ တနှစ်ခွေ့ဆို

www.burmeseclassic.com



တာတာ ဖျိုးဖျိုးဖျစ်ဖျစ် မြည်ဟည်းနေတဲ့ ပင်လယ်လောင်ကျွမ်းသံ ပါပဲ။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာနေ့

ဗီသိုဗင်ဆီ ကျွန်တော်ရောက်တယ်။ ဆရာကြီး ဗီသိုဗင်ဟာ လူတစ်ယောက် သူ့ဆီပို့ပေးတဲ့ ဂီတသံစဉ်တွေကို ဖတ်နေတယ်။ ပြီးတော့လည်း ခေါင်းကြီးကို ခါရမ်းနေတယ်။

"ဘာဖြစ်လို့လဲ"

ကျွန်တော်က မေးတော့ ဆရာကြီးက မျက်နှာအိုအိုနဲ့ စာရွက်အောက်ခြေက မှတ်ချက်ကို ပြတယ်။ ရေးထားတာက (သူ့သံစဉ်ဖွဲ့စည်းမှုကို) "ဘုရားသခင်၏ အကူအညီဖြင့် ပြီးပါသည်" တဲ့။ ကျွန်တော်က ဆရာကြီးရဲ့မျက်နှာကို လှမ်းကြည့်တယ်။ ဆရာကြီးက အဲဒီမှတ်ချက်ကလေးကိုပဲ ဘဝင်မကျပုံပေါ်ပါတယ်။ ကျွန်တော်လှမ်းကြည့်တဲ့ မျက်လုံးတွေကိုလည်း သူက နားလည်တယ်။ ကျွန်တော့်ကို ရှင်းပြသလိုလိုနဲ့ တစ်ကိုယ်တည်း ညည်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



"တိုယ့်လူရယ်. . . ကိုယ့်အားကိုယ်ကိုးပါတော့လား"

ကျွန်တော် ဆရာကြီး ဗီသိုဗင်ဆီက ပြန်လာတော့ လမ်းမှာ လူတစ်ယောက်နဲ့တွေ့တယ်။ အဲဒီလူက 'တယော' တစ်လက်ကို ထမ်းလာတယ်။ ကျွန်တော့်ကို တွေ့တွေ့ချင်း ဝမ်းသာအားရနဲ့ ဆီး ပြောတယ်။

"ကျွန်တော်တောင် ဘုရားသခင်ရဲ့အကူအညီနဲ့ ဂီတသံစဉ် တစ်ပုဒ် ဖွဲ့ခဲ့သေးတယ်ဗျ၊ လေ့လာချင်ရင် လေ့လာလို့ရအောင် ဗီသို ဗင်ဆီ ပို့ထားတယ်"

"အော်. . . အဲ. . . ဟုတ်ကဲ့"

"ခင်ဗျားလည်း နားထောင်သွားပါဦးလား၊ ကျွန်တော် တီး ပြမယ်"

အမှန်တော့ ကျွန်တော့်မှာ နားထောင်ချင်စိတ် သိပ်မရှိပါ ဘူး။ ဒါပေမယ့် ခက်တာက ကျွန်တော့်မှာ အချိန်နည်းနည်း အား လပ်နေတယ်။ နွေရာသီကလည်း မရောက်သေးဘူး။ လှမ်းကြည့် တော့ တောအုပ်ရဲ့ခေါင်မိုးဟာ အညိုဖျော့ဖျော့ဖြစ်လို့။ အဲဒါနဲ့ပဲ သူ့ဘေးနားထိုင်ပြီး သူ့ဂီတကို နားထောင်နေလိုက်တယ်။

တီးကွက်အဆုံးမှာ သူက စူဇကာပုဏ္ဏားလို ပြုံးတယ်။ ကျွန် တော့်မှာ သူ့ကို လျှို့စရာ ဘာမှမရှိဘူး။ ပွင့်ပွင့်ပဲ ပြောလိုက်တယ်။

"မကောင်းဘူး"

"ဘာ. . . ဘာဖြစ်လို့တုံး"

"ခင်ဗျား. . . တယောက အခေါင်းပေါက်မှ မပါဘဲ"

သူ့တယောကမှာ အသံကို မြည်ဟိန်းစေမယ့် ခေါင်းပေါက်

www.burmeseclassic.com

www.burmeseclassic.com



မပါပါဘူး။ သစ်သားကလည်း နုတ်ရုပ်လုပ်တဲ့ သစ်သားထင်ပါရဲ့။ ကျွန်တော်က လက်မခံတော့. . .

“အင်း. . . ကျွဲပါးစောင်းတီးဆိုတာ အဲဒါမျိုးပေါ့”

ဆိုပြီး သူ ထွက်သွားပါတယ်။ ကျွန်တော့်ဘာသာ သားရေကွင်းတစ်ကွင်းကို ခြေမနှစ်ချောင်းမှာ တပ်ပြီး တီးကြည့်တော့ သူ့လိုပဲ အသံထွက်တယ်။ တနလ်ာသံလို့ ကျွန်တော်က သတ်မှတ်ခဲ့တယ်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါနေ့

"ပိုက်ဆံချမ်းသာဖို့သာ ဆန္ဒလွန်ကဲနေရင် အဲဒီလူမွဲမှာပဲ"

"ဟုတ် . . . ဟုတ်ကဲ့"

"ငါဆိုရင် တစ်နေ့ တစ်နေ့ကို ပေါင်မုန့်နည်းနည်းနဲ့ ဝိုင်နည်းနည်းနဲ့ပဲ နေတာ။ ညကြီးသန်းခေါင်လည်း အလုပ် လုပ်စရာရှိရင် ထလုပ်တာပဲ"

"အော် . . . အင်း . . . ဟုတ်ကဲ့"

"ကောင်းတာပေါ့ ဆရာရယ်"

ကျွန်တော်တို့နှစ်ယောက်သား သူ့စကားကို 'အင်း' လိုက်နေကြရပါတယ်။ သူကလည်း လေးစားစရာကောင်းတဲ့ ဝိညာဉ်တော် တစ်ခု မဟုတ်လား။ ကျွန်တော်တို့ရဲ့ အခန်းလေးထဲမှာရှိတဲ့ အမှောင် ပွပွဟာ နေရတာ ငြီးစီစီကြီး ဖြစ်စေတယ်။ ကျွန်တော့်မိတ်ဆွေရဲ့ ပန်းပုရုပ်တွေကလည်း အရေပြားတွေ တွဲကျလို့။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်လောက်ထိ ကြိုးစားရတယ် အောက်မေ့လဲ၊ ဦး ထုပ်ပေါ်မှာ ဖယောင်းတိုင်ထွန်းပြီးတော့ အလုပ်လုပ်ရတာ"

"အော်. . ."

နှစ်ယောက်သား ငေးရီနားထောင်နေရပြန်တယ်။ အတော်ကြာမှ မိုက်ကယ်အိန်ဂျလို ပြန်သွားသည်။ မိတ်ဆွေက သူ့ပန်းပုရုပ်တွေနဲ့ တွဲကတယ်။ ဘာဖြစ်လို့ ဒီလောက် ပျော်သွားရတာလဲ။ သူ့ဘာသာသူ ရယ်ရယ်ပြောပြော ပြောတယ်။

ကျုပ်အတွက် အကောင်းဆုံးနည်းစနစ်တစ်ခု ရလိုက်တယ်။ ကျုပ်လည်း ဦးထုပ်မှာ ဖယောင်းတိုင်ထွန်းပြီး ပန်းပုထုရမယ်။ အင်းတစ်ခုပဲ. . . ဖယောင်းတိုင်ထွန်းလို့ရမယ့် ဦးထုပ်ကို ကျုပ် ရှာရမယ်"

ကျွန်တော်ကတော့ ပါးစပ်အဟောင်းသား ဖြစ်မိတာပေါ့။

"မဟုတ်သေးပါဘူး။ သူက သူ့ခေတ်အခြေအနေအရ လုပ်တာ။ ခု ခင်ဗျားခေတ်မှာက အဲလိုလုပ်စရာမှ မလိုဘဲ။ လျှပ်စစ်မီးရှိနေတာပဲ"

"လျှပ်စစ်ရှိရှိ မရှိရှိဗျာ၊ ဖယောင်းတိုင်ရှိဖို့ အရေးကြီးတယ်။ နေဦး ကျုပ် ဦးထုပ်သွားရှာဦးမယ်"

သူ အခန်းပြင်ကို ထွက်သွားပါတယ်။ ကျွန်တော်က ခန္ဓာကိုယ်ကို အပျင်းဆန့်ရင်း သူ့အတွက် စိတ်မသက်မသာ ဖြစ်နေမိတယ်။ ဦးထုပ်ပေါ် ဖယောင်းတိုင်ထွန်းပြီး ပန်းပုထုဖို့ဆိုတာက သိပ်တော့ ခက်ခဲမှာမဟုတ်ပါဘူး။ ဒါပေမယ့် မဖွယ်မရာဖြစ်နေတာက လျှပ်စစ်မီးရှိနေတယ်။ ပိုဆိုးတာက သူ့ခေါင်းအထက်မှာ မည်းမည်းနက်တာကြီးလည်း ရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



နွေဦးရာသီကလည်း မရောက်သေးဘူး၊ ပန်ကာကြီးကို ကျွန်တော် မော့ကြည့်မိတယ်။ ဟီးဟီးဟဲဟဲနဲ့ ဟင်းလင်းပြင်ကို ထိုးခွဲ လည်ပတ်နေတယ်။ အောက်ဆင်းလာပြီး ပန်းပုရုပ်တွေနဲ့ တွဲကလိုက် တယ်။ ပြီးတော့မှ မျက်နှာကျက်ပေါ် ပြန်တက်ပြီး ဖောက်ထိုးကြီး ဆက်လည်နေတယ်။

သူကလည်း ပျော်တယ်လေ။ ထိုလူက ဦးထုပ်ပေါ်မှာ ဖယောင်းတိုင်ထွန်းလိုက်၊ သူက လေနဲ့ လှမ်းငြိမ်းလိုက် ဆော့ရမှာ ကိုး။ ပန်ကာကြီးရဲ့ ရယ်သံကို ကျွန်တော် နားနဲ့ ဆက်ဆက်ကြားရ တယ်။ ပြက္ခဒိန်ကို လှည့်ကြည့်ပြီးမှ ဒီရယ်သံဟာ အင်္ဂါသံလို့ သိလိုက် တယ်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးနေ့

ကျောက်တုံးတွေကို ကျွန်တော် တွန်းချလိုက်တယ်။ ဝရုန်းသုန်းကား လိမ့်ဆင်းသွားတဲ့ ကျွန်တော်ဟာ နောက်ဆုံးမှာ တစ်စုံတစ်ယောက်ပေါ်ပိလို့။

သူက ကျွန်တော့်ကို စိတ်မဆိုးပါဘူး။

"တွေ့ရတာ ဝမ်းသာပါတယ်" လို့ နှုတ်ဆက်တယ်။ ကျွန်တော်လည်း ကိုယ်ပေါ်က မြေစေး၊ မြေဖက်တွေကို ခွာချရင်း . . .

"ကျွန်တော် တော်တော်နာသွားတယ်"

သူက ကျွန်တော့်စကားကိုလည်း စိတ်မဝင်စားပါဘူး။

"ဟော. . . မြူနှင်းတွေ အုံ့လာပြီ"

မြူတွေ၊ နှင်းတွေကလည်း တကယ်အုံ့လာကြတယ်။ သူ့ခေါင်းပေါ်ကလမင်းကို မော့ကြည့်ပြီး . . .

"ခင်ဗျား. . . ဘယ်က ပြုတ်ကျလာတာလဲ [illegible]"

www.burmeseclassic.com

www.burmeseclassic.com



"သိတယ်လေ၊ ဟို တောင်ပေါ်က"

သူက ခေါင်းခါပါတယ်။

"မဟုတ်ဘူးဗျ၊ လမင်းပေါ်က ပြုတ်ကျလာတာ"

သူ့မျက်နှာကြည့်တော့လည်း တည်တည်ကြည်ကြည်မို့လို့ ကျွန်တော်လည်း မဝေခွဲတတ်ဘူး၊ ကိုယ့်ဘာသာ မရေမရာ ဖြစ်သွားတယ်"

"ဟုတ်လား၊ ကျွန်တော် မနေ့က လမင်းပေါ်တက်သွားမိတယ် ထင်တယ်"

သူက တခစ်ခစ်ရယ်သည်။

"လရောင်အောက်မှာ ကျွန်တော် သီချင်းစပ်နေတာ"

ဟုတ်လား. . . ဘာသီချင်းများလဲ"

သူ့ သီချင်းစာရွက်ပေါ်က ဂီတသင်္ကေတအရ သံစဉ်အတော် လှပလိမ့်မယ်။ ဒါပေမဲ့ စာသားတွေကိုဖတ်ရင်း မြူနှင်းထဲက သွေးညှီနံ့ရတယ်။ ကျိန်စာတွေကို ဂီတသံထည့်ထားတာကိုး။ သာယာတဲ့ တေးသွားဖြစ်လာမယ်လို့ မယူဆရဲဘူး။

"ခင်. . . ခင်ဗျား စာသားတွေက"

"ဘာဖြစ်လို့လဲ"

"အနိဋ္ဌာရုံ ဆန်လှချည်လားဗျာ"

သူက တခစ်ခစ်ရယ်ပြန်ပါတယ်။ 'ကျိန်စာဟာ ကောင်းချီးသြဘာမဟုတ်' ဆိုတဲ့စကားကို ဂါထာလို ခုနစ်ခေါက် ရွတ်ပြန်ရဲ့။

ပြီးမှ . . .

"အနိဋ္ဌာရုံဆန်တာ ဘာဖြစ်လဲဗျာ၊ ခင်ဗျားတောင် ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော့်ပေါ် ပြုတ်ကျလာသေးတာပဲ"

အဲဒီအချိန်မှာပဲ ရှေးခေတ်မြင်းလှည်းကြီး တစ်စီးကို မြူတွေထဲမှာ မြင်လိုက်ရပြီး သူတက်သွားတယ်။ အဲဒီမြင်းလှည်းကြီး တအီအီ ပျောက်ကွယ်သွားတဲ့အထိ ကျွန်တော် အော်ကြီးဟစ်ကျယ် ငေးကြည့်နေခဲ့တယ်။ မြင်းလှည်းအီသံကိုတော့ အတော်ကြာတဲ့အထိ ကြားနေရတုန်းပဲ။ ဗုဒ္ဓဟူးသံအဖြစ် ကျွန်တော့်နားထဲကို ရှာချလာတယ်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးနေ့

အဲဒီလိုနဲ့ ကျွန်တော်လည်း ခဏခဏ ဆေးခွက်မှောက်ခဲ့တယ်။ ဘဝမျက်နှာစာဟာ နီလိုက်၊ ဝါလိုက်၊ ပြာလိုက်၊ တစ်နေ့မှာ (အဲဒီနေ့ဟာ ကြာသပတေးနေ့ ဖြစ်တယ်) ရုပ်တုထုသူ တစ်ယောက်ဆီ သွားရတယ်။ စီးပွားရေးမှာ အင်မတန်ထူးချွန်ပြီး သူတစ်ယောက်တည်းက အာရှရဲ့ ဆင်္ဒမကျားဖြစ်ချင်နေတဲ့ အာရှကျားငါးကောင်ဟာ သူနဲ့ပေါင်းရင် အာရှကျားခြောက်ကောင် ဖြစ်သွားနိုင်တယ်ဆိုတဲ့ (ကျွန်တော်ကတော့ ဘယ်ကျားကိုမှ သူ့လိုမျိုး နှုတ်ခမ်းရဲရဲနဲ့ မမြင်ဘူးပါဘူး) မိတ်ဆွေကြီး တစ်ယောက်က အဖော်ခေါ်လို့ လိုက်သွားရတာပါ။

ဟိုရောက်တော့ ကျွန်တော့်မိတ်ဆွေကြီးနဲ့ ရုပ်ထုပညာရှင်တို့ စကားတော်တော် ပြောကြရပါတယ်။ ဘောဘီလုံခေါင်က ရွက်ဖျင်တဲတစ်ခုထဲမှာ မီးခိုးရနံ့တွေ ပြန့်ကြဲရင်းပေါ့။ ကျွန်တော်ကတော့

www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ဆိတ်ဆိတ်။ သူတို့နှစ်ယောက်ရဲ့ အနားမှာ မြေအင်တုံ အကွဲကြီးလို အိပ်လို့။

ကျွန်တော့်မိတ်ဆွေက ပြောတယ်။

"ခင်ဗျား ဆယ်ရက်တည်းထုရတဲ့ အရုပ်ပဲဗျာ။ ငွေ ဒီလောက်အများကြီးတောင်းတာ ဘယ်တန်မလဲ"

ရုပ်ထုပညာရှင်က ဘာမှပြန်မပြောဘူး။ စားပွဲပေါ်မှာ စားဖိုမှူးက စားသောက်ဖွယ်ရာတွေ လာချတယ်။ စားဖိုမှူး လှည့်ထွက်သွားပြီးမှ. . .

"ခင်ဗျား မေ့နေလို့ပါ။ ဒီလိုရုပ်တုကို ဆယ်ရက်နဲ့ပြီးအောင် ထုနိုင်ဖို့ ကျွန်တော် နှစ်(၃၀)လောက် လေ့လာခဲ့ရတယ်"

အဲဒီစကားကြောင့် ကျွန်တော် နိုးသွားပါတယ်။ ကျွန်တော့်မိတ်ဆွေကြီးကတော့ အိပ်ချင်မူးတူးဖြစ်သွားပုံ ရတယ်။

"ဟုတ်လား၊ ဆယ်ရက်နဲ့ပြီးအောင် နှစ်(၃၀) ကျင့်ခဲ့ရတယ်ဆိုတော့ တစ်ရက်နဲ့ပြီးအောင်ဆိုရင် ဘယ်နှနှစ် ကျင့်ရမလဲ"

ရုပ်တုပညာရှင်က ဘာမှပြန်မပြောဘူး။ ဒါပေမဲ့ ကျွန်တော့်နားတွေ အူသွားတယ်။ ဟိုးအဝေးကြီးဆီက ပျံ့လွင့်လာတဲ့ ချပ်တူအသံတွေကို ကြားလိုက်ရသလိုပဲ။ ကျွန်တော့်မိတ်ဆွေကြီးဟာ မျက်လုံးတွေမှေးစင်းပြီး အိပ်ပျော်သွားပါတယ်။ ကျွန်တော်ကတော့ ကာမူးမူးထိုး ထရပ်မိ. . .။

စားဖိုမှူးက ဘာမှမသိသလိုပဲ။ ဘာမှကြားပုံလည်း မပေါ်ဘူး။ စဉ့်နှီတုံးကို ဓားနဲ့ တဒုတ်ဒုတ်ခုတ်နေတယ်။ အဲဒီအသံက

www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးနေ့ရဲ့အသံ ဖြစ်လာတယ်။

"ဒုတ်. . . ဒုတ်. . . ဒုတ်. . . ဒုတ်. . . ဒုတ်"

*****

www.burmeseclassic.com

www.burmeseclassic.com

## သောကြာနေ့

ကျွန်တော့်ကို ဘယ်သူက မျက်လှည့်ပြလိုက်တာလဲ၊ မေးလို့လည်း မရပါဘူး၊ ဆာဝေါ်လ်တာစကော့ဆီကို သွားလိုက်တယ်။

"ဒေါက်. . . ဒေါက်"

ကျွန်တော် တံခါးခေါက်လိုက်တော့ ဆာဝေါ်လ်တာစကော့က အထဲက ပြန်အော်တယ်။

"တံခါးတပ်မထားဘူး"

ကျွန်တော်ဝင်သွားတော့ သူ မုတ်ဆိတ်ရိတ်နေတယ်။ သူ့ပါးမှာလည်း သူ့ရဲ့အချစ်တော် ခွေးက ဝပ်နေတယ်။ သူ့စာအုပ်ထူကြီးကို ကျွန်တော် ခလုတ်တိုက်တော့. . .

"အဲဒီစာအုပ်တွေကို သံနဲ့ သေသေချာချာ ရိုက်ဦးမယ်" လို့ ပြောတယ်။ ပြီးတော့ သူ့ခွေးကိုပါ မုတ်ဆိတ်ရိတ်ပေးဖို့ ပြင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ. . .

"ဒေါက်. . . ဒေါက်"

အဘိုးကြီး ဝေါ်လ်တာစကော့က ပြန်အော်တယ်။

"မင်းကိုယ်မင်း တံခါးပေါက်ထဲ သွင်းလိုက်လေ"

သူ့စကားအဆုံးမှာ အခန်းထဲကို လူတစ်ယောက် ရောက်လာပါတယ်။

"ဆရာကြီး. . . ဆရာကြီးကို ကျွန်တော် လာနှုတ်ဆက်တာ"

"အေး. . . ဘာဖြစ်လို့တုံးကွ"

"ကျွန်တော် ပညာစုံပြီ ဆရာကြီးရေ၊ အဲဒီအတွက် ဆရာကြီးကိုလည်း သတိရလို့"

အဘိုးကြီး ဝေါ်လ်တာစကော့က ပါမောက္ခကြီးတစ်ယောက်လို ပညာရှိပါတယ်။ ပညာကလည်း တစ်ခါတစ်ခါမှာ အဘိုးအို အသွင် ရုပ်ဖျက်နေတတ်တယ် မဟုတ်လား။ အဲဒီလူရဲ့စကားကြောင့် အဘိုးကြီး 'လေခို' သွားတယ်"

"အော. . . မင်း ပညာစုံပြီလား"

"ဟုတ်တယ်. . . ဆရာကြီး"

"ကောင်းတယ်၊ ကောင်းတယ်" လို့ မပြောပါဘူး။

"မကောင်းဘူး. . . မကောင်းဘူး" လို့လည်း မပြောဘူး။ သူ့ခွေးကို အောင်မြင်စွာ မှတ်ဆိတ်မရိတ်နိုင်တဲ့အတွက်ကြောင့် အဘိုးကြီး စိတ်ရှုပ်နေတယ်။ ပြီးမှ သူ့ခွေးမှာ မှတ်ဆိတ်မရှိတာကို သူတွေ့တယ်။ အဘိုးကြီးပျော်သွားတယ်။ အဲဒီလူဘက်လှည့်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ အခုမှ စ,ကာစရှိသေးတယ်ကွ၊ မင်းက စုံလာပြီ ကိုး"

အဲဒီလူ ဘာပြန်ပြောရမလဲ မသိ ဖြစ်သွားတယ်။ သူ့မျက်နှာပေါ်က အပြုံးဟာ လေနဲ့ အမှုတ်ခံလိုက်ရသလို လွင့်သွားတယ်။ ကျွန်တော်ကတော့ လိုက်ကြည့်နေမိလေရဲ့။ အဲဒီအပြုံးဟာ ဘယ်သူ့ မျက်နှာပေါ်မှာ သွားစွပ်မိဦးမလဲလို့။ သူ လွင့်လေရာ တောက် လျှောက်ကို လိုက်ကြည့်နေလိုက်တယ်။ 'ဖူး'ခနဲ လေမှုတ်သံကိုလည်း နွေးခနဲ ကြားယောင်နေတုန်းပဲ။ သေချာတယ်. . . အဲဒါ သောကြာ သံပေါ့။

*****

www.burmeseclassic.com

www.burmeseclassic.com

စနေနေ့

(အသံတွေ ကြားမှာ) ဆူဆူညံညံနဲ့ပဲ တိတ်ဆိတ်ယူရတယ်။ တနင်္ဂနွေသံ၊ တနင်္လာသံ၊ အင်္ဂါသံ၊ ဗုဒ္ဓဟူးသံ၊ ကြာသပတေးသံ၊ သောကြာသံ၊ နတ်ဆိုးတွေ ဗုံတီးသလို ညံလို့။ ကျွန်တော့်ကိုယ် ကျွန်တော် နွားကျောင်းထားလိုက်တယ်။ ကြိုးရှည်ရှည်လှန်လို့။

နေ့ခင်းကြောင်တောင်ကြီး မီးအိမ်ဆွဲလာတဲ့ လူတစ်ယောက်ကို တွေ့တယ်။ ပထမတော့ ဒိုင်အိုဂျီးနီးစ်လို့ ထင်လိုက်တာ။ နောက်မှ မဟုတ်မှန်းသိတယ်။ အဲဒီလူဟာ ကျွန်တော်နဲ့ အသက်သိပ်မကွာလှဘူး။ ကကြီး၊ ခခွေးတွေ ပေနေတုန်းရှိသေးတယ်။

"ဘယ်လိုလဲ. . . ခင်ဗျားက ဒိုင်အိုဂျီးနီစ်ကို အတော်သဘောကျလို့လား"

ကျွန်တော်က အော်မေးတော့ သူက ခေါင်းရမ်းပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . ကျုပ်က 'လက်ဆင်း' ကို သဘောကျတယ်"

"အော်. . . ဟုတ်ပြီ၊ ကျွန်တော်လည်း ကြားဖူးတယ်၊ သူ့စကားတစ်ခွန်းက အတော် ကမ္ဘာကျော်ခဲ့တာပဲနော်"

"ဟုတ်တယ်. . .၊ 'မှားချင် မှားပါစေ. . . ကိုယ့်ဦးနှောက်နဲ့ ကိုယ်လုပ်' ဆိုတဲ့ စကားက သိပ်မှန်တဲ့စကားပေါ့၊ ကျွန်တော့် လက်သုံးစကားပဲ"

ကျွန်တော်တို့နှစ်ယောက်စလုံး ရယ်မောလိုက်ကြသည်။ ကျွန်တော်နဲ့သူဟာ အသွင်တူမယ့်ပုံ ရှိတယ်လို့ ထင်စရာပဲ။ ကျွန်တော်က မှိတ်တုတ်မှိတ်တုတ် မေးလိုက်တယ်။

"ဒါနဲ့ နေပါဦး၊ နေ့ခင်းကြောင်တောင် မီးအိမ်ကြီးနဲ့ ခင်ဗျားက ဘာရှာနေတာတုံး"

". . . . . . . ."

ကျွန်တော်ပြုမိတဲ့ အသံပါပဲ။ အချိန်မီ မျိုသိပ်လိုက်နိုင်လို့ အပြင်ကို ညံမထွက်ဘူး။

ဒါပေမဲ့ ကျွန်တော့်ရင်ဘတ်ထဲက စိမ့်ဖောက်ထွက်ပြီး စကြဝဠာအထိ ပဲ့တင်မြည်ဟည်းတယ်။ ၄. . . /၃. . . /၂. . . /၁. . . /၀. . . /. . . ။

အဲဒါ စနေသံပေါ့။ နှစ်ပေါင်းများစွာ လွင့်ပျံကြားသောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



ရလိမ့်မယ် ထင်ပါရဲ့။ နွေဦးမရောက်ခင်မှာပဲ။
ပင်လယ်ဆီ ကျွန်တော် ပြန်ခဲ့ရတယ်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# သတင်းနှင့် သင်္ချာ

www.burmeseclassic.com

www.burmeseclassic.com

(၁)

အိုမင်းသော်လည်း စိမ်းညို့သည့် သစ်ပင်ကြီးတစ်ပင် အောက်မှာ တွေ့ရှိခဲ့ကြစဉ်က ဖြစ်သည်။ ဘုန်းတော်ကြီးက 'ဂမ္ဘာ' ကို ဆုံးမစကားဆို၏။

"မင်း. . . ဟိုနေ့က မူးပြီး ရမ်းတယ်ဆို"

"ဟို. . . တစ်ခါတစ်လေပါ. . .။ ပေါက်ကွဲသွားလို့ပါ"

"မဖြစ်သင့်ဘူး"

"တင်ပါ့ဘုရား"

"မူးတာလည်း မကောင်းဘူး၊ ရမ်းတာလည်း မကောင်းဘူး"

"တင်ပါ့ဘုရား တပည့်တော် ဆင်ခြင်ပါ့မယ်။ ဒီလိုသတင်း မျိုး ထပ်မကြားစေရတော့ပါဘူး"

ဘုန်းတော်ကြီးက တည်ကြည်စွာ ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဆင်ခြင်မှုဖြစ်မယ်။ သတင်းဆိုတာက အင်မတန် ပျံ့လွယ်တယ်"

"တင်ပါ့"

"အဲဒီသတင်းကို ကြားရတဲ့သူတစ်ယောက်က ငါးမိနစ်အတွင်း နောက်နှစ်ယောက်ကို ပြန်ပြောတယ်ဆိုပါစို့၊ အဲဒီနှစ်ယောက် အဲဒီနှစ်ယောက်ကလည်း အဲဒီလိုပဲ နောက်ထပ် ပြန်ပြောမယ်ဆိုပါစို့၊ အဲဒီသတင်းကို တစ်နာရီအတွင်းမှာ လူရှစ် ထောင်ကျော် သိသွားနိုင်တယ်"

"ဗျာ"

"မင်း. . . မယုံဘူးလား"

"ဘုန်းတော်ကြီးက မြေပြင်ပေါ်မှာ တုတ်နဲ့ ရေးခြစ်ပြကာ သူ၏သတင်းသင်္ချာကို တွက်ချက်ရှင်းလင်းပြ၏။

"ဒီမှာကြည့်. . . မင်း ရှင်းသွားအောင်"

www.burmeseclassic.com

www.burmeseclassic.com



| အစ | ၁ | ကိုယ့်လုပ်ရပ် |
|---|---|---|
| ၅မိနစ် | ၁×၂=၂ | ၁=၂+(သိ) |
| ၁၀ မိနစ် | ၂×၂=၄ | ၃+၄=၇ |
| ၁၅ မိနစ် | ၄×၂=၈ | ၇+၈=၁၅ |
| ၂၀ မိနစ် | ၈×၂=၁၆ | ၁၅+၁၆=၃၁ |
| ၂၅ မိနစ် | ၁၆×၂=၃၂ | ၃၁+၃၂=၆၃ |
| ၃၀ မိနစ် | ၃၂×၂=၆၄ | ၆၃+၆၄=၁၂၇ |
| ၃၅ မိနစ် | ၆၄×၂=၁၂၈ | ၁၂၇+၁၂၈=၂၅၅ |
| ၄၀ မိနစ် | ၁၂၈×၂=၂၅၆ | ၂၅၅+၂၅၆=၅၁၁ |
| ၄၅ မိနစ် | ၂၅၆×၂=၅၁၂ | ၅၁၁+၅၁၂=၁၀၂၃ |
| ၅၀ မိနစ် | ၅၁၂×၂=၁၀၂၄ | ၁၀၂၃+၁၀၂၄=၂၀၄၇ |
| ၅၅ မိနစ် | ၁၀၂၄×၂=၂၀၄၈ | ၂၀၄၇+၂၀၄၈=၄၀၉၅ |
| ၆၀ မိနစ် | ၂၀၄၈×၂=၄၀၉၆ | ၄၀၉၅+၄၀၉၆=၈၁၉၁ |

www.burmeseclassic.com

www.burmeseclassic.com



လူဆိုသည်မှာ ပတ်ဝန်းကျင်နှင့်နေရကြောင်း 'ဂမ္ဘာ'သိပါသည်။ သို့သော်လည်း သတင်းတို့၏ ပျံ့အားသည် ဤမျှ ပြေးလွှားသွားနိုင်ကြောင်းကိုတော့ မတွေးမိခဲ့။

လန့်သွားမိသည်နှင့်အမျှ ရှက်သလို ခံစားလိုက်ရသည်မှာလည်း သေချာသည်။ ထို့ကြောင့် လေးနက်စွာ. . .

"တင်ပဲ့၊ နောက်မဖြစ်စေရတော့ပါဘူး ဘုရား"

(၂)

နောက်ပိုင်းရက်များတွင် ဂမ္ဘာသည် မကောင်းမှုများ မလုပ်မိရန် ထိန်းသိမ်းဆင်ခြင်ခဲ့၏။ မတော်တဆမျှပင် မဖြစ်စေခဲ့ရ။ သို့တွင်မကသေး၊ ကောင်းမှုတစ်ခုကိုပင် သူ လုပ်ခဲ့လေ၏။ ထိုကောင်းမှုကို (X) ဟု ဆိုကြပါစို့။

သူ့ကောင်းမှုအကြောင်းကို ဂမ္ဘာသည် မည်သူ့ကိုမျှ မပြောပြချေ။ သူက ကောင်းတာလုပ်လုပ် ဆိုးတာလုပ်လုပ် သူ့အကြောင်းကို လူမသိစေချင်သူ ဖြစ်၏။

သို့သော် ဘုန်းတော်ကြီး၏သတင်းသချာကို ပြန်တွေးမိသောအခါ ခိုးလိုးခုလုပြုံးဖြစ်၏။ သူနှင့် သူ၏ကောင်းမှု (X) အကြောင်းကိုလည်း လူတွေ ပြောနေကြဦးမည်။

မြို့ထဲ ထွက်ခဲ့၏။ လူအချို့၏စကားဝိုင်းတစ်ခုကို ကြားသည်။ ထိုသူများသည် ကောင်းမှု (Y,Z) တို့အကြောင်းကို ပြောနေကြခြင်းဖြစ်၏။ ဆက်စပ်နေသောကြောင့် သူ၏ကောင်းမှု (X) အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ပြောလာမည်စိုးသဖြင့် ထထွက်လာခဲ့၏။

နောက် စကားဝိုင်းတစ်ခုမှာတော့ ကောင်းမှု (V,W) များ အကြောင်းကို ပြောနေကြသည်။ ဤစကားဝိုင်းတွင်တော့ ထထွက်၍လည်းမရသဖြင့် အနေကြပ်ပြီး ငြိမ်းစီးနေခဲ့သည်။

စကားဝိုင်းသည် ကောင်းမှု (X)ဆီ ရောက်သွား၏။ အသေးစိတ်လည်း ပြောကြသည်။ အကျယ်တဝင့်လည်း ပြောကြသည်။ သို့သော် သူ့အကြောင်းတော့ မပါချေ။ ထူးဆန်းနေသည်က ထိုကောင်းမှု (X) ကို ပြုလုပ်သူသည် သူဖြစ်ကြောင်း သိပုံပင်မရ။

အံ့အံ့သြသြဖြင့် တစ်ခွန်း ဝင်ပြောလိုက်မိသည်။

"အဲဒါ ကျွန်တော်လုပ်ထားတာပဲ"

အားလုံး၏မျက်လုံးများက သူ့မျက်နှာပေါ် စိုက်ကျလာကြသည်။ ရှည်ရှည်ဝေးဝေးလည်း ဆက်ပြောချင်စိတ် မရှိပါ။ သူ့ဘာသာစာတစ်အုပ် ထုတ်ဖတ်နေလိုက်၏။

အိမ်ပြန်ရောက်မှ သတင်းသချ်ာကို အမှတ်ရပြီး ပြုံးမိပြန်သည်။ ဘုန်းတော်ကြီးနှင့်တွေ့လျှင် ပြောပြရဦးမည်။

(၃)

သို့သော် တွေ့လျှင်တွေ့ချင်း ဘုန်းတော်ကြီးကပင် သူ့ကိုဆုံးမပြန်သည်။

"ဟိုတစ်ခါတည်း မင်းကို ငါပြောပြီးပြီ။ လူတွေ ပါးစပ်များမှာ သတင်းဆိုတာက တံလျှပ်တွေလို တဖျတ်ဖျတ် ပျံသွားနေတာ။

www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ ဆင်ခြင်ပါစို့"

သူ. . . အံ့သြနေမိ၏။

"ဘာဖြစ်လို့လဲ ဘုရား"

"မင်းက ကောင်းမှု (X)ကို မင်းလုပ်တာပါဆိုပြီး ကိုယ်ရည်လိုက်သွေးနေတယ်ဆို၊ လျှောက်ကြွားနေတယ်ဆို. . . မဏ္ဍာပ်တိုင်ပေါ်မှာ လျှာကို အလံထူနေတယ်ဆို"

"ဗျာ. . . တပည့်တော်"

"ဘာမှ ပြောမနေနဲ့တော့ မင်းဟာ အသုံးကိုမကျဘူး"

"ဟို. . . ဒီလိုလေ. . . ဟို"

"မင်းကို သေသေချာချာ ငါ ရှင်းပြခဲ့ပြီးပြီ။ သတင်းဆိုတာ သချ်ာအချိုးအစားနဲ့ ပံ့ပါတယ်လို့"

ဘုန်းတော်ကြီးက မြေပြင်ပေါ်တွင် တုတ်နှင့်ခြစ်ကာ သတင်းသချ်ာကို ထပ်တွက်ပြရန် ပြင်၏။ ဂမ္ဘာ့စိတ်ထဲတွင် တွေဝေ ရှုပ်ထွေးလျက် ရှိလေသည်။

ဘယ်လို ဖြစ်တာပါလိမ့်. . . ။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# နှာ ရီဟန်ချက်ဥပဒေသ

www.burmeseclassic.com

www.burmeseclassic.com

“ဒေါက်. . . ဒေါက်”

တံခါးခေါက်သံ ထွက်ပေါ်လာ၏။ ဂမ္ဘာက တံခါးဖွင့်ပေးလိုက်သည်။ လူတစ်ယောက် ပျာယီပျာယာဝင်လာ၏။ သူ့ကို မျက်လုံးပြူးဖြင့် ကြည့်ကာ. . .

“ဒေါက်တာ ဂမ္ဘာပါလား ခင်ဗျာ”

“ဟုတ်ပါတယ်”

“အို. . . တွေ့ချင်လွန်းလို့ ဝင်လာနှုတ်ဆက်တာပါ၊ ဒေါက်တာလို လူမျိုးရှိတာ လူသားအားလုံးအတွက် ကျေးဇူးကြီးလှပါတယ်”

သူ့ကို အထပ်ထပ် လက်ဆွဲနှုတ်ဆက်ကာ ထိုပုဂ္ဂိုလ် ပြန်ထွက်သွား၏။ ဂမ္ဘာက တံခါးပြန်ပိတ်ကာ အခန်းထဲ ပြန်လှည့်ဝင်ခဲ့သည်။

ထိုစဉ် အချိန်မှာပဲ . . .

“ဒေါက်. . . ဒေါက်”

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက် တံခါးလာခေါက်ပြန်သည်။ ဖွင့်ပေးိုက်တော့ စီးပွားရေးသမားပုံစံရှိသော လူတစ်ယောက် ဝင်လာသည်။

"ဒီ. . . ဆုတံဆိပ်ကို လက်ခံပါခင်ဗျာ"

"အို. . . နေပါဦး၊ ဒီမှာ အရမ်းများနေပြီ"

"မငြင်းပါနဲ့ ဒေါက်တာရယ်၊ ကျွန်တော်တို့အဖွဲ့အစည်းကို ဂုဏ်ပြုသောအားဖြင့် ဒီဆုတံဆိပ်ကို လက်ခံပါ"

ဂမ္ဘာက အားနာတတ်သည်။ ငြင်းရခက်လာသဖြင့်. . .

"အင်း. . . ဒါဖြင့်လည်း ထားခဲ့လေ"

"ကျေးဇူးပါပဲ ဒေါက်တာ. . . ကျေးဇူးပါပဲ"

ဆုတံဆိပ်ကို ထားခဲ့ကာ. . . ထိုလူ ပျော်ရွှင်စွာ ပြန်ထွက်သွား၏။ တံခါးပြန်မပိတ်ရသေးခင်မှာ ပညာရှင်ပုံပေါက်သော ဆံပင်ဖြူဖြူ အဘိုးအိုတစ်ယောက် ရောက်လာပြန်သည်။

"ဂမ္ဘာဆိုတာ မင်းလား. . ."

အဘိုးအိုက လေသံမာမာဖြင့် မေး၏။

"ဟုတ်. . . ဟုတ်ပါတယ်"

အဘိုးအိုက အခန်းထဲမှဆုတံဆိပ်များ၊ ဂုဏ်ပြုလက်မှတ်များကို တပြန့်တကျဲလိုက်ကြည့်၏။ ပြီး. . . ဂမ္ဘာ့မျက်လုံးထဲကို စိုက်ကြည့်ကာ. . .

"ဒီနေ့မနက်ကပဲ တက္ကသိုလ် တော်တော်များများက ဒေါက်တာဘွဲ့ ဝိုင်းပေးခဲ့ရတဲ့ ဂမ္ဘာဆိုတာ မင်းနော်၊ သေချာတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ခင်ဗျာ၊ သေချာပါတယ်၊ ကျွန်တော်ပါပဲ၊ ဆရာကြီး ထိုင်ပါဦးလား"

အဘိုးအိုက မထိုင်ချေ။ သူပြောချင်သော စကားများကိုသာ ဆက်ပြော၏။

"မင်းက ဒီဒေါက်တာဘွဲ့ကို သင်္ချာဥပဒေသတစ်ခု ထုတ်ပြန်ပြီး ရတာဆို"

"ဟုတ်ပါတယ်"

"တက္ကသိုလ်တွေကတင် မကဘူး၊ ကြားရတဲ့လူတိုင်းက မင်းရဲ့ဥပဒေသကို အရမ်း သဘောကျကြတယ်ဆို"

"ဟုတ်ကဲ့၊ အဲဒီအတိုင်း ဖြစ်နေတာပါပဲ"

အဘိုးအို၏မျက်နှာထားက တင်းမာသွားသည်။ အထက်စီးလေသံနှင့် ဆက်မေး၏။

"ဆိုစမ်းပါဦး၊ မင်းရဲ့ သင်္ချာဥပဒေသက ဘာနည်းမည်တုံး၊ ဘယ်လို ခေါ်သလဲ"

"နာရီဟန်ချက် ဥပဒေသလို့ ခေါ်ပါတယ်"

အဘိုးအိုက မျက်မှောင်ကြုတ်သွား၏။

"နာရီဟန်ချက် ဥပဒေသ ဟုတ်လား"

"ဟုတ်ပါတယ်"

"အချိန်နဲ့ပတ်သက်သော သင်္ချာသဘောတရားများကိုတော့ ဒဿနတွေကို ငါ အတွဲလိုက် ရေးထုတ်ခဲ့တာကွ၊ မင်းတို့တော်ခါမှ ကြားဖူးပါဘူး၊ ဆိုစမ်းပါဦး. . . မင်းရဲ့ ဥပဒေသက ဘာတို့ ဖွင့်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

ထိုအချိန်မှာပဲ သတင်းထောက်များ ရောက်လာသည်။ ဘာစကားမှမပြောခင် ဂမ္ဘာ့ကို ဓာတ်ပုံတဖျတ်ဖျတ် ဝိုင်းရိုက်ကြ၏။ ပြီးမှ သတင်းထောက်တစ်ယောက်က . . .

"ဒေါက်တာရဲ့ ဥပဒေသကို ရှင်းပြပါဦး ခင်ဗျား"

ဂမ္ဘာက အဘိုးအိုကို မျက်လုံးတစ်ချက်ဝင့်ကြည့်ကာ သတင်းထောက်များဆီ ဦးတည်ရှင်းပြလိုက်၏။

တိုင်ကပ်နာရီကြီးတစ်လုံးကို လက်ညှိုးညွှန်ကာ ရှင်းပြခြင်းဖြစ်၏။

"ဒီလိုလေ. . . နာရီဆိုတာ အင်မတန်တိကျတဲ့ အရာပဲ။ လောကကြီးဟာ သူ့ရင်ဘတ်မှာ နာရီကိုကပ်ပြီး လည်ပတ်နေရတာ၊ နာရီရဲ့တိကျမှုကို မှီခိုပြီး လူတွေဟာ အလုပ်လုပ်နေကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဒေါက်တာ"

"အဲဒီလို တိကျလှတဲ့နာရီမှာတောင် လွဲချော်မှုရှိတယ်၊ တိကျသော လွဲချော်မှုဖြစ်တယ်"

"ဟုတ်ကဲ့. . . ရှင်းပါဦး ဒေါက်တာ"

"မိနစ်တံနဲ့ နာရီတံဟာ တစ်နာရီမှာ တစ်ကြိမ်ထပ်လျက်ကျတယ်။ ၂၄ နာရီမှာ ၂၄ကြိမ် ထပ်လျက်ကျမယ်။ အဲလိုယူဆစရာရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် လက်တွေ့မှာ အဲဒီလိုမဟုတ်ဘူး၊ နာရီလက်တံတလည်း ဆယ့်နှစ်နာရီမှာ တစ်ပတ်ပတ်ပြီးသား ဖြစ်နေတယ်၊ မိနစ်တံ ဆယ့်နှစ်ပတ်ပတ်တဲ့အချိန်မှာ နာရီလက်တံကလည်း တစ်ပတ်ပတ်ပစ်လိုက်တဲ့အတွက်ကြောင့် မိနစ်တံနဲ့ နာရီတံဟာ (၁၂)နာရီမှာ (၁၁)ကြိမ်ပဲ ထပ်တယ်၊ တစ်ရက်ဖြစ်တဲ့ (၂၄)နာရီမှာ သူတို့ဟာ (၂၂)ကြိမ်ပဲ ထပ်တယ်၊ နှစ်ချက်လျော့တယ်"

"အော်. . . ဟုတ်သားပဲ၊ ဆက်ပါဦး ဒေါက်တာ"

"အင်မတန် တိကျပါတယ်ဆိုတဲ့ နာရီမှာတောင် မိနစ်တံနဲ့ နာရီလက်တံဟာ တစ်ရက်ကို နှစ်ကြိမ်စီ လွဲချော်နေကြတယ်"

"ဟုတ်ကဲ့"

"အဲဒါကြောင့် လူသားဖြစ်တဲ့ ကျွန်တော်တို့ကလည်း တစ်ရက်မှာ နှစ်ကြိမ်လွဲချော်ခွင့်ရှိတယ်၊ အဲဒါကို ကျွန်တော်က နာရီဟန်ချက် ဥပဒေလို့ သတ်မှတ်တယ်"

"ဟာ. . . ပြောင်မြောက်ပါပေတယ် ဆရာရယ်၊ တကယ် အဖိုးတန်တဲ့ သဘောတရားပါပဲ"

သတင်းထောက်များ ပြန်ထွက်သွားချိန်တွင် သချာပညာရှင် အဘိုးအိုက ဂမ္ဘာကို လက်ဆွဲနှုတ်ဆက်၏။ သက်ပြင်းတစ်ချက်ချပြီး ပြော၏။

"ဒေါက်တာလို ပညာရှင်ကို မလေးမစားလုပ်မိတာ ခွင့်လွှတ်ပါဗျာ၊ ကျွန်တော် မှားသွားတယ်၊ ဒါ ဒီနေ့အဖို့ရာ ကျွန်တော့်ရဲ့ ပထမအကြိမ် လွဲချော်မှုလို့ သဘောထားပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုလည်း ပြန်သွား၏။ အခန်းထဲမှာ ဂမ္ဘာတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း ဂမ္ဘာ မျက်နှာက ပြုံးစိစိဖြစ်နေလေသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# လူ နှင့် လောက၏ဖြတ်ပိုင်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

(၁)

ခပ်ကြမ်းကြမ်းခြေသံတစ်ခု ဝင်ရောက်လာသည်ကို သိသော်လည်း ပညာရှင်ကြီးက လှည့်မကြည့်၊ စက်ဝိုင်းများကိုသာ ဆက်ဆွဲနေသည်။

ဂူတွင်းသို့ ဝင်ရောက်လာသော ရောမစစ်သားက မျက်နှာကြမ်းတမ်းသလို စကားပြောသည့်နေရာတွင်လည်း ကြမ်းတမ်းလေသည်။

“ဒီအခြေအနေတောင် ရောက်နေပြီ၊ ခင်ဗျားကြီးက စိတ်မပျက်သေးဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်ကြီးက ဘာမှပြန်မပြောချေ။ တွက်လက်စသချ်ာကို ဆက်တွက်နေသည်။ လိုလားနားလည်ပုံ မပေါ်သော ရှောမစစ်သား က မြေပေါ်မှာ ရေးခြစ်တွက်ချက်ထားသမျှကို ခြေထောက်ဖြင့် ပွတ်ဖျက်ပစ်လိုက်၏။

"ခင်ဗျားဆရာ အာခိမိဒိ ဘယ်လို သေသွားတယ်ဆိုတာ ခင်ဗျားအမြင်ပဲ. . .၊ ခင်ဗျားအနေနဲ့ လိမ္မာဖို့လိုတယ်"

ပြောပြီး ဂူထဲမှ ပြန်ထွက်သွား၏။ ပညာရှင်ကြီးက တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ခဲ့လေသည်။

(၂)

ပညာရှင်ကြီး၏ ဂူတွင်းမှ အကျဉ်းကျ နှစ်ကာလများသည် ရှည်လျားလာ၏။ ခံတပ်တည်ဆောက်မှု သချ်ာပညာကို ရန်သူဘုရင်ထံ တင်သွင်းဆက်သခြင်း မရှိသောကြောင့် သူ ဤသို့အချုပ်အနှောင် ခံနေရခြင်းဖြစ်၏။

"အိုး. . . ကြည့်စမ်း၊ ခင်ဗျားရဲ့ နံ့သာဖြူပုံကြီးက ကြောက်စရာကြီးပါလား"

အာဟာရချို့တဲ့မှု၊ အလင်းရောင် နည်းပါးမှု၊ ဂူတွင်းမှ စိုစွတ်ထိုင်းမှိုင်းမှု စသည်တို့ကြောင့် ပညာရှင်ကြီး၏ အသားအရေသည် ကြောက်စရာကောင်းလောက်အောင် ဖျော့တော့ဖြူရော်နေသည်။

ရန်သူ ရှောမသားများက ခြောက်လတစ်ကြိမ် သူ့ကိုလာ

www.burmeseclassic.com

www.burmeseclassic.com



ရောက် ကြည့်ရှုကြ၏။ အခြားသော ဂရိလူမျိုးတို့၏ သူ့ရဲဘော ကြောင်မှုများကို သူ့ကို လာရောက်ပြောကြားကြ၏။ သူ မည်သို့မျှ တုံ့ပြန်ပြောဆိုခြင်း မပြုခဲ့။

ဂူထဲမှာ တိတ်ဆိတ်စွာ သင်္ချာတွက်ရင်းဖြင့်ပင် တစ်နှစ်ပြီး တစ်နှစ်ကို လွင့်ရော် ဖြတ်သန်းလာခဲ့ရလေသည်။

(၃)

"ခင်ဗျား တော်တော်မိုက်တဲ့လူပဲ၊ ကြည့်စမ်း. . . နှစ်တွေ မနည်းတော့ဘူး၊ ခင်ဗျားလည်းဆံပင်တွေဖြူ မုန်ဆိတ်တွေ ဖြူပါရော လား"

သူ့ဆံမျှင်၊ မုတ်ဆိတ်တို့ ဖြူရော်လာကာ သူ့ခါးလည်း ကုန်း ခဲ့ပြီ။ သူ၏ အိုမင်းလာမှုကို ရန်သူတို့ ရယ်သွမ်းသွေးကြ၏။ လှောင် ပြောင်သရော်သော စကားများနှင့်အတူ ဤအချိန်တိုင်အောင် မပြောင်းလဲသော သူ့စိတ်ထားကိုလည်း မကျေမနပ် ဆဲဆိုပြောကြား ကြ၏။

သူကတော့ ဂူထဲမှာသင်္ချာတွက်ရင်း တစ်ခါ တစ်ခါ အဝေး ကို ငေးရင်း၊ သူ့ဆရာဖြစ်သူ 'အာခိမိဒိ' ၏ ရဲရင့်စွာကျဆုံးမှုကို ပြန်လည်မြင်ယောင်ရင်း နှစ်ကာလတို့ကို ထပ်မံ လွန်မြောက် ဖြတ် သန်းခဲ့ပြန်၏။

ထိုသို့ဖြင့် သူ့မျက်လုံးတို့ပင် ကွယ်ခဲ့လေပြီ။

ရန်သူက သူ့ကိုကြည့်ပြီး တဟားဟား အော်ရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ခင်ဗျားရဲ့မျက်လုံးက အဖြူကြီးဖြစ်သွားပါလား၊ ခင်ဗျား ကန်းပြီပေါ့၊ ခင်ဗျား အရှုံးပေးဖို့ကောင်းပြီလေဗျာ၊ ဟား. . . ဟား. . . ဟား. . ."

ထိုင်ရာမှ သူ ဆတ်ခနဲ ထရပ်လိုက်သည်။ သူ့မျက်လုံးနှစ်လုံးကို သူ့လက်ဖြင့်ပင် ထိုးဖောက် ကုတ်ထုတ်ပစ်လိုက်၏။ မျက်နှာပေါ်မှာ သွေးတွေ ပွက်အန် ရဲပြာသွားသည်။

"ဟင်. . . ခင်ဗျား. . . ခင်ဗျား"

"အေး. . . မင်းတို့မှတ်ထား၊ အရေပြားတွေ ဖြူရုံမကလို့ ဆံပင်မုတ်ဆိတ်တွေ ဖြူရုံမကလို့ မျက်လုံးအစုံပါ ဆွတ်ဆွတ်ဖြူသွားပလေ့စေ"

မျက်နှာပေါ်မှသွေးများကို လက်နှင့်သပ်ချပြရင်း. . .

"အဲဒီမှာ ကြည့်ထား၊ ငါ့သွေးက ဘယ်တော့မှ မဖြူဘူးကွ"

"ခင်ဗျား. . . ခင်ဗျား"

ရန်သူစစ်သား၏ ကြောက်လန့်တကြား နောက်ဆုတ်သွားမှုကို သူ ကြားသိနေရသည်။ အောင်မြင်သူတစ်ယောက်လို ပြုံးရင်း ဖြည်းညင်းစွာ သူ လဲကျ၏။ အသက်ရှူသံ ရပ်သွားသည်။

ရဲရင့်စွာ သူ. . . ကျဆုံးသွားလေသည်။




X = (0)

*Aက သူရဲကောင်းစိတ်လို့ ဆိုပါစို့. . .။ B က ကြောက်ရွံ့ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



အညွှံ့ခံခြင်းတရားတွေ ဆိုပါစို့၊ A အစုနဲ့ B အစုနဲ့ ဖြတ်ပိုင်း X ဟာ သူညရတယ်"

စိတ်ဝင်တစားနားထောင်နေသော တပည့်များကို ဆရာက အဆုံးသတ် စကားပြော၏။

"သူရဲကောင်းစိတ်နဲ့ အညွှံ့ခံ အရှုံးပေးခြင်းတရားတွေရဲ့ ကြားမှာ ဆက်နွယ်မှုဟာ တစ်ခုတည်းရှိတယ်၊ အဲဒါကတော့ 'သူည ဆက်နွယ်မှု' ပဲ ဖြစ်တယ်"

စာသင်ခန်းထဲမှာ ခေတ္တ တိတ်ဆိတ်သွားလေသည်။ ဘာကြောင့်ရယ်တော့ မသိ။ မည်သူကမှ စကားမပြောဘဲ ငြိမ်သက်နေမိကြသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# မိုး ရေစက်များ၏သုညတ္တအင်အား

www.burmeseclassic.com

www.burmeseclassic.com

(၁)

မိုးခါးကြီး ရွာသွားပြီဆိုတော့ ဇနပုဒ်ငယ်လေးတစ်ခုဆီသို့ သူ ရောက်လာခဲ့သည်။

ရည်ရွယ်ချက်မရှိဘဲ ရောက်လာခဲ့ခြင်း ဖြစ်၏။ ယခင်က ဤရွာကလေးရှိကြောင်း သိပင်မသိ။ ဤရွာကလေးတွင် နေထိုင်ကြသော လူမျိုးစုသုံးစုအကြောင်းကိုလည်း ကြားပင်မကြားခဲ့ဖူးချေ။

ဤရွာကလေး၌ မိုးခါးကြီးရွာသွားပြီး သောက်သုံးမိသူများ ရူးသွားကြကြောင်း၊ မသောက်ဘဲနေသူကလည်း ကျောက်ရုပ်ဖြစ်ကျန်ခဲ့ကြောင်း သတင်းနှင့်အတူ ဤရွာမှလူများ၏ ရှေးဟောင်းသချ်ာနည်းစနစ်များကို သူသိခဲ့ရခြင်း ဖြစ်သည်။

မိုးခါးကြီးရွာခြင်း၊ ရူးသွပ်ခြင်း၊ ကျောက်ရုပ်ဖြစ်ခြင်း စသည့် သတင်းများထက် ရှေးဟောင်းသချ်ာဆိုင်ရာ သတင်းက သူ့ကို ပိုမို ဆွဲဆောင်နိုင်ခဲ့သည်။ လေ့လာဆည်းပူးချင်စိတ်များ တဖွားဖွား ပေါ် ပေါက်လာပြီးနောက် သူ ဤရွာသို့ ရောက်လာခဲ့ရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

မိုးခါးရေ သောက်ထားပြီးသူတွေဟာ အသိစိတ်မရှိကြတော့။ သူတို့ပြောနိုင်တာ တစ်ချက်ပဲကျန်ရစ်ခဲ့သည်။ ထိုအချက်ကတော့ သူတို့သောက်ခဲ့သည့် မိုးခါးရေခွက်အရေအတွက်ကို ပြောပြနိုင်ခြင်း ဖြစ်၏။

"မိုးခါးရေက အတော် ဆွဲဆောင်မှုရှိပုံပဲ"

ထိုသို့ပင် သူ မှတ်ချက်ချမိ၏။ မသောက်ရမနေနိုင်အောင်နှင့် သောက်မိသူကိုလည်း ထပ်ထပ်သောက်ချင်နေစိတ်ရှိအောင် ဆွဲ ဆောင်ဖမ်းစားနိုင်ခဲ့ပုံ ရသည်။ အချို့လူများသောက်ခဲ့သည့် မိုးခါးရေခွက် အရေအတွက်က အတော်များလေ၏။

ထိုခွက်အရေအတွက်များကို သူတို့က သူတို့၏ ရှေးဟောင်းသင်္ချာညွှန်ပြချက် နည်းများအတိုင်း ညွှန်ပြသွားကြ၏။ ထိုညွှန်ပြချက်နည်းများကို သူက စိတ်ဝင်တစား လေ့လာမိလေသည်။

အစု သုံးစုခွဲပြီး သူ လေ့လာလိုက်ရ၏။

(၃)

ပထမအစုမှ လူများသည် ဓားများဝှေ့ရမ်းပြီး ပါးစပ်မှလည်း "ရေ. . . ရေ" ဟု ညည်းတွားနေကြ၏။ သူတို့သောက်ခဲ့သော တစ်ဦးစီ၏ ခွက်အရေအတွက်များကို သစ်ပင်များပေါ်မှာ သူ တွေ့ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်စည်ပေါ်မှာ ဓားနှင့်အထစ်ကလေးများ ထစ်ပြီး ခွက် အရေအတွက်ကို ရေးမှတ်ကြသူများဖြစ်၏။ ဓားထစ်တစ်ထစ်လျှင် တစ်ခွက်ဖြစ်သည်။

ဒုတိယအစုမှ လူများကတော့ လက်ထဲမှကြိုးများကို ဆွဲချည် ဆန့်ချည်လုပ်ရင်း တဟင်းဟင်း အော်ဟစ်နေကြ၏။ သူတို့သောက် ခဲ့သည့် ခွက်အရေအတွက်ကို သူတို့လက်ထဲမှ ကြိုးကတစ်ဆင့် သိရ ၏။

သူတို့က ကြိုးကို အထုံးကလေးထုံးရင်း မှတ်သားသွားကြ ခြင်း ဖြစ်၏။

"ကွစ်ပူ (Quipu) ပုံစံပါလား"

သူ. . . အလွန် သဘောကျသွား၏။ ထိုသို့ ကြိုးထုံးဖြင့် ရေတွက်မှုသဘောတရားကို တောင်အမေရိကတိုက်မှ 'အင်ကာ' အင်ဒီးယန်းလူမျိုးများလည်း သုံးစွဲဖူး၏။

လေ့လာရအခက်အခဲဆုံး ဖြစ်ခဲ့သည်မှာ တတိယအုပ်စု ဖြစ် သည်။

(၄)

တတိယအုပ်စုမှလူများသည် လမ်းပေါ်မှာ ကခုန်နေကြ၏။ ဘာစကားကိုမှ မပြောကြ။ သို့သော် သူတို့၏မျက်လုံးများထဲမှာ မှတ် သိပ်မှုကို တွေ့နေရသည်။

"အားပါးပါး. . . မလွယ်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ကခုန်မှုမှာ သူတို့သောက်ခဲ့သည့် ခွက်အရေအတွက်ကို ညွှတ်ပြနေခြင်းဖြစ်သည်။ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ကိန်းဂဏန်းများအဖြစ် သင်္ကေတပြုကာ ဖော်ပြနေကြခြင်းဖြစ်၏။

အဓိပ္ပာယ်ဖတ်ရန် အတော်ခက်ခဲလေသည်။ ဤကဲ့သို့သောရေတွက်မှုပုံစံကို နရူးဂီနီလူမျိုးများလည်း သုံးစွဲကြ၏။ သူ. . . ကြိုးစားပမ်းစား လေ့လာယူရလေသည်။ ကျေနပ်အားရမှုလည်း ရှိခဲ့၏။

လေ့လာမှုပြီးဆုံးပြီဟု ယူဆသော အချိန်ကျမှ. . .

"အင်း. . . ကျောက်ရုပ်ဖြစ်တဲ့ ပူကို သွားကြည့်ဦးမယ်"

(၅)

မိုးခါးရေမသောက်ဘဲ တောင့်ခံနေသဖြင့် ကျောက်ရုပ်ဖြစ်သွားရသည်မှာ တစ်ယောက်တည်းဖြစ်၏။ (ကျန်လူများအားလုံးမှာ မိုးခါးရေသောက်ပြီး ရူးသွပ်သွားကြ၏။)

ထိုလူသည် သို့မဟုတ် ထိုကျောက်ရုပ်သည် အဝေးသို့ လှမ်းကြည့်နေ၏။ ကျောက်ဖြစ်နေသော မျက်လုံးများကတော့ ဘာကိုမှ မြင်ပုံမပေါ်။ ထိုကျောက်ရုပ်ကို လှည့်ပတ်ကြည့်ရှုရင်း သူ. . . သက်ပြင်းချမိ၏။

"ဖြစ်မှ ဖြစ်ရလေ. . ."

ထိုလူအတွက် စိတ်မကောင်းဖြစ်ရင်း သူ့စိတ်ထဲမှာ ပည်း စိမ့်ပြီး ကြောက်လာမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ပြန်တာပဲ ကောင်းပါတယ်"

ထိုအခိုက်မှာပင်. . .

ရုတ်ချည်းဆိုသလို ကောင်းကင်သည် ညိုမှိုင်းသွား၏။ ဝေမှုန်သော်လည်း ကြမ်းတမ်းသည့်လေတို့က အေးရှစွာ ဆင်းကျလာသည်။ တစ်စုံတစ်ခုသော ရနံ့ကို ရှူရှိုက်လိုက်ရပြီး . . .

"ဟင်. . . မိုးခါးကြီး ထပ်ရွာတော့မယ်"

ရင်ထဲမှာပူလောင်ပြီး ကမ္ဘာပျက်သွားသလို သူ ခံစားလိုက်ရလေသည်။

(၆)

လေထဲမှာ မိုး၏အငွေ့အသက်တို့ ပါလာသည်။ သူ့အပေါ် ကျလာသော မိုးစက်မိုးမှုန်ပျပျ ကလေးများကို လက်နှင့် ဝှေ့ရမ်းကာကွယ်နေမိ၏။

"ဂျိမ်း. . . ဂျုန်း"

မိုးခြိမ်းသံကြီးက ခြောက်ခြားဖွယ်ရာ ပေါ်ထွက်လာသည်။ သဲကြီးမဲကြီး ရွာချတော့မည်မှာ သေချာ၏။ သူ ယောက်ယက်ခတ်ပြေးလွှားနေမိသည်။ ဤမိုးကို ကာကွယ်၍ ရတော့မည်မဟုတ်ကြောင်းကိုလည်း သိလိုက်သည်။

"× × × × × × × × × ×"

လူများကို ဒုက္ခဆိုး အမျိုးမျိုးပေးခဲ့သော မိုးခါးတို့ သူ တက်တက်စက်စက် အော်ဟစ်ဆဲဆိုရင်း လမ်းပေါ်မှာ ခုန်ပေါက်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီး. . . လိုအပ်ချက်တစ်ခုကို သတိရပြီး. . . ဘေးဘီဝဲယာဆီ လှော်ကြည့်မိ၏။

ဓားတစ်လက်ကို တွေ့သည်။ ကောက်ယူပြီး သစ်ပင်တစ်ပင်ဆီ ပြေးသွားကာ ပင်စည်မှာ အထစ်လုပ်ကြည့်၏။ ခုတ်ကြည့်ခြင်းဖြစ်သည်။ သို့သော် ဘာအထစ်မှ ထင်မကျန်။ ဆွေးမြေ့နေပြီဖြစ်သော ဓားကြီးက ကျိုးသွား၏။

"တောက်. . ."

လမ်းပေါ်မှာ ကြိုးတစ်ချောင်းကိုတွေ့၍ ကုန်းကောက်ရသေးသည်။ ကြိုးကို အထုံးလေးများ ရစ်ချည်ကြည့်၏။ မရချေ။ ထိုကြိုးထုံးနည်းကို သူမထုံးတတ်။ ပုံစံမျိုးစုံနှင့် ကမန်းကတန်း ချည်ကြည့်နေပြီး မရလွန်းသည့်အဆုံးမှာ ထိုကြိုးကို ဒေါသတကြီး လွှင့်ပစ်လိုက်၏။

နောက်ဆုံးအနေနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းဖြင့် ဖော်ပြနိုင်ရန် သူ ကြိုးစားရသည်။ မိုးစက်တွေကလည်း ခပ်ပါးပါးကျရောက်နေပြီ ဖြစ်၏။

သို့သော်လည်း ဒူးမြှောက်လက်မြှောက် လုပ်နေရခြင်းသည် သူ့အတွက် အဆင်မပြေလှချေ။ ခန္ဓာကိုယ်အစိတ်အပိုင်းများမှ တစ်ဆင့် ကိန်းဂဏန်းကို ဖော်ပြနေသလိုမဖြစ်ဘဲ ဓာတ်လိုက်နေသလိုလို ဘရိတ်ဒန့်စ် ကနေသလိုလို ဖြစ်နေသည်။

"ဒုက္ခပဲ"

ထိုသို့ဆိုလျှင်တော့ တစ်နည်းပဲကျန်တော့သည်။ ကျောက်ရုပ်ရှိရာကို သူ အပြေးသွားလိုက်၏။ မိုးခါးရေကိုမသောက်ဘဲ ကျောက်ရုပ်ပဲ အဖြစ်ခံတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



(၇)

ကျောက်ရုပ်၏နံဘေးမှာ သူ ဝင်ရပ်၏။ ရပ်ရပ်ချင်းမှာတော့ လက်နှစ်ဘက်တွဲလောင်းချပြီး တောင့်တောင့်ကြီး ရပ်နေလိုက်ခြင်း ဖြစ်သည်။ ထို့နောက်မှာမူ နောင်လာနောက်သားတွေ အမြင်မှာ သူ့ကျောက်ရုပ်လှပရန် လိုအပ်ကြောင်းကို သတိရသည်။

ထိုသို့ဖြင့် တစောင်းပြင်ရပ်၏။ ခါးမှာ လက်ထောက်ရပ်၏။ ဆံပင်ကို ပင့်တင်ရသေးသည်။ ဓာတ်ပုံဆရာရှေ့မှာ အိုက်တင်ပေးသည်နှယ် သူ့ကိုယ်ဟန်ကို အမျိုးမျိုးပြင်နေရ၏။

သိပ်အချိုးမပြေသလို ခံစားရ၏။ မိုးကြီးက ရွာလာပြီ။ ထိုအခါကျမှ ပန်းပုရုပ်တစ်ခု၏ ကိုယ်ဟန်ကို သတိရပြီး သူ ထိုင်ချလိုက်၏။

ကမ္ဘာကျော် ပန်းပုဆရာကြီး ဩဂုတ်ရိုဒင်၏ အတွေးအခေါ်သမား (Thinker) အမည်ရှိ ပန်းပုရုပ်၏ ကိုယ်ဟန်အတိုင်း သူ ထိုင်နေခြင်းဖြစ်သည်။ ဒဿနတစ်ခုခုကို အလေးအနက် စဉ်းစားတွေးခေါ်နေဟန်. . .။

မိုးကြီးက တဝေါဝေါ ရွာချလာ၏။

"အား. . . အေးလိုက်တာ. . ."

ခိုက်ခိုက်တုန်အောင် ချမ်းအေးနေသော်လည်း ဤကိုယ်နေဟန်ထားကို မပျက်အောင် သူ ထိုင်နေခဲ့၏။

တစ်ကိုယ်လုံးလည်း စိမ့်စက်ရွှဲစိုနေပြီ။ ထိုင်ရတာသည်လည်း တင်ပန်းလှပြီ။ မိုးကြီးရွာတာလည်း ကြာပြီ။ နောက်ဆုံး [illegible]

www.burmeseclassic.com

www.burmeseclassic.com



သည် မိုးခါးမဟုတ်ဘဲ ရိုးရိုးမိုးဖြစ်မှန်း သူသိရ၏။

"........"

ဘာပြောရမှန်းပင် မသိ။ အူကြောင်ကြောင်ဖြင့် သူ ပြန်ထ လိုက်ရသည်။ ထွက်ခွာရန် ပြင်ချိန်ကျမှ သူ့ကို စိုက်ကြည့်နေသော မျက်လုံးအစုံများကို မြင်လိုက်ရသည်။

"ဟင်"

ကိုယ့်အပူနှင့်ကိုယ် ပြာလောင်ခတ်နေခဲ့၍ ထိုလူများကို သူ သတိမထားမိခဲ့။ (ဘယ်ချိန်ကတည်းက ရောက်နေကြမှန်း မသိ)

(၈)

သူ့လိုပဲ လာရောက်လေ့လာသူများ ဖြစ်ပုံရသည်။ သူ့ကို ကြည့်နေကြရင်း တစ်ယောက်က ပြော၏။

"အရူးတွေထဲမှာတော့ ဒီအရူးက အဆိုးဆုံးပဲနော်"

"အေးလေ...မိုးခါးရေတွေ သူက ဘယ်နှစ်ခွက်လောက် သောက်ပစ်လိုက်လဲမှ မသိတာ...၊ အများဆုံးသောက်ပြီး အရူးဆုံး ဖြစ်သွားတာနေမှာပေါ့...ကျွတ်...ကျွတ်...ဖြစ်မှဖြစ်ရလေ"

သူတို့အားလုံးက သူ့ကို စိတ်မကောင်းစွာ ဝိုင်းကြည့်နေကြ လေသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# ပင်လယ်ထဲခုန်ချတဲ့သုည

www.burmeseclassic.com

www.burmeseclassic.com



# ဖြစ်ပိုင်း (၁)

လိုဏ်ဂူဝမှာ ရပ်၍ မိုးပတ်ပတ်လည်ကို ကိုယ်မျှော်ကြည့်နေဆဲ အဘိုးအို၏စကားသံက ကျောဘက်ဆီမှ တိုးညှင်းစွာ ထွက်ပေါ်လာသည်။

“လိုဏ်ဂူထောင့်ဆုံးမှာ ပန်းပုဆရာကြီး စုပုံသွားတဲ့ ပန်းပုရုပ်တွေကို တွေ့ပြီးပြီလား”

ခေါင်းညိတ်ပြပြီး လိုဏ်ဂူထဲသို့ ကိုယ်လှည့်ဝင်လိုက်သောအခါ အဘိုးအိုက ခြေသံတရှပ်ရှပ်ပေးပြီး နောက်မှ လျှောက်လိုက်လာ၏။ ပန်းပုရုပ် အစုအပုံကြီးရှေ့၌ သူ့ကို တစ်ချက်ငဲ့ကြည့်ပြီး လက်ထဲမှကျောက်တို့ဖြင့် ကိုယ်,မီးခတ်၏။ ပန်းပုရုပ်များကြားသို့ မီးတောက်က ဝေါက်ခနဲ လျှောဝင်ပေါက်ကွဲသွားသည်။

“ဝုန်း”

“အို”

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက အံ့သြလန့်ထိတ်ပြီး ဆောက်တည်ရာမရ ဖြစ်သွားချိန်မှာ မီးလျှံများက ပန်းပုရုပ်တို့ကို ဟူးဟူးဟဲဟဲ ကိုက်ခဲထားပြီဖြစ်၏။ တဖောက်ဖောက် တဖျစ်ဖျစ် အသံထွက်ကာ ပန်းပုရုပ်များ တွန့်လိမ်လောင်ကျွမ်းခဲ့သည်။

"မင်း. . . မင်း. . . ဘာဖြစ်လို့ မီးရှို့လိုက်တာလဲ"

မီးတောက်ကို ငေးကြည့်နေရင်း အဘိုးအို၏အမေးကို အေးတိအေးစက် ကိုယ်ဖြေဖြစ်၏။

"မီးတောက်ကိုကြည့်စမ်း အဘိုး၊ ဘာဖြစ်လို့ ဒီလောက်အားကောင်းနေရတယ်ဆိုတာ မတွေးမိဘူးလား၊ ဒီပန်းပုရုပ်တွေကို သူလောင်စာဖျန်းထားခဲ့တယ်။ မီးရှို့မလို့ပုံထားပြီး မရှို့ဖြစ်ခင် သူဆုံးသွားတာ။ သူဟာ သူဆုံးပြီးရင် ကမ္ဘာမြေမှာ သူ့ရဲ့အကောင်းဆုံးပန်းပုရုပ်နှစ်ရုပ်ကိုပဲ ထားသွားချင်တယ်။ တစ်ရုပ်ကတော့ တောင်ထိပ်မှာ အဘိုးအိုတို့ ကိုးကွယ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ပဲ၊ အားလုံးသိထားတဲ့အတိုင်း ပန်းပုအရာမှာ အတုမဲ့ အပြိုင်မဲ့ဖြစ်အောင် ထုဆစ်ပြနိုင်ခဲ့တဲ့ လက်ရာပဲ။ ဒီလောက် သက်ဝင်ငြိမ်းအေးတဲ့ ဗုဒ္ဓရုပ်ထုမျိုးကို ဘယ်သူမှ လိုက်ထုနိုင်မှာ မဟုတ်ဘူး"

အဘိုးအိုက မှုန်မှိုင်းသီရီစွာ ကိုယ့်စကားမှာ ငေး,အနေ၏။ ကိုယ့်စကားတို့က လိုဏ်ဂူထဲမှာ အံ့အံ့ရှရှ လွင့်ပြန့်နေ၏။

အဘိုးအိုက အိပ်မက် မက်သူတစ်ယောက်လို လက်တွေကို မြှောက်ရမ်းရင်း မေး၏။

"ဒါ. . . ဒါဖြင့်. . . နောက်. . . နောက်တစ်ရုပ်ကရော"

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဂူနံရံကို ကပ်လျက် လှဲလျောင်းနေရသော ပန်းပုထုရှင် အကြမ်းထွင်းထားသည့် သစ်တုံးကြီးတစ်တုံးကို ကိုယ်ညွှန်ပြလိုက်စဉ်မှာ အဘိုးအို၏မျက်လုံးများက ပြူးကျယ်လာကြသည်။

"အဲ. . . အဲဒါ၊ သူက ဘာရုပ်ထုမလို့လဲ"

ကိုယ် ပြန်မဖြေ။ သို့သော် ကိုယ်သိနေကြောင်းကို သူ ရိပ်မိလေသည်။ ပင့်သက်ကို အယောင်ယောင်အမှားမှား ရှိုက်ရင်း လိုဏ်ဂူအမိုးကို သူ စိုက်ကြည့်နေသည်။

*

ဆောက်နဲ့ခါးကို လက်ဖဝါးမှာဆုပ်ကိုင်ပြီး ထိုသစ်ထွင်းတုံးကြီးရှေ့၌ ကိုယ်ရပ်သောအခါ သူ့မျက်နှာမှာ အရိပ်အမျိုးမျိုး ဖြတ်ပြေးနေပြန်၏။ အတန်ကြာမှ အချို့သောစကားများကို သူ တစ်ဦးတည်း ပြောသလိုလိုနှင့် ကိုယ့်ကိုမကြည့်ဘဲ ဆိုသည်။

"ဒီ လိုဏ်ဂူပန်းပုဆရာကြီး ကွယ်လွန်သွားတာ နှစ်တွေရာချီကြာခဲ့ပြီ။ ဒီလိုဏ်ဂူကို ယဉ်ကျေးမှုတောင်ကုန်းလေးတစ်ခုလို တက်ကြည့်ကြတဲ့ အနယ်နယ်အရပ်ရပ်က ပြည်သူတွေ၊ ဒီဆရာကြီးတမ္ပည်းတိုင်ကို တရိုတသေ လာရောက် ဦးညွှတ်ကြတဲ့ အတိုင်းတိုင်းအပြည်ပြည်က ပန်းပုဆရာတွေအများကြီး ကြုံခဲ့ဖူးပါပြီ။ ဒါပေမဲ့ သူတို့ဟာ မင်းလောက် ငါ့ကို မအံ့သြစေခဲ့ဘူး သူငယ်"

"တခြား ပန်းပုဆရာတွေက သူတို့ရဲ့ပန်းပုရုပ်တွေနဲ့ လာတယ်။ မင်းက လက်ဗလာနဲ့ လာတယ်။ တခြားပန်းပုဆရာတွေက ဒီလိုဏ်ဂူထဲကို ဖိနပ်ချွတ်ပြီးမှ ဝင်ကြတယ်။ မင်းက ဖိနပ်စီးထဲ့ကြီး ကိုတောင် မဖြည်ဘူး။ တခြား ပန်းပုဆရာတွေက ဒီထဲတပန်းပုရှိ

www.burmeseclassic.com

www.burmeseclassic.com



တွေကို ရင်သပ်ရှုမောကြည့်ကြတယ်။ မင်းကတော့ မထုံတတ်တေးနဲ့ဘဲ ကြည့်တယ်။ အခု ကြည့်စမ်း၊ ရှိပြီးသား ပန်းပုရုပ်တွေကို မီးရှို့ပြီး ဘာပုံမှမပေါ်သေးတဲ့ သစ်ထွင်းတုံးကို မင်း ဆက်ထုမလို့ လုပ်တယ် ဘုရား ဘုရား”

သစ်ထွင်းတုံးကို ငေးမောစိုက်ကြည့်နေရင်း ကိုယ့်လက်ဖဝါးထဲမှာ ကိုယ်ဆုပ်ကိုင်ထားသော ဆောက်နဲ့ခြားက သရဲတစ်ကောင်၏ အရေပြောင်းလို စိမ့်အေးမာကျောလာကြ၏။

“တချို့ကိုတော့ မင်းပြောပြလို့ သိခဲ့ရပြီ၊ တချို့ကိုတော့ မင်းလုပ်ပြလို့ မြင်ရဦးမယ်ထင်ပါရဲ့၊ ကောင်းပြီ. . . ဒီသစ်ထွင်းတုံးကို မင်းဆက်ထုပါ၊ အင်မတန်သပ္ပါယ်တဲ့ ဘုရားရုပ်ထုကို အကောင်းမြတ်ဆုံးဖြစ်အောင် ထုခဲ့ပြီးမှ ဒီအတုမဲ့တဲ့ ပန်းပုဆရာကြီးမှာ ဘာရုပ်တု ထုစရာကျန်သေးသလဲဆိုတာ ငါတို့ သိချင်တယ်၊ မင်းဆက်ထုတာကို ငါတို့ စောင့်ကြည့်မယ်၊ နှစ်တွေ၊ လတွေ၊ ကြာချင်သလောက်ကြာပါစေ၊ ငါတို့ စောင့်မယ်၊ မင်းရဲ့အရည်အချင်းကို အတိုင်းအတာတစ်ခုအထိ ယုံကြည်မိလို့ ဒီစကားတွေ ငါပြောခဲ့တာပဲ၊ ကဲ. . . ငါသွားမယ်”

*

www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်ပိုင်း (၂)

ကိုယ့်လက်ချောင်းတို့သည် ဆောက်သွားကိုမှ မကိုင်နိုင်လောက်အောင် ထုံကျဉ်ခဲ့ပေပြီ။

ထိုအခါမျိုးမှာ ခေတ္တဖြေနားရင်း လက်ကို နောက်ပစ်၍ ကိုယ်တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန် စဉ်းစားနေခဲ့ဖူးသည်။ သေနေသော အိပ်မက်တစ်ခုအတွင်းမှ ပြန်လည်၍ ရုန်းကန်လူးထသာကာ ပန်းပုရုပ်ကိုလည်း ရန်သူတစ်ယောက်လို စိမ်းစိမ်းဝါးဝါး ကြည့်ခဲ့ဖူးသည်။ တစ်ခါ တစ်ခါ တိမ်ခိုးတွေ လွှင့်ထုတ်နေသည့် ဓာ ပန်းပုရုပ်က အိပ်ပျော်စဉ်မှာရော နိုးထစဉ်မှာပါ ကိုယ့်ကို ပြုစားတတ်သေး၏။

ပန်းပုရုပ်၏ အောက်ဘက်မြေမှာ သူ မလိုအပ်သော သစ်သားစတွေ ကျဲဖွာလွင့်ကျနေသည်။ ဤလိုက်ဂူသည် ကိုယ်၏စစ်မြေ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဖြစ်၏။ အနုပညာအတတ်ပြီးသော မားဝါဒတစ်လက်ဖြင့် သစ်သား
တို ကိုယ် အသက်သွင်းနေ၏။ ကိုယ်နိုင်မည်လော သို့တည်းမဟုတ်
ကိုယ်ရှုံးမည်လော။

လေက ရိုင်းရိုင်းတိုက်၏။ အဝေးသို့မျှော်ကြည့်နေရင်း ကိုယ့်
အသားတွေအေးစက်ကာ ကိုယ့်ဝတ်ရုံကလည်း တဖျတ်ဖျတ် လှုပ်
ခါနေသည်။ အရှေ့ဖက် တောတန်းကလေးမှာ ပန်းတွေ ဝေ၏။
ရန့်တို့သည် အပိုင်းပိုင်းအကန့်ကန့် သင်းပျံ့ပြုကွဲကာ လေထဲမှာ ဖရို
ဖရဲ မျောပါနေသည်။ လေစီးကြောင်းက တင်းခန် တစ်ချက်ဖြစ်သော
အခါ ကိုယ့်မျက်ဝန်းတွေ ကျိန်းစပ်နာကျင်သွား၏။

ကိုယ် ရီဝေ ဝေးမောနေမိသည်။

ဝေးလံ သီခေါင်လှစွာသော ကျေးရွာကလေးတစ်ခုဆီမှ
ကိုယ့်ခရီးကို စတင်ခဲ့ရခြင်းဖြစ်၏။ ကိုယ့်လမ်းက ခိုင်ခန့်ကြမ်းတမ်း။
ကမ္ဘာမြေ၏ကျောပြင်ပေါ်မှာ ပဲခွပ်နှင့် အခုတ်ခံထားရသော အမာ
ရွတ်ကြီးပမာ ရှည်လျားကျည်းတန်လှစွာ တည်၏။

ထိုလမ်း၌ စမ်းရေကို လက်ခုပ်နှင့်ဆယ်သောက်ရင်း မုဆိုး
ဒူးထောက် ကိုယ်ထိုင်ဖူး၏။ လေက တဝေါဝေါ တိုက်သောအခါ
ကိုယ့်ဆံပင်တွေ ကပိုကရို လွင့်ပါနေသည်။ ကိုယ့်တစ်ကိုယ်လုံးမှာ
ကျောက်စွန်းရှရာများက ထွန်ကြောင်းများပမာ ကွေ့စိုက်နစ်ဝင်လျက်
မျက်နှာကို ရေစက်တို့နှင့်ပက်တောက်ရင်း လေဆန်ကို ဦးတည်ကာ
ကိုယ်ဆက်လျှောက်ခဲ့ရသည်။

ထိုလမ်းမှာ ရိက္ခာပြတ်လပ်ကာ ကိုယ့်ခန္ဓာ စင်းစင်းလဲကျ
ထိုလမ်းမှာ သားရဲတို့ကိုတွန်းလှန်ရင်း ကိုယ့်ရင်က သွေးမ်းပွင့်အန်

www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းမှာ ကိုယ့်ကျင်းကိုယ်တူးပြီးမှ တောက်ခေါက်တာ အားလူ ပြန်ထ၊ ထိုလမ်းမှာ ကိုယ့်ဝိညာဉ် ကိုယ်ပြန်ခူးပြီး အတိုင်းမသိ နွမ်း ရုန်းထွက်၊ ထိုလမ်းမှာ ကိုယ့်ကိုယ်ကို အသံလွှင့်ပြီး နင့်သီးစွာ ကြွေး ဝါးအော်ဟစ် . . .

ထိုသို့ဖြင့် . . .

မြူငွေ့တို့ တလူလူစီးမျောနေသော နွေဦးရာသီ၏ နံနက် ခင်းတစ်ခုမှာ နေရောင်ခြည်ထက် စောပြီး ဤအရပ်သို့ ကိုယ်ရောက် ရှိလာခဲ့ပေသည်။

ထို့နောက် မနီးမဝေးမှ ကသစ်ပင်ကြီးရှိရာသို့ လှမ်းလျှောက် သွားကာ ကသစ်ပင်ခြေရင်းမှ အပြာရောင်အုတ်ဂူကလေးအား တမေ့တမော ကြည့်မိလျက်သား ဖြစ်နေပြန်၏။

ကြည့်နေရင်း မျက်ဝန်းတို့စိုစွတ်ကာ ကိုယ်နှင့် အုတ်ဂူ ကလေးအကြားမှာ တိမ်အဆင့်ဆင့် ပွင့်လာသလိုပင် မြင်ယောင် ခံစားရ၏။

ခြေလှမ်းအနည်းငယ် ဆက်လျှောက်သွားပြီး တိုင်ထူတား သော ကမ္ပည်းစာတို့အား အသံတိုးတိုးဖြင့် ကိုယ်ဖတ်ကြား၏။ ထို ကမ္ပည်းတိုင်၌ အုတ်ဂူထဲမှ ပန်းပုပညာရှင်ကြီးအကြောင်းကို မြင့် ခေါင်သော စာအဖွဲ့တို့ဖြင့် ရေးမှတ်စုပေါင်းထားသည်။

ထိုစာတို့ကို တစ်ကြောင်းခြင်းဖတ်ရင်း ကိုယ့်ရင်ထဲမှာ ချမ်း မြေ့လေးနက်လာခဲ့သည်။ ကမ္ပည်းတိုင်၏နံဘေးမှာ ကြာမြင့်စွာ ရပ် တန့်ရင်း နေလနှင့် မီးတောက်တို့ထက် လင်းသော ဝိညာဉ်ပိုင်ရှင်ကို သန့်စင်စွာ ဦးခိုက်ခဲ့ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



လေက ပစ်စလက်ခတ်တိုက်နေဆဲ ဖြစ်၏။ အဝေးသို့လွင့်နေသော ကိုယ့်အတွေးတို့ကို ပြန်လည်စုယူလိုက်သောအခါ လိုဏ်ဂူထဲမှ ပန်းပုရုပ်ကလည်း ကိုယ့်ကို ဆွဲယူမျိုဝါးပြီး ဖြစ်လေ၏။ ကိုယ်သည် ဤအတိုင်း မနေနိုင်တော့။ ဂူထဲသို့လှည့်ဝင်ကာ ပန်းပုရုပ်ရှေ့မှာ ကိုယ်ရပ်၏။ ဆောက်ချက်တို့ အကြမ်းကြမ်းအထစ်ထစ်ဖြင့် ပန်းပုရုပ်သည် ရှင်အံ့ဆဲဆဲ အသက်ဝင်နေသည်။

ထိုပန်းပုရုပ်ပေါ်မှ ဖုန်မှုန့် ဖုန်မွှားများကို ဖြည်းညင်းစွာ ကိုယ်ခါချ၏။ ကိုယ့်လက်ချောင်းများကို ပြောင်းပျော့စွာ ပြန်စိုက်ကြည့်မိသလို ထက်မြသော ဆောက်သွားကိုလည်း လျှာဖျားနှင့် လျက်လိုက်မိသည်။

ထို့နောက် ဘာကိုမှမသိတော့. . . .။

*

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပိုင်း (၃)

လိုဏ်ဂူအတွင်း၌ လွန်ကျူးခက်ခဲသော ပန်းပုရုပ်တစ်ရုပ်ကို ဤသို့ စိတ်ဖြာထုလုပ်ရင်း တိတ်ဆိတ်နေရခြင်းသည် ကိုယ့်အတွက် အိပ်ရေးပျက်တတ်သော "နိဗ္ဗာန်"သို့ ရောက်နေရခြင်းပင် ဖြစ်၏။ ကိုယ်နေပျော်လေသည်။

ပန်းပုရုပ်ရှေ့မှာ မကြာမကြာ ရုပ်တန့်တွေဝေရင်း မြေမှုန့်တမျှ သေးငယ်ဖူးသလို ဟိမဝန္တာတမျှလည်း ကြီးကျယ်ဖူး၏။ ကိုယ့်ကိုယ်ကို ပြန်လည်မရိတ်သိမ်းနိုင်သော အရိုင်းတောအုပ်ကြီးပမာ ဆူးပန်းတွေလည်း အပြိုင်းအရိုင်း ပွင့်ထလာဖူးသည်။

အိပ်မက်ထဲမှာပင် ပန်းပုရုပ်နှင့် အပြန်အလှန် လုံးထွေး သတ်ပုတ်နေရပါတော့သည်။

ပန်းပုရုပ်၏ နှာခေါင်းပေါက်အတွင်းသို့ အငွေ့တွေ မှုတ်သွင်းတာ ဘာဖြစ်လာမလဲဟု ကိုယ် စောင့်ကြည့်ဖူး၏။ ပန်းပုရုပ်၏

www.burmeseclassic.com

www.burmeseclassic.com



ကျောနှင့်ရင်ကို လက်ဖဝါးနှင့် တဖြန်းဖြန်းရိုက်ပုတ်ကာ အခါခါလည်း ကိုယ်လှုပ်နှိုးဖူး၏။ တချို့သော အချိန်များမှာ ပန်းပုရုပ်၏ အသား များကို ဖွဖွရွရွ ဆုပ်နယ်ဖျစ်ညှစ်လျက် ပင့်သက်ကို မော့လှန်ရှူလိုက် ရပြန်သည်။

နေ့များ၊ ညများက လေတစ်ချက် ရှပ်လိုက်သလို ဖြတ်ပြေး သွား၏။ ဥဂ္ဂူထဲတွင် ကိုယ်စားခဲ့သည့် တစ်ချို့သောသစ်သီးများ တစ်ကျော့နှစ်ကျော့ ပြန်သီးကြပြီ။ ကိုယ်က အားလုံးကို မေ့လျော့ ကာ ပန်းပုရုပ်ထုလုပ်ခြင်းမှာ အကြွင်းမဲ့သက်ဝင်ဆဲ။

နောက်ပိုင်းကာလ၏ အချို့ညများတွင် ကိုယ်သည် လိုဏ် ဂူမှထွက်ကာ ပန်းပုဆရာကြီး၏ အုတ်ဂူရှိရာသို့ လျှောက်သွားတတ် သည်။ ကမ္ဘည်းတိုင်မှ စာတို့ကို လရောင်အောက်မှာ မှုန်ဝါးဝါးနှင့် ရမ်းရော်ဖတ်ရင်း သန်းခေါင်ယံ 'လမွန်းတည့်ချိန်' ကို ငေးမျှော်စောင့် စားနေခဲ့ဖူးလေသည်။

ထိုအချိန်၏ ညဥ့်လေက ပြေပြစ်သော်လည်း အေးလဲ့နေ တတ်သည်။ အုတ်ဂူတစ်လုံးနှင့် သစ်အိုပင်တစ်ပင်၊ ကမ္ဘည်းတိုင်တစ် တိုင်နှင့် လူငယ်တစ်ယောက်၊ ကြောက်မက်ဖွယ်ရာ လူးလာပျံသန်း နေကြသော လင်းနို့တောင်ပံများ၊ တောင်စဥ်တန်း၏ ကြီးကျယ်ခမ်း နားသော ညည်းတွားသံသဲ့သဲ့။

အုတ်ဂူကလေးနံဘေးမှာ ဒူးပိုက်ထိုင်ကာ ကိုယ့်အာရုံတွေ ရီရီဝေဝေ။

ဘာပဲဖြစ်ဖြစ် အနုပညာကို ကိုယ်ချစ်သည်။ အနုပညာဟူ သည် ကြယ်တို့ လွတ်လပ်လင်းဝေကြသော မိုးကောင်းကင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အနုပညာသည် ကိုယ်၏ဝိညာဉ်၊ အနုပညာသည် ကိုယ်၏မြင်းခိုင်း အနုပညာသည် ကိုယ်၏ လရောင်ဓားကွေး၊ (တစ်ခါတစ်ခါတော့လည်း) အနုပညာသည် ကိုယ့်ရင်အုံကို ဖုံလုပ်၍တီးသော စုန်းပို့မ၊ ထိုမျှ . . .

အနုပညာကို ကိုယ်ချစ်ခဲ့ရလေသည်။ ပန်းပုရုပ်နှင့်ကိုယ်သည် ဗျည်းသံ၊ သရသံတို့မပါဘဲ စကားများစွာ ပြောခဲ့ကြသည်။ ဆောက်သွားကိုင်မြောက်ကာ သူ့ကိုထုဆစ်နေရင်းက အာခေါင်လည်း ခြောက်ခဲ့ရဖူးသည်။ ရေလည်း ဆာခဲ့ရဖူးသည်။ သူ့ရှေ့မှောက်မှာ အခါအခါကျဆုံးပြီး ကိုယ့်ကိုယ်ကိုကျိန်ဆဲခဲ့ရသော အကျိန်တို့သည်လည်း မနည်းတော့။

(အလကားဘဝ၊ ရင်ခွင်မှာ ချုပ်ကြောင်းတစ်ရာနဲ့ကောင်၊ မျက်နှာနဲ့ မဆန့်အောင်ပြုံးပြချင်တဲ့ လူမိုက်၊ သဲကန္တာရကို ရေနဲ့ပက်ပြီး ယပ်ခပ်ပေးနေတဲ့ အရူး၊ သူများတကာ မြင်းရထားလို လိမ့်ထွက်သွားချိန်မှာ တိုင်မှီပြီးငေးကျန်ရစ်တဲ့ လှည်းဘီးအစုတ်၊ သံရှည်ဆွဲပြီး အူမိလို့ အသက်ရှူမဝဖြစ်နေတဲ့ တောခွေး . . .။)

နောက်တော့လည်း ကိုယ်ပြန်လည် ငြိမ်သက်လာသည်။ ပန်းပုရုပ်ရှေ့မှာ ဆောက်သွားကို ကိုင်မြောက်လိုက်ပြန်သည်။ စစ်ကူမရှိသောကြောင့် ကိုယ် ရဲရင့်ရပေမည်။

*

www.burmeseclassic.com

www.burmeseclassic.com

# ဖြစ်ပိုင်း(၄)

ညက ကိုယ်အိပ်မက် မက်၏။ အိပ်မက်ထဲမှာ ကိုယ့်ပန်းပုရုပ်က သူ့အရေခွံအတွင်းမှ ရုတ်ခနဲခုန်ထွက်သွားသည်။ မှော်ရင်းဝေသော တောလမ်းဘေးတစ်ခုမှာ ပန်းလှလှလေးတစ်ရုံကို ခြေဖြင့်လှိမ့်ကန်ရင်း သူထွက်သွားခြင်းဖြစ်သည်။

ကိုယ်သတိပြုမိသည်ကတော့ သူထွက်သွားစဉ် ကောင်းကင်ပေါ်မှာ လျှောင်လှုပ်ပြီး အချို့သော ဥက္ကာပျံများ ကောက်ကွေ့လျက် အလင်းကြွေ ကြွေသွားခြင်းပဲဖြစ်လေသည်။

ရွှေမြို့တော်တစ်ခု၏ နန်းအုတ်ရိုးပေါ်သို့ သူရောက်သောအခါ မြူငွေ့ဝင်စားသော လရောင်ပြာပြာများက သူ့ကိုယ်ပေါ် စီးဝင်ပျော်ကြလျက်ရှိခဲ့၏။ သူရဲခို သူရဲပြေးများကြားမှာ လျှောက်သွားနေရင်းက မြွေတစ်စင်းလို နှုတ်ခမ်းဖျားမှာ တွေ့လျက် တူရိယာသံကို 'ဒလံ. . . ဒလံ'ဟု လိမ့်ထွက်အောင်သူမှုတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မြို့ထဲသို့တိုးဝင်သွားကာ အချို့လူများ၏ နှာခေါင်းကို သူဖြတ်ယူလာသည်။ အသက်ရှူ မရတော့သောလူများ မြေပေါ်သို့ ဖြည်းညင်းစွာ လဲကျသွားသည်။ ပုရောဟိတ် တစ်ပါး၏ မျက်နှာကိုလည်း စဉ့်နှီးတုံးလုပ်ရန် သူ ချွတ်ခွာယူခဲ့ပြန်သည်။ လိုဏ်ဂူသို့ ပြန်လာသောအခါ လယ်သမားတစ်ဦးကို အရိုးမပါ၊ အသားချည်းပဲ အိတ်နှင့်ထည့်ပြီး ယူလာလေသည်။

နိုးထလာသော ကိုယ်က သူ့ဆီ ဒယီးဒယိုင် လျှောက်သွားပြီး လက်ထဲမှဆောက်သွားဖြင့် သူ့ဘယ်ဘက်ရင်ခွင်ဆီ ထိုးစိုက်ချရန် ရွယ်မြှောက်လိုက်ပါသေး၏။ ထိုခဏမှာ ပတ်ဝန်းကျင်လည်း မညီမညာ တိတ်ဆိတ်သွားပါသည်။ သက်ပြင်းကို မှုဉ်းချရင်းက ကိုယ့်ကိုယ်ကို ပြန်လည်ထိန်းချုပ်ရ၏။ ထို့နောက် ထိုပန်းပုရုပ်အတွက် နောက်ဆုံးအဆင့်လက်ရာများကို အသက်ရှူတစ်ချက် မမှားရဘဲ ကိုယ်ထုဆစ်နေရပါတော့၏။

ပန်းပုရုပ်ထုဆစ်၍ ပြီးဆုံးပါတော့မည်။ လိုဏ်ဂူထဲမှာ ကိုယ်အိပ်မက်မက်စဉ် တစ်ခါတစ်ခါ ခြေသံရှုပ်ရှုပ်ကြားရသလို ရှိ၏။ လိုဏ်ဂူထဲမှာလည်း ကိုယ်နှင့်ပန်းပုရုပ်ပဲရှိတာ သေချာသဖြင့် ပန်းပုရုပ်ကပင် အသက်ဝင်နေသယောင် ကိုယ်ထင်မိသည်။ သူ့ရင်ခုန်သံတို့ ရင်ဘတ်မှာ ကပ်နားထောင်ကြည့်ရင်းက ကိုယ်စိတ်မချ ဖြစ်မိသည်။ ထို့ကြောင့် ကိုယ်အိပ်စက်ပြီဆိုလျှင် သူ့ကို စောင်အနွေးထည်ခြုံ အုပ်၍ လိုဏ်ဂူထောင့်တစ်နေရာသို့ ရွှေ့ထားရပါတော့သည်။

ပြီးခဲ့သောရက်ပိုင်းအတွင်းမှာ လိုဏ်ဂူစောင့်သော အဘိုးအို ကိုယ့်ဆီလာသည်။ သူက ဤသို့မေး၍ ကိုယ်က ဤသို့ဖြေခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



သည်။

"သူငယ်. . . မင်းအခု ထုနေတာ နတ်ရုပ်ဖြစ်နေပါရော့လား။ နတ်ရုပ် ဘယ်လောက်ကောင်းကောင်း ဘုရားရုပ်ထုကို မီစရာမရှိဘူး၊ မင်းမှားသွားပြီထင်တယ် သူငယ်"

"အဘိုး ဒီပန်းပုရုပ်ဟာ အဘိုးပြောသလို ငြိမ်းအေးသပ္ပာယ်တဲ့ ပန်းပုရုပ်ထုကို အကောင်းဆုံးဖြစ်အောင် ထုဆစ်ပြီးကာမှ ပန်းပုဆရာတစ်ယောက်အနေနဲ့ ခန့်မှန်းတိုင်းဆလို့ရမယ့် ရုပ်ထုတစ်မျိုးကိုပဲ"

". . . . . . . . . ."

ဘုရားရဲ့ ငြိမ်းအေးချမ်းမြေ့မှုကို ခံစားရပြီးကာမှ ဘုရားကိုရန်မူမယ့်အမြင့်ဆုံးရန်သူရဲ့ အတိုင်းအတာကို ခန့်မှန်းနားလည်ရပါတယ်။ ဟုတ်တယ်. . . အဘိုး။ ဒီအရုပ်ဟာ နတ်ရုပ်ပါပဲ။ ဘုရားရဲ့ အမြင့်မားဆုံး ရန်သူဖြစ်သလို အနက်ရှိုင်းဆုံး ပါရမီဖြည့်ဖက်လည်းဖြစ်တယ်။ ဒါ မာရ်နတ်ရဲ့ရုပ်တုပဲ"

ပန်းပုရုပ်ပေါ် အုပ်ထားသော ချည်စောင်အနက်ကို ကိုယ်ခွာချလိုက်၏။

"အို"

*

www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်ပိုင်း (၅)

သိပ်ဟ်ရာသီ၏ညက ရင့်မှောင်လှ၏။ လျှပ်စီးတွေ လက်လက်ဝင်းပြက်ပြီး မိုးတိမ်များကလည်း တိုက်စည်လို ဂျိမ်းဂျိမ်းတီးရိုက်နေကြသည်။ လေတွေက ဟူးဟူးတိုက်၏။ လျှပ်ရောက်ပြေးတိုင်းမှာ ဆံမျှင်တို့ ရှည်လျားစွာဖြင့် မာရ်နတ်ရုပ်တုကို ထမ်းပြီး တောင်ဝတ်လမ်းမှ ရွေ့ရွေ့တက်လာသော ကိုယ့်ကို မြင်ရလိမ့်မည်။

ဗုဒ္ဓလိုဏ်ဂူရှေ့မှာ ကိုယ်ရပ်သည်။

"အို. . . ရှင်တော်ဘုရား"

မီးရောင်အောက်မှာ လင်းမြစွာဖူးတွေ့လိုက်ရသည့် ဗုဒ္ဓရုပ်ပွားတော်ကား ကြည်ညို သပ္ပါယ်လွန်းလှ၏။ အလွဲလွဲအမှားမှားဖြစ်မိသော ဆုတောင်းစာတို့ကို ထစ်ငေါ့စွာ ကိုယ်ရွတ်ဆိုရင်း ရင်ဘွင်းမှာ ငြိမ်းအေးရှင်းသန့်နေသည်။ ထိုအခိုက်မှာပင် သေသတ်ချုပ်သွားစရာကောင်းသော မြင်ကွင်းတစ်ခုကို ကိုယ်မြင်၏။ တလွှင်

www.burmeseclassic.com

www.burmeseclassic.com



လွှင် လှုပ်ခတ်နေသော မီးရောင်အောက်မှာ ကိုယ့်နောက်က ကုန်းရှုန်းထသော အရိပ်တစ်ခုကို တွေ့လိုက်ရ၏။

"ဟင်"

နောက်သို့လှည့်ကြည့်ရင်း ကိုယ့်သွေးတို့ ဖျဉ်းခနဲ ဆူသွား၏။ တွေ့လိုက်ရသည်ကား ကိုယ်၏ပန်းပုလက်ရာ၊ ကြောက်ခမန်းလိလိ လှပခက်ထန်သည့် ရန်သူတော်မာရ်နတ်၊ ပြုံးဝင်းထင်ရှားကာ ကိုယ်တို့၏ ဗုဒ္ဓရုပ်ပွားတော်အား စူးစိုက်ကြည့်နေတော့၏။

သူ့အကြည့်များ မုန်းတီးစက်ဆုပ်မှု၊ သူ့မျက်နှာမှာ နာကျင်ကြောက်ရွံ့ခြင်း၊ သူ့တစ်ကိုယ်လုံးက ဆူမြိုက်နေတဲ့မီးလျှံလို ရှန်းရှန်းလွင်ခတ်။ ကိုယ်တို့၏ဗုဒ္ဓကို ခုန်အုပ်တိုက်လှဲချမည့်အသွင်ဖြင့် စိုက်ထားတဲ့ သွားစွယ်တွေကို ဖြန့်ထုတ်လိုက်သလို ခြေသည်းလက်သည်းတွေ ရှည်လျားချွန်မြ ထွက်လာမတတ်. . . မာရ်နတ်. . . အို. . . မာရ်နတ်။

ကိုယ့်ခြေထောက်တို့ကို နောက်သို့ ဖြည်းဖြည်းချည်း ရွှေ့ဆုတ်နေမိ၏။ လိုဏ်ဂူအပြင်၌လည်း မိုးတွေလေတွေ ပို၍ဟည်းချဆူညံလာသည်။ ဗုဒ္ဓ၏ရုပ်ပွားတော်က မာရ်နတ်၏အရှေ့မှာ ပို၍တည်ငြိမ် ချမ်းမြေ့လာသည်ကို မျက်ဝါးထင်ထင် ငါမြင်၏။ အေးမြစွာ မေတ္တာဖြင့် လွှမ်းပတ်ရင်း ဂူထဲမှာ ဗုဒ္ဓဓာတ်တော်ကို ငြိမ်ဝပ်လာစေ၏။ မာရ်နတ်ဆီမှ အမောက်ထောင်ထသော ညို့လှိုင်းတို့ကို အဖန်တလဲလဲ ပြတ်တောက် လွင့်ပြယ်ကြစေ၏။

ထိုအခိုက် လေကြမ်းပတ်တိုက်၏။ မီးတောက်ကလေးသည် မတတ် ညှိုးမှိန်ကာ ဂူထဲမှာ ပိန်းမှောင်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဗုဒ္ဓနှင့်မာရ်နတ်တို့က တောက်ဝန်းထည်ဝါလျက်ပင် ဖြစ်၏။ ကိုယ့်ရင်တို့ တထိတ်ထိတ်ခုန်သည်။ မီးရောင်ပြန်လင်း၏။ သို့သော် မာရ်နတ်က မီးရောင်ထက်လင်းပြီး ဗုဒ္ဓက အားလုံးထက် ပိုလင်း၏။ ကြက်သီးဖြန်းဖြန်းပွင့်ပြီး ကိုယ်နားလည်လိုက်သည်က မာရ်နတ်ကို ဗုဒ္ဓ တရားပြတော့မည်။

"........"

ဘာကြောင့်ရယ်မသိ။ ကျယ်လောင်စွာ ကိုယ် ညစ်အော်အလိုက် လေဖြတ်အတိုက်မှာ မီးတိုင်းငြိမ်းသေ ခေါင်းထဲမှာ မူးမိုက်တာ ကိုယ်. . . လဲ. . . ကာ. . . သွား။

*

www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်ပိုင်း (၆)

တစ်ခါတုန်းက 'သုည' တစ်လုံးရှိခဲ့ပါသည်။ ထိုသုညသည် ပင်လယ်ထဲသို့ ခုန်ချခဲ့သည်။

ပင်လယ်ထဲသို့ နစ်သွားမလား၊ ပင်လယ်နှင့်အတူ မျောနေမလား၊ ပင်လယ်က ပန်သော ပန်းတစ်ပွင့်ပဲ ဖြစ်လာမလား။ လောက ကတော့ သူ့ထုံးစံအတိုင်း ဝေးဝါးလျက်ပဲ ရှိလေသည်။

*****

www.burmeseclassic.com

www.burmeseclassic.com

# အပြာရောင် ကြက်ခြေခတ်ကလေး

www.burmeseclassic.com

www.burmeseclassic.com

ယုတ္တိနည်းကျ'နေ'တဲ့ ကျွန်တော်ဟာ ခေါင်းအေးတယ်။ ထက်မြက်တယ်။ အကွက်မြင်တယ်။ ပိုင်းခြားသိမြင်တတ်တယ်။ ချွန်မြတယ်။ ပြီးတော့ ပါးနပ်လိမ္မာတယ်။ ကျွန်တော်ဟာ အဲ့ဒါတွေအားလုံးနဲ့ ပြည့်စုံတယ်။ ကျွန်တော့်ရဲ့ဦးနှောက်ဟာ ဒိုင်နမိုတစ်လုံးလို စွမ်းအားကောင်းတယ်။ ဓာတုပညာရှင်ရဲ့ ချိန်ခွင်တစ်လက်လို ပြတ်သားတိကျတယ်။ ခွဲစိတ်ဆရာဝန်ရဲ့ ဓားငယ်တစ်လက်လို ထိုးဖောက်နိုင်တယ်။ တွေးမိပါ့မလား။ ကျွန်တော်ဟာ ဆယ့်ရှစ်နှစ်ပဲ ရှိပါသေးတယ်။

ငယ်ငယ်ရွယ်ရွယ်နဲ့ အသိဉာဏ် ဒီလောက်ပြည့်ဝဖို့ဆိုတာ တစ်ခြားတစ်ယောက်အတွက်ဆို လွယ်မှာမဟုတ်ဘူး။ ဥပမာ. . တက္ကသိုလ်မှာ ကျွန်တော်နဲ့ တစ်ခန်းထဲနေတဲ့ 'ပတ်တီဘဲလို' လိုကောင်မျိုးကို ပြရမယ်။ ကျွန်တော်နဲ့ အသက်အတူတူပဲ။ ဘဝနောက်ခံ အခြေအနေချင်းလည်း တူတယ်။ ဒါပေမဲ့ အဲ့ဒီကောင်ဟာ နွားသိုးတစ်ကောင်လို တုံးတယ်။ ပေါင်းသင်းရတာတော့ ကောင်းပါတယ်။ အဆင့်နိမ့်တယ်။ အီမိုရှင်နယ်ဆ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပ် Emotional type ပဲ။ မတည်ငြိမ်ဘူး။ စိတ်ခံစားမှုနောက်တို လိုက်တယ်။ အဆိုးဆုံးကတော့ ဒီကောင်ဟာ Faddist တစ်ယောက်ပဲ။ ဖက်ရှင်နောက် အရမ်းလိုက်တယ်။ ဖက်ရှင်နောက်လိုက်တာဟာ ဆင်ခြင်တုံတရားနဲ့ ကင်းလွတ်တာလို့ ကျွန်တော်ယူဆတယ်။ သူများတကာလုပ်တိုင်း လိုက်လုပ်တာ၊ ဝင်ရှုးတာဟာ အသိဉာဏ်ခေါင်ပါးမှုပဲ။ အဲ့ဒါဟာ အသိဉာဏ်မရှိမှုရဲ့အထွက်အထိပ်ပဲလို့ ကျွန်တော် ခံယူတယ်။ ဒါပေမဲ့ ပတ်တီကတော့ အဲ့ဒီလိုမဟုတ်ပါဘူး။

တစ်နေ့နေ့လည်မှာ သူ. . . အိပ်ရာထဲလဲနေတာ တွေ့တယ်။ သောကရောက်နေတဲ့မျက်နှာနဲ့ပါပဲ၊ ဒီကောင် 'အူအတက်ပေါက်ရောဂါ' ရနေပြီလို့ ကျွန်တော် ကောက်ချက်ချလိုက်တယ်။

"ငြိမ်ငြိမ်နေ"

ကျွန်တော်က ပြောလိုက်တယ်။

"ဝမ်းနုတ်ဆေးလည်း မစားနဲ့နော်၊ ငါ ဆရာဝန်သွားခေါ်လာခဲ့မယ်"

"ရက်ကွန်း"

သူက လေးလေးလံလံ ညည်းတွားသည်။

"ရက်ကွန်း"

ပြေးသွားမယ့်ကိုယ်ရှိန်ကို ပြန်သပ်ရင်း ကျွန်တော် ရှေ့ရွှတ်မိတယ်။

'ရက်ကွန်းအင်္ကျီတစ်ထည်လောက် ငါ လိုချင်တယ်ကွာ' သူ ညည်းတွားတာပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရောဂါက ရုပ်ပိုင်းဆိုင်ရာနဲ့မပတ်သက်တဲ့ စိတ်ပိုင်းဆိုင်ရာမှန်း ကျွန်တော် သဘောပေါက်လိုက်တယ်။ ရက်ကွန်း (Raccon) ဆိုတာက ဝက်ဝံမျိုးနွယ် တစ်မျိုးပါ။ မြောက်အမေရိကတိုက်မှာ ရှိပြီး အဖြူနဲ့အနက်ကျား အရေခွံရှိတယ်။ အမြီးဖွားဖွားတွေနဲ့။ အခု ဒီကောင်က ရက်ကွန်းအရေခွံနဲ့ချုပ်ထားတဲ့ ကုတ်အင်္ကျီကို လိုချင်နေတာပါ။

'ရက်ကွန်းအင်္ကျီကို မင်းက ဘာလုပ်မလို့လဲ"

'ငါ. . . ထင်တော့ထင်သားကွာ'

သူ့နားသယ်ကို သူထုပြီး အော်တယ်။

'ချာလီစတုန်း ပြန်ပေါ်လာတာနဲ့ ဒီအင်္ကျီတွေလည်း ပြန်ပေါ်လာမယ်ဆိုတာကို ငါ တွေးထားသင့်တယ်။ ခုတော့ ငါ့မှာရှိတဲ့ပိုက်ဆံလည်း ဖက်စာအုပ်တွေဝယ်လိုက်လို့ကုန်ပြီ။ ရက်ကွန်းအင်္ကျီကို ဘယ်လိုလုပ် ဝယ်နိုင်တော့မလဲ'

'ဘယ့်နှယ်ဟာတုန်းဟ'

ကျွန်တော် မယုံမကြည်နဲ့ ပြန်ပြောလိုက်တယ်။

'ရက်ကွန်းအင်္ကျီကြီးကို ပြန်ဝတ်နေကြပြန်ပြီလား၊ အတိအကျလား'

'တက္ကသိုလ်ထဲက ဂုဏ်မြောက်တဲ့လူတွေအားလုံး အဲ့ဒါတို ဝတ်ကုန်ပြီ။ မင်းက ဘယ်ရောက်နေတာလဲ'

'စာကြည့်တိုက်ထဲမှာလေ'

သူပြောတဲ့လူတွေက (စာကြည့်တိုက်ဆိုတဲ့) နေရာကို မလာကြဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



ပတ်တီဟာ အိပ်ရာထဲကခုန်ထပြီး အခန်းထဲမှာ လမ်းလျှောက်နေတယ်။

'ရက်ကွန်းအကျီတစ်ထည်တော့ ရမှာဖြစ်မယ်'

မက်မက်မောမောကို သူပြောနေတယ်။

'ရမှ ဖြစ်မယ်'

'ဘာကြောင့်လဲ ပတ်တီ၊ သေသေချာချာ ဆင်ခြင်စဉ်းစားစမ်းပါဦး၊ ရက်ကွန်းအကျီတွေဟာ လေးလည်းလေးတယ်။ နံ့လည်းနံ့တယ်။ အကြည့်ရဆိုးတယ်။ ကျန်းမာရေးနဲ့လည်း မညီညွတ်ဘူး။ အဲ့ဒီအကျီတွေဟာ. . .

'မင်း နားမလည်ပါဘူး'

သူက စိတ်မရှည့်ဘဲ ဖြတ်ပြောတယ်။

"သူများတွေလည်း ဝတ်နေပြီပဲ မင်းမဝတ်ချင်ဘူးလား'

'ဟင့်အင်း'

မှန်တဲ့အတိုင်း ပြန်ပြောလိုက်တယ်။

'ငါကတော့ ဝတ်မယ်'

သူ. . . ကြေငြာတယ်။

'ရက်ကွန်းအကျီသာ ရမယ်ဆိုရင် ဘာပဲပေးရပေးရ ပေးမယ်'

ကျွန်တော့်ဦးနှောက်လို မှန်ကန်တိကျတဲ့ ကိရိယာက အလုပ်ကို အပြင်းအထန်လုပ်လာပါပြီ။ သူ့ကို ငဲ့ကြည့်ရင်း မေးလိုက်တယ်။

'ဘာဖြစ်ဖြစ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်ဖြစ်ကွာ'

သူက အခိုင်အမာကို ပြောတယ်။

မေးစေ့ကိုပွတ်ရင်း ကျွန်တော် တွေးနေမိတယ်။ ရက်တွန်းအကျိုးရနိုင်တဲ့နေရာက ကျွန်တော့်လက်တစ်ကမ်းမှာကို ရှိတယ်။ ကျွန်တော့်အဖေ ကျောင်းသားဘဝတုန်းက အဲ့ဒီအကျိုးတစ်ထည်ရှိခဲ့တယ်။ အိမ်ရဲ့ကျွန်းသေတ္တာကြီးထဲမှာ သိမ်းထားတယ်။ ဖြစ်ချင်တော့ ပတ်တီးဆီမှာလည်း ကျွန်တော်လိုချင်တဲ့ အရာတစ်ခုရှိနေတယ်။ သူပိုင်တာရယ် အတိအကျတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့မှာ အဦးဆုံး အခွင့်အရေးရှိနေတယ်။ ကျွန်တော်ရည်ရွယ်နေမိတာက သူ့မိန်းကလေး ပေါ်လီအက်စ်ပီးကိုပါပဲ။

ပေါ်လီ့ကို ကျွန်တော်လိုချင်နေမိတာကြာပါပြီ။ အကျယ်တော့ ပြောရလိမ့်မယ်။ သူ့ကို ကျွန်တော်ဆန္ဒရှိနေတာဟာ စိတ်လှုပ်ရှားတတ်တဲ့ သဘာဝကြောင့် မဟုတ်ပါဘူး။ သူမကတော့ ကျွန်တော့်ကို စိတ်လှုပ်ရှားစေတာ သေချာပါတယ်။ ဒါပေမယ့် ကျွန်တော်က နှလုံးသားကို ဦးစားပေးသူမဟုတ်ပါဘူး။ ဦးနှောက်ကို ဦးစားပေးသူဖြစ်တယ်။ ကျွန်တော် ပေါ်လီ့ကို လိုချင်တာက ဦးနှောက်ရဲ့ ကြောင်းကျိုးဆင်ခြင်မှု အရပါ။ တွက်ချက်စီမံမှုနဲ့ပါ။

ကျွန်တော်ဟာ တက်ကြွတဲ့ ဥပဒေကျောင်းသား တစ်ယောက်ပဲ။ နောက် နှစ်အနည်းငယ်အတွင်းမှာ လက်တွေ့လုပ်ကိုင်ရတော့မယ်။ ရှေ့နေကောင်းတစ်ယောက်ဖြစ်ဖို့ ဇနီးကောင်းတစ်ယောက်လိုတယ်ဆိုတာ ကျွန်တော် မြင်ထားတယ်။ ကျွန်တော် လေ့လာမိသလောက်တော့ အောင်မြင်တဲ့ရှေ့နေတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



လှပတဲ့ ကျက်သရေရှိတဲ့ ဉာဏ်ပညာထက်မြက်တဲ့ မိန်းမတွေကို လက်ထပ်ခဲ့ကြတယ်။ ပေါ်လီဟာ အဲ့ဒီရည်ရွယ်ချက်တွေ အားလုံးထဲမှာ တစ်ခုပဲ ကျန်တော့တယ်။

သူဟာ လှပတယ်။ အချိုးအစားအကျကြီးလို့ မဆိုနိုင်သေးပေမယ့် အချိန်ကျလာတာနဲ့အမျှ ဖြစ်သင့်တာတွေ ဖြစ်လာလိမ့်မယ်။

သူမဟာ ကျက်သရေရှိတယ်။ နေရာအားလုံးမှာပါပဲ။ ကျော့ကျော့မော့မော့ကလေး သွားလာလှုပ်ရှားတတ်တယ်။ မြင့်မားတဲ့မျိုးနွယ်က ပေါက်ဖွားလာမှန်း သိသာတယ်။ စားပွဲသောက်ပွဲမှာဆိုလည်း လှပတင့်တယ်ပြန်တယ်။ ကိုဇီစားသောက်ဆိုင်မှာ သူမရဲ့ လှပတင့်တယ်တဲ့ စားသောက်ပုံကို ကျွန်တော် တွေ့ခဲ့ဖူးတယ်။ ဣန္ဒြေလည်း နည်းနည်းမှမလျော့ဘူး။

သူမမှာ ဉာဏ်ရည်ဉာဏ်သွေးတော့ သိပ်မရှိဘူး။ အခြေအနေမှန်ကနေ လွဲချော်နေတတ်တယ်။ ဒါပေမဲ့ ကျွန်တော်က လမ်းပြထိန်းကွပ်ပေးရင် သူမ တိုးတတ်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်။ ကြိုးစားရင်ဖြစ်လာမှာပါ။ ရုပ်ဆိုးပြီး ဉာဏ်ထက်တဲ့ မိန်းကလေးတစ်ယောက်ကို လှပအောင်လုပ်ဖို့ မလွယ်ပေမယ့် လှပပြီး ဉာဏ်နည်းတဲ့မိန်းကလေး တစ်ယောက်ကို ဉာဏ်ကောင်းအောင်လုပ်ဖို့က လွယ်မှာပါ။

"ပတ်တီ"

ကျွန်တော်က စကားစ,လိုက်တယ်။

"မင်းနဲ့ ပေါ်လီနဲ့ ချစ်နေကြသလား"

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ ဆွဲဆောင်နိုင်တဲ့ မိန်းကလေးတစ်ယောက်လို့ ငါ ထင်တယ်။ ဘာဖြစ်လို့ မင်း ဒီလိုမေးတာလဲ။ ငါတို့ဟာ ချစ်သူတွေ မဟုတ်ကြဘူးဆိုရင် ဘာဖြစ်လို့လဲ"

"ဒီလိုလား"

ကျွန်တော်က ပြောလိုက်တယ်။

"မင်းနဲ့သူနဲ့ ပုံမှန်တွဲနေကြတယ် မဟုတ်လား၊ ဆိုလိုတာ တကွာ မင်းတို့ တစ်ယောက်ကိုတစ်ယောက် သဘောကျနေကြတယ်မဟုတ်လား"

"မဟုတ်ပါဘူး၊ ငါတို့ တွဲနေကြတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် တို့နှစ်ယောက်လုံး တစ်ခြား အဖော်တွေနဲ့လည်း တွဲနေတတ်ကြတာပဲ။ သူလည်း တစ်ခြားသူနဲ့တွဲ၊ ငါလည်း တစ်ခြား မိန်းကလေးနဲ့ တွဲ၊ တွဲလေ့ရှိတာပါပဲ၊ ဘာဖြစ်လို့လဲ"

'တစ်ခြားလူတွေထဲမှာရော သူထူးထူးခြားခြား သဘောကျတဲ့လူ ရှိသလား"

'ငါ သိသလောက်တော့ မရှိပါဘူး၊ ဘာဖြစ်လို့လဲ'

ကျေကျေနပ်နပ်နဲ့ ကျွန်တော် ခေါင်းညိတ်မိတယ်။

'တစ်မျိုးမေးကြည့်မယ်ကွာ၊ မင်းသာမရှိဘူးဆိုရင် အဲ့ဒီလမ်းဟာ ပွင့်နေပြီပေါ့၊ ဟုတ်သလား'

'ဖြစ်နိုင်ပါတယ်၊ မင်းက ဘာကိစ္စမေးနေရတာလဲ'

'ဟင့်အင်း၊ ဘာမှတော့ မဟုတ်ပါဘူး'

ဘာမှမဟုတ်သလိုပြောပြီး သေတ္တာထဲက လက်ဆွဲအိတ်ကို ဖွင့်ယူလိုက်တယ်။ ပတ်တီက မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သွားမလို့လဲ'

'စနေ၊ တနင်္ဂနွေမှာ အိမ်ပြန်မလို့'

အိတ်ထဲကို ပစ္စည်းတစ်ချို့ ပစ်သွင်းလိုက်တယ်။

'နားထောင်စမ်းပါဦးကွာ'

ကျွန်တော့်လက်မောင်းကို ဆွဲကိုင်ရင်း ပတ်တီက ထက်ထက်သန်သန် ပြောတယ်။

'မင်းအဖေဆီက ပိုက်ဆံရခဲ့ရင် ငါ ရက်ကွန်းအကျီ်ဝယ်ဖို့ ချေးစမ်းပါကွာ. . . နော်"

'ဒါ့ထက်တောင် ကူညီနိုင်သေးတယ်'

ထူးဆန်းတဲ့ အကြည့်တစ်ချက်နဲ့ ပြန်ပြောလိုက်တယ်။ ပြီး လက်ဆွဲအိတ်ကိုပိတ်ပြီး အခန်းထဲက ထွက်လာခဲ့တယ်။

'ကြည့်စမ်း'

တနင်္လာနေ့မနက်မှာ ပြန်ရောက်တော့ ပတ်တီကို လက်ဆွဲအိတ်ထဲက အမွေးဖွားလျှားနဲ့ နံနံအရာကြီးကို ထုတ်ပြလိုက်တယ်။ ၁၉၂၅ခုနှစ်ဆီက ကျွန်တော့်အဖေဝတ်ခဲ့တဲ့ ဟာကြီးပေါ့။

'ဘုရားရေ. . .'

ပတ်တီက အံ့ဩတကြီးအော်တယ်။ ရက်ကွန်းအကျီ်ကြီးထဲကို လက်နဲ့ထိုးကြည့်တယ်။ သူ့မျက်နှာကိုလည်း ပွတ်သပ်ကြည့်တယ်။

"မြတ်စွာဘုရား"

အဲ့ဒီလို သူရေရွတ်နေတာ ဆယ့်ငါးကြိမ်(သို့မဟုတ်) အကြိမ်နှစ်ဆယ်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



'သဘောကျရဲ့လား'

'ကျမှကျ'

ခွဲကျိကျိအင်္ကျီကြီးကို သူ ဖမ်းကိုင်ထားတယ်။ ပြီးမှ သူ့မျက်လုံးထဲမှာ တစ်စုံတစ်ရာကို သတိရတဲ့ အရိပ်အရောင် ဝင့်လက်သွားပြီး . . .

'ဒီအင်္ကျီအတွက် မင်း ဘာကို ပြန်လိုချင်သလဲ'

'မင်းရဲ့ ကောင်မလေး'

ခပ်မာမာပဲ ပြောလိုက်တယ်။

'ပေါ်လီ'

သူ တုန်လှုပ်သွားတယ်။ အသံလည်း တိုးသွားလေရဲ့။

'မင်းက ပေါ်လီ့ကို လိုချင်တယ်'

'ဟုတ်တယ်'

သူယူထားတဲ့ ကုတ်အင်္ကျီကြီးကို လွှင့်ပစ်လိုက်တယ်။

'ဘယ်တော့မှ မပေးဘူး'

အော်ပြောလိုက်ပုံကတော့ တင်းတင်းမာမာပါပဲ၊ ကျွန်တော်က ပုခုံးတွန့်လိုက်တယ်။

"အိုကေ၊ သူများတွေလို ဝတ်ချင်စိတ် မင်းမှာမရှိတော့ဘူးဆိုရင်လည်း ပြီးတာပါပဲ၊ မင်း ကိစ္စပါ'

ကုလားထိုင်တစ်လုံးမှာထိုင်ပြီး စာဖတ်ချင်ယောင်ဆောင်နေလိုက်တယ်။ ဒါပေမဲ့ မျက်လုံးထောင့်ကတော့ ပတ်တီကိုအသိမသာ ကြည့်နေရတယ်။ သူ အတော်ခံစားနေရတယ်။ အစပိုင်းမှာတော့ သူဟာ မုန့်ဖုတ်ဆိုင်ပြတင်းဝက ကလေးငယ်လို ကျော်

www.burmeseclassic.com



အကျီကြီးကို လိုလိုချင်ချင်ငေးနေတယ်။ နောက်တော့ အံတင်းတင်းကြိတ်ပြီး ကျောခိုင်းပစ်လိုက်တယ်။ နောက်တော့ လှည့်ကြည့်ပြန်ရော။ လိုချင်မက်မောမှုက မျက်နှာမှာ ပိုပြီးပေါ်လာတယ်။ ပြန်လှည့်သွားပြန်တယ်။ ဒီအကြိမ်မှာတော့ သူ့ဆုံးဖြတ်ချက်ဟာ သိပ်မမာတော့သလိုပဲ၊ သူ့ခေါင်းဟာ ရှေ့နောက် 'လည်'နေတယ်။ ဆန္ဒကလည်း ပိုပြီးပြင်းပြလာပုံပဲ။ နောက်ဆုံးမှာ သူဟာ တစ်ခြားဖက်မလှည့်တော့ဘူး၊ ကုတ်အကျီကြီးကိုပဲ အသာငမ်းငမ်း ကြည့်ငေးနေတော့တယ်။

'ပေါ်လီနဲ့ ငါဟာ ချစ်သူတွေလည်း မဟုတ်ကြသေးပါဘူးကွာ'

လေးတွဲ့တွဲ့ ပြောတယ်။

'ဟုတ်တာပေါ့'

ကျွန်တော်က ထောက်,ပေးလိုက်တယ်။

'ငါ့အတွက် ပေါ်လီက ဘာမှ့လို့လဲ၊ ပေါ်လီ့အတွက်ရော ငါက ဘာမို့လို့လဲ'

'ဘာမှ မဟုတ်ပါဘူး'

အဲ့ဒီလိုပြောပေးနေတာ ကျွန်တော်ပေါ့။

'ကြုံသလိုကျသလို ရိုးရိုးသားသား ပျော်ပျော်ရွှင်ရွှင် ဆက်ဆံနေကြတာပါပဲ၊ အဲ့ဒီလောက်ပါပဲ"

'အကျီကြီးကို ဝတ်ကြည့်ဦးလေကွာ'

သူသဘောတူသည်။ အကျီကြီးက သူ့နားရွက်ထက် မြင့်ထောင်တက်နေတယ်။ သူ့ဖိနပ်ထိပ်ဖျားထိလည်း ပုံကျနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြီးမှန်း မသိဘူး။

'ငါနဲ့ အတော်ပဲကွ'

ပျော်ပျော်ရွှင်ရွှင် သူပြောတယ်။ ကျွန်တော်က ထိုင်ရာကထ,ပြီး . . .

'တို့ အပေးအယူ တည့်ကြပြီနော်"

ကျွန်တော့်လက်ကို ကမ်းပေးလိုက်တယ်။

သူက တံတွေးမြိုချတယ်။

'အေး. . . အပေးအယူပါ"

ကျွန်တော့်လက်ကို သူ ဆွဲလှုပ်တယ်။

အဲ့ဒီနေ့ညနေမှာပဲ ကျွန်တော်ဟာ ပေါ်လီ့ကို အဆက်အသွယ်လုပ်လိုက်တယ်။ အစမ်းသဘောပေါ့လေ၊ ကျွန်တော်လိုချင်တဲ့ အဆင့်ရောက်အောင် သူ့ရဲ့အသိစိတ်ကို ဘယ်လို ပွဲသွင်းရမလဲဆိုတာ တီးခေါက် လေ့လာကြည့်ဖို့ပါ။ ကျွန်တော် သူမကို ညနေစာ ကျွေးခဲ့တယ်။

"ခစ်. . . တော်တော်အရသာရှိတဲ့ ညနေစာပါပဲ"

စားသောက်ဆိုင်က ထွက်လာပြီးတော့ သူမကပြောတယ်။ ကျွန်တော်တို့ ရုပ်ရှင်လည်း ကြည့်ကြတယ်။

"ခစ်. . . တော်တော်ရယ်ရတဲ့ ရုပ်ရှင်ပဲ"

ရုပ်ရှင်ရုံကထွက်လာတော့ သူမကပြောတယ်။ သူမကို ကျွန်တော် အိပ်ပြန်ပို့ပေးလိုက်တယ်။

"ခစ်. . . ရင်ထဲမှာပျော်ရတဲ့ အချိန်တွေပဲနော်"

သူမက ကျွန်တော့်ကို အဲ့ဒီလို နှုတ်ဆက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်နှလုံး လေးလံစွာနဲ့ပဲ ကျွန်တော် အခန်းကို ပြန်ခဲ့တယ်။ သူမကို ရုပ်သွင်းရမှာဒီလောက် မခက်ခဲဘူးလို့ ကျွန်တော် ထင်ခဲ့မိတယ်၊ ကြောက်စရာကောင်းလောက်အောင် အသိပညာ ချို့တဲ့လွန်းလှချည်ရဲ့။ အသိပညာအကြောင်း ပြောပြရုံနဲ့ လုံလောက်မှာမဟုတ်တော့ဘူး။ တွေးခေါ်တတ်အောင် အရင် သင်ပေးရတော့မယ်။ လုပ်ငန်းစဉ်ကတော့ ကြီးမားလာတော့တာပါပဲ၊ သူမကို ပက်တီ့ဆီပြန်အပ်ဖို့တောင် ကျွန်တော် စဉ်းစားမိသေးတယ်။ ဒါပေမယ့် သူရဲ့ ညို့ယူနိုင်စွမ်းတဲ့ ခန္ဓာအလှရယ်၊ ဖွန်းခရင်းကိုင်တွယ်တဲ့ သူမရဲ့ လက်ချောင်းကလေးတွေရယ် ပြန်မြင်ယောင်ပြီး ထပ်ကြိုးစားဖို့ ဆုံးဖြတ်လိုက်တယ်။

စနစ်တကျ ကျွန်တော် ကိုင်တွယ်ရမှာပါပဲ။ ယုတ္တိဗေဒကို စာသင်ပေးရမယ်၊ ဥပဒေကျောင်းသားတစ်ယောက် အနေနဲ့ ကျွန်တော်ဟာ ယုတ္တိဗေဒကို လက်ဖျားမှာ တင်ကစားနိုင်လောက်အောင် ကျွမ်းကျင်ပါတယ်။

“ပေါ်လီ”

နောက်တစ်ကြိမ်တွေ့ဖြစ်ကြချိန်မှာ ကျွန်တော်ဟာ ပြောလိုက်တယ်။

‘တို့ တစ်နေရာသွားပြီး အေးအေးဆေးဆေး စကားပြောရအောင်’

‘အိုး. . . လိုက်တာပေါ့”

ဒီကောင်မလေးနဲ့ပတ်သက်ပြီး ပြောစရာတစ်ခုတော့ ရှိတယ်၊ သူမလို သဘောကောင်းတဲ့ မိန်းကလေးမျိုး ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်တွေ့ဖို့ မလွယ်ဘူးဆိုတာပဲ"

ဝက်သစ်ချပင်အိုကြီး တစ်ပင်အောက်မှာ ကျွန်တော်တို့ ထိုင်လိုက်ကြတယ်။ သူမက ကျွန်တော့်ကိုမျှော်လင့်ချက်ကြီးနဲ့ ကြည့်တယ်။ မေးတယ်။

"ဘာအကြောင်း ပြောကြမှာလဲ"

"ယုတ္တိဗေဒ"

တစ်မိနစ်လောက် သူမ စဉ်းစားသေးတယ်၊ လက်ခံချင်ပုံ ရပါတယ်။

'ကောင်းလှချည်လား'

လည်ချောင်းကိုရှင်းရင်း ကျွန်တော် ပြောလိုက်တယ်။

ယုတ္တိဗေဒဆိုတာ သိပ္ပံနည်းကျ တွေးခေါ်မှုပဲ၊ မှန်ကန်တဲ့ တွေးခေါ်မှုမျိုးကို မလုပ်နိုင်ခင်မှာ မှားယွင်းတဲ့တွေးခေါ်မှုမျိုးကို အရင် သင်ထားရမယ်။ ဒီညနေ တို့ စ,လိုက်ကြတာပေါ့"

"အို. . . ဟိုး. . . ဟိုး. . . "

သူမက ဝမ်းသာအားရနဲ့ လက်ခုပ်လက်ဝါးတီးတယ်။ ကျွန်တော် တွန့်သွားမိတယ်။ ဒါပေမယ့် ရဲရဲရင့်ရင့်ပဲ ဆက်လုပ်ရ ပါတယ်။

"ပထမဆုံး ကိုယ်တို့ ဆန်းစစ်ကြည့်ရမယ့်အမှားက ချွင်းချက်မထားမိတဲ့ အမှားမျိုးပေါ့၊ Dicto Simpliciter လို့ခေါ်တယ်"

"သူ့ အဓိပ္ပာယ်က. . . "

မျက်တောင်တွေ တဖျတ်ဖျတ်ခတ်ရင်း သူမက ဆက် ပြောဖို့ တွန်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မတူတာတွေကို တူသလို လုံးထွေးပြောမိတဲ့ အမှားမျိုးပေါ့၊ ဥပမာကွာ. . . ကာယလေ့ကျင့်ခန်းလုပ်တာ ကောင်းပါတယ်။ အဲ့ဒါကြောင့် လူတိုင်း ကာယလေ့ကျင့်ခန်းလုပ်ရမယ်ဆိုပြီး ပြောရင် . . .

"သဘောတူတယ်"

သူမက အားတက်သရောပါပဲ။

"လေ့ကျင့်ခန်းလုပ်တာ ကောင်းတာပေါ့၊ ခန္ဓာကိုယ်အတွက်ရော ကျန်တဲ့ နေရာတွေမှာရော"

ကျွန်တော်က နူးနူးညံ့ညံ့ ပြန်ပြောလိုက်တယ်။

"အဲ့ဒီအဆိုဟာ မှားတယ် ပေါ်လီ၊ 'လေ့ကျင့်ခန်းလုပ်ခြင်းသည် ကောင်းသည်' ဆိုတဲ့ စကားဟာ ချွင်းချက်တွေကို လျစ်လျူရှုပြီး ခြုံပြောလိုက်တာပဲ။ ဘာဖြစ်လို့လဲဆိုရင်. . . မင်းမှာ နှလုံးရောဂါ ရှိနေတယ်ဆိုပါစို့။ လေ့ကျင့်ခန်းလုပ်တာဟာ ဆိုးတယ်၊ မကောင်းဘူး။ ဆရာဝန်ညွှန်ကြားချက်အတိုင်း အားလုံးလိုက်နာကြရမှာပဲ မဟုတ်လား။ ဆရာဝန်ကတော့ ကာယလေ့ကျင့်ခန်းမလုပ်ရဘူးလို့ ပြောမှာပဲ။ အဲ့ဒါကြောင့် 'လေ့ကျင့်ခန်းလုပ်ခြင်း သည် များသောအားဖြင့် ကောင်းသည်' ဆိုတာမျိုးပဲ ပြောလို့ရ မယ်။ ဒီလိုမှမဟုတ်ရင်တော့ မင်းဟာ Docto Simpliciter အမှားကို ကျူးလွန်တာပဲ။ နားလည်ရဲ့လား"

"ဟင့်အင်း"

သူမ ဝန်ခံပါတယ်။

'ဒါပေမဲ့ ကောင်းပါတယ်၊ ပြောစမ်းပါဦး၊ ပြောဦး"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်အင်္ကျီလက်ကို ဆွဲမထားရင် ပိုကောင်းမယ် ပေါ်လီ"

ကျွန်တော့်အင်္ကျီလက်ကို ဆွဲမထားတော့ဘဲ သူမ လွှတ်ပေးလိုက်မှ ကျွန်တော့်စကားကို ဆက်ရတယ်။

'နောက်ထပ် လေ့လာရမယ့်အမှားကတော့ 'အလျှင်စလိုအမှား' ပဲ။ သေသေချာချာနားထောင်။ မင်းလည်း ပြင်သစ်စာမတတ်ဘူး၊ ကိုယ်လည်း ပြင်သစ်စာမတတ်ဘူး။ ပတ်တီလည်း ပြင်သစ်စာမတတ်ဘူး။ အဲ့ဒါကြောင့် ကိုယ်က မင်နီဆိုတာ တက္ကသိုလ်မှာ ပြင်သစ်စာတတ်သူ မရှိဘူးလို့ ကောက်ချက်ဆွဲမယ်ဆိုပါစို့"

ပေါ်လီက အံ့အံ့သြသြပြောတယ်။

"တကယ်လား။ ဘယ်သူမှမရှိဘူး။ ဟုတ်လား"

ကိုယ့်စိတ် ကိုယ်ထိန်းပြီး ဆက်ပြောရတယ်။

"အဲ့ဒါ အမှားပဲ ပေါ်လီ၊ ယေဘုယျပြုလိုက်တာ မြန်လွန်းတယ်။ အဲ့ဒီလို ကောက်ချက်ဆွဲဖို့ ဆိုတာက သက်သေပြချက်နည်းလွန်းနေတယ်။ Hasty Generalization ပဲ"

"ဒီ့ပြင် အမှားတွေကိုရော သိသေးလား. . . ဟင်"

အသက်မရှူနိုင်ဘဲနဲ့ကို သူမ မေးပါတယ်။

"ပျော်စရာကောင်းတယ်၊ က,ရတာထက်တောင် ပျော်သေး"

စိတ်ပျက်လက်ပျက် လှိုင်းလုံးတွေကို ကျွန်တော် ကျွမ်းလှန်နေရတယ်။ ဒီကောင်မလေးနဲ့တော့ ကျွန်တော် ဘယ်ဆီမှ

www.burmeseclassic.com

www.burmeseclassic.com



ခရီးမပေါက်လှပါ။ လုံးဝ အချည်းနှီးပါပဲ။ မလုပ်ပြန်လျှင်လည်း ဘာမှဖြစ်လာမှာ မဟုတ်လို့ ကျွန်တော် ဆက်ကြိုးစားရပါတယ်။

"နောက်အမှားတစ်ခုကတော့ လက်ပံသားကို ဓားနဲ့ချိုင်တဲ့အမှားပဲ။ Post Hoc လို့ခေါ်တယ်။ နားထောင်နော်။ တို့ဟာ ပစ်ကနစ်ထွက်ရင် 'ဘေးလ်' ကို မခေါ်ကြဘူး၊ သူ့ကို တို့နဲ့ ခေါ်လာတိုင်း မိုးရွာတယ်"

"အဲ့ဒီလိုမျိုး တစ်ယောက်ကို ပေါ်လီလည်း ကြုံဖူးတယ်။ သူ့နာမည်က ယူလာဘက်ကာတဲ့။ 'ပစ်ကနစ်' ဆိုပြီးတော့ တောင် သူ့ကို နာမည်ပြောင်းခေါ်ရတဲ့အထိပဲ"

"ပေါ်လီ"

ကျွန်တော်က အသံစူးစူးနဲ့. . .

"အဲ့ဒါ မှားတယ်၊ ယူလာဘက်ကာဟာ မိုးရွာစေတဲ့ အကြောင်းတရားမဟုတ်ဘူး၊ မိုးနဲ့သူနဲ့ အဆက်အစပ်မရှိဘူး။ ယူလာဘက်ကာကို အပြစ်တင်နေမယ်ဆိုရင် Post Hoc အမှားကို ကျူးလွန်တာပဲ"

"နောက်ကို မလုပ်တော့ပါဘူး"

သူမက နောင်တနဲ့ ကတိပေးတယ်။

"စိတ်ဆိုးသွားလားဟင်"

ကျွန်တော် သက်ပြင်းချမိတယ်။

"မဆိုးပါဘူး"

"နောက်ထပ်အမှားတွေကို ထပ်ပြောပြဦးနော်"

"ကောင်းပြီ. . ဒီတစ်ခါ ကိုယ့်ကျင်းကိုယ်တူးမိတဲ့ အမှား

www.burmeseclassic.com

www.burmeseclassic.com



မျိုးကို ပြောပြမယ်။ contradicory Premise လို့ ခေါ်တယ်"

"ပြောပါဦး"

သူမက ပျော်ရွှင်စွာ မျက်လုံးကလေး ပေကလပ်ပေ တလပ်လုပ်ရင်း ဆိုသည်။ ကျွန်တော် မျက်မှောင်ကြုတ်မိတယ်။ ဒါပေမဲ့ ရှေ့ကို ဆက်တိုးရတာပါပဲ။

"Contradictiory Premise နဲ့ ပတ်သက်ပြီး ဥပမာတစ်ခု ကို ပြောမယ်၊ ဘုရားသခင်ဟာ အရာအားလုံးကို ဖန်တီးနိုင်တယ် ဆိုရင် သူ မ,မနိုင်တဲ့ ကျောက်တုံးကို ဖန်တီးနိုင်မလား"

"ဖြစ်နိုင်တာပေါ့"

သူမက မဆိုင်းမတွ ပြန်ပြောတယ်။

"ဒါပေမဲ့ ဘုရားသခင်ဟာ ဘာမဆို လုပ်နိုင်တာပဲ၊ အဲ့ဒီ ကျောက်တုံးကိုလည်း မ,နိုင်ရမှာပေါ့"

ကျွန်တော်က ထောက်ပြလိုက်တယ်။

"အိုး. . ."

သူမက တွေးတွေးဆဆနဲ့. . .

"အဲ့ဒါဆိုရင် ဒီကျောက်တုန်းကြီးကို သူ ဘယ်လိုလုပ် နိုင်ပါ့မလဲ"

"ဒါပေမယ့် သူက အားလုံးကို လုပ်နိုင်တယ်လေ"

ကျွန်တော်က သူမကို သတိပေးရတယ်။

လှသလောက် ဘာမှလည်းမရှိတဲ့ သူမရဲ့ခေါင်းထဲ ပေါ်လီ ကုတ်ပါတော့တယ်။

"ရှုပ်ကုန်ပြီ" လို့ ဝန်ခံခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲဖြစ်မှာပဲ ပေါ်လီ၊ အဆိုထဲမှာပါဝင်တဲ့ အချက်တွေဟာ သူ့ဖာသာ အတိုက်အခံဖြစ်နေတယ်။ တွန်းလှန်နိုင်တဲ့ 'အား' ရှိတယ်ဆိုရင် မရွေ့ရှားနိုင်တဲ့ပစ္စည်း မရှိဘူး၊ မရွေ့ရှားနိုင်တဲ့ပစ္စည်း ရှိတယ်ဆိုရင် တွန်းလှန်ခဲ့တဲ့ 'အား' မရှိဘူး၊ ဟုတ်တယ်နော်"

"အတော် ထိရောက်တာပဲ၊ ပြောပါဦး"

စိတ်အားထက်ထက်သန်သန်နဲ့ သူမ ပြောလေရဲ့၊ ကျွန်တော်က နာရီနဲ့ညှိရတယ်။

"ဒီညအဖို့တော့ ဒီလောက်ပဲကောင်းမယ် ပေါ်လီ၊ အခုမင်းကို အိမ်ပြန်ပို့ပေးမယ်၊ ကိုယ့်ဖာသာကိုယ် ပြန်စဉ်းစားထား။ မနက်ဖြန်ညမှာ ကျန်တာတွေ ဆက်ဆွေးနွေးတာပေါ့"

သူမကို ကျွန်တော်ပြန်ပို့ပေးတဲ့အထိ သူမကတော့ အရမ်းပျော်ကြောင်း အသေအချာ ပြောနေတာပါပဲ။ ကျွန်တော်ကတော့ ကိုယ့်အခန်းကို စိတ်မကြည်မလင်နဲ့ ပြန်လာခဲ့ရတယ်။

ပတ်တီက အိပ်ရာပေါ်မှာ'ဟောက်'နေပြီ။ ရက်ကွန်းအကျီကြီးက သူ့ခြေရင်းမှာ သားရဲတိရစ္ဆာန်ကြီး တစ်ကောင်လိုချိတ်တွဲကျလို့။ သူ့ကိုနှိုးပြီး ပေါ်လီကို ပြန်ယူဖို့ပြောရင် ကောင်းမလား။ ကျွန်တော် ခဏစဉ်းစားသေးတယ်။ ကျွန်တော့်စီမံကိန်းက ပျက်စီးတော့မယ်လေ။ ဒီကောင်မလေးရဲ့ခေါင်းက ယုတ္တိဗေဒကို 'ကာ'ထားတာကိုး။

ဒါပေမယ့် ကျွန်တော်ပြန်စဉ်းစားပါတယ်။ တစ်ညနေကတော့ အလကားဖြစ်ခဲ့ရပြီ။ နောက်တစ်ညနေ ဆက်ဖြုန်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သေးတာပေ့ါ။ ဘယ်သူသိမှာလဲ။ ပေါ်လီ အသိတရားထဲမှာ ဖြာဖွဲ့နေတဲ့မီးကျည်ခဲလေးတွေရှိရင်ရှိမှာပေ့ါ။ မီးတောက်ဖြစ်အောင်ယပ်ခပ်ပေးလို့ ရရင်ရနိုင်တယ်။ မျှော်လင့်ချက်သိပ်မရှိတာတော့ကိုယ့်ကိုကိုယ် ဝန်ခံပါတယ်။ ဒါပေမယ့် နောက်တစ်ခါ ထပ်ကြိုးစားဖို့ ဆုံးဖြတ်လိုက်ပြန်တယ်။

ဝက်သစ်ချပင်ကြီးအောက်မှာ နောက်တစ်ညနေ ထိုင်ဖြစ်ကြပြန်တယ်။

'ပထမဆုံးစပြောမှာကတော့ အသနားခံတတ်တဲ့ အမှားပဲ၊ Ad Misericordiam လို့ခေါ်တယ်'

သူမဟာ ဝမ်းသာအားရနဲ့ တလွန့်လွန့်နဲ့လုပ်နေတယ်။

'သေသေချာချာ နားထောင်၊ အလုပ်လျှောက်တဲ့ လူတစ်ယောက်ရှိမယ်၊ အလုပ်ရှင်က သူ့ရဲ့အရည်အချင်းကို မေးမယ်၊ သူကသူ့မှာ မိန်းမနဲ့ကလေး ခြောက်ယောက်ရှိတယ်။ သူ့မိန်းမက ခြေထောက်ကျိုးပြီး ကူမယ့်သူမရှိဘူး။ ကလေးတွေမှာလည်းဝတ်စရာ၊ စားစရာမရှိဘူး။ စီးစရာ ဖိနပ်တောင်မရှိဘူး။ ဆောင်းဝင်လာတာလည်း သူတို့မီးဖိုမှာ မီးသွေးမရှိဘူး'

ပေါ်လီ့ရဲ့ ပန်းနုရောင် ပါးပြင်ဆီမျက်ရည်တွေ လိမ့်ကျလာတယ်။

အို့ . . တကယ့်ကို့ . . တကယ့်ကိုပါပဲလားကွယ်'

သူမ ရှိုက်ငိုနေတော့သည်။

'ဟုတ်တယ်၊ တကယ့်ကို စိတ်မကောင်းစရာပဲ၊ ဒါပေမယ့်သူလုပ်တာမှားတယ်၊ အလုပ်ရှင်ကို သူ့အရည်အချင်းနဲ့

www.burmeseclassic.com



ပတ်သတ်ပြီးတော့ပဲ ဖြေရမယ်၊ အလုပ်ရှင် သနားအောင် လျှောက်ပြောနေရမှာ မဟုတ်ဘူး။ သူဟာ Ad Misericordiam အမှားကို ကျူးလွန်တယ်။ နားလည်လား'

'ကိုယ့်မှာ လက်ကိုင်ပဝါ ပါလား'

သူမက အီအီအာအာငိုနေဆဲ။

ကျွန်တော် လက်ကိုင်ပဝါ ထုတ်ပေးလိုက်တယ်။ သူမ မျက်ရည်သုတ်နေတော့ ကျွန်တော့်မှာ ငယ်သံပါအောင် အော်ပစ်လိုက်ချင်စိတ် ပေါက်နေတယ်။

'နောက်တစ်ခု'

လေသံကိုထိန်းချုပ်ရင်း ကျွန်တော် စကားစရတယ်။

'နှိုင်းယှဉ်ချက် မှားတာကို ပြောမယ်။ False Analogy လို့ခေါ်တယ်။ ဥပမာ ဆိုကြပါစို့။ ကျောင်းသားတွေကို စာအုပ်ကြည့်ပြီး စာမေးပွဲဖြေခွင့် ပေးသင့်တယ်။ ဆရာဝန်တွေတောင် ဓာတ်မှန်ရိုက်ထားချက်ကိုကြည့်ပြီး အော်ပရေးရှင်း လုပ်ရတာပဲ၊ ရှေ့နေတွေဟာလည်း စာအုပ်အထောက်အထားတွေနဲ့ ရုံးတော်မှာ လျှောက်လဲချက်ပေးရတယ်။ အိမ်ဆောက်တဲ့သူတွေက လည်း ပုံစံငယ်ရေးဆွဲထားတာကို ကြည့်ပြီးဆောက်တယ်။ ကျောင်းသားတွေကလည်း စာမေးပွဲမှာ ဖတ်စာအုပ်တွေဖတ်ပြီး ဘာဖြစ်လို့ ဖြေခွင့်မရှိရမှာလဲ'

'အလာလာ. . . ဒီလောက်ကောင်းတဲ့ စိတ်ကူးမျိုးကို တစ်ခါမှမကြားခဲ့ရဖူးပါလား'

'အဲ့ဒီ အဆိုဟာမှားတယ် ပေါ်လီ၊ ဆရာဝန်၊ ရှေ့နေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာတွေဟာ သူတို့သင်ကြားထားချက်တွေကို ပြန် အစစ်ဆေးခံနေတာ မဟုတ်ဘူး။ ကျောင်းသားတွေကတော့ အစစ်ဆေးခံကြရတာ။ အခြေအနေချင်း ခြားနားတယ်။ အဲ့ဒီ နှစ်ခုကို နှိုင်းယှဉ်ပြောလို့မရဘူး’

ပေါ်လီက. . .

‘ခုထိတော့ အဲ့ဒီစိတ်ကူးကို ကောင်းတယ်လို့ ထင်တုန်းပဲ’

‘ပေါက်ကရကွာ’

သူ့စကားကိုဖြတ်ပြီး ကျွန်တော့်အစီစဉ်အတိုင်း တစ်ခု ပြီးတစ်ခု ဆက်လုပ်ရတယ်။

‘အခုတစ်ခါ. . . ကောက်ချက် မှားယူတာကိုပြောမယ်၊ Hyphothesis Contrary to Fact လို့ခေါ်တယ်’

‘လန့်စရာ စကားလုံးကြီးပါလား’

ပေါ်လီကပြန်ပြောတယ်။

‘နားထောင် မဒမ်ကျူရီဟာ ဓာတ်ပုံပလိပ်ပြားနဲ့ ကျောက် မီးသွေး အဆီတုံးကလေးနဲ့ကို သူ့အံဆွဲထဲမှာ အတူမထားမိဘူး ဆိုရင် ဒီနေ့ကမ္ဘာဟာ ရေဒီယမ်ကို သိခွင့်ရပါ့မလား’

‘အမှန်ပဲ. . . အမှန်ပဲ’

ပေါ်လီက ခေါင်းညိတ်ပြီး ပြောတယ်။

‘ရုပ်ရှင်ထဲမှာ ကြည့်လိုက်ရတယ် မဟုတ်လား၊ ဓာတ် လမ်းက အရမ်းဆွဲခေါ်တာပဲ။ ဝေါလ်တာ ပီဂျင်ကတော့ အိပ်မက်ဆန်လိုက်တာ။ ပေါ်လီတော့ ‘ကြွေ’ သွားတယ်

‘ဝေါလ်တာပီဂျင်ကို မင်းမေ့ထားနိုင်မယ်ဆိုရင် ဒီ အချိန်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှားကို ကိုယ်ထောက်ပြပေးမယ်။ မဒမ်ဂျူရီဟာ တစ်ချိန်ချိန်မှာ ရေဒီယမ်ကို တွေ့သွားနိုင်တာပါပဲ။ သူမတွေ့ရင်လည်း တစ်ခြား ပညာရှင်တစ်ယောက်ယောက်က တွေ့နိုင်တာပါပဲ။ ဖြစ်နိုင်ခြေတွေ က အများကြီးရှိတယ်။ ဘာမဟုတ်တဲ့ အချက်ကလေးနဲ့ ကောက် ချက်ဆွဲယူလို့ မရဘူး။ မှားသွားလိမ့်မယ်'

'ဝေါလ်တာပီဂျင်က ဘာဖြစ်လို့ ရုပ်ရှင်ထပ်မရိုက်သလဲ မသိဘူးနော်၊ စောင့်ကြည့်နေတာပဲ။ ထပ်မတွေ့ရတော့ဘူး'

*တစ်ခါ ထပ်ခွင့်လွှတ်ဖို့ပဲ ကျွန်တော် ဆုံးဖြတ်ရပါတယ်။* တစ်ခါတည်းပါပဲ။ လူသားဖြစ်တဲ့အတွက် လူသားအလျှော့ပဲ ကျွန်တော် သည်းခံနိုင်လိမ့်မယ်။

'နောက်ထပ်တစ်ခုကတော့ ရေတွင်းထဲ အဆိပ်ခတ်တဲ့ နည်းပဲ။ Poisoning the well လို့ ခေါ်တယ်'

'အလဲ့'

'လူနှစ်ယောက် စကားရည်လုကြမယ်ကွာ၊ ပထမလူက ပြောမယ်၊ သူ့ပြိုင်ဘက်ဟာ လူလိမ်လူညာတစ်ယောက်ပဲ၊ သူ ပြောသမျှကို ဘာမှမယုံကြည်နဲ့လို့ ပြောသွားရင် မင်းသေသေ ချာချာ စဉ်းစားကြည့်စမ်း၊ ဘာမှားသလဲ'

မျက်မှောင်ကလေးကြုတ်ပြီး သူမ စဉ်းစားနေတယ်။ ကျွန်တော် စောင့်ကြည့်နေလိုက်တယ်။ ရုတ်တရက် အသိဉာဏ် ပွင့်လာတာကို ကျွန်တော်ပထမဦးဆုံး မြင်လိုက်ရလေရဲ့။

'မတရားဘူး'

စိတ်မာန်ပါပါ သူမ ပြောလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



‘ဒါ. . . နည်းနည်းမှ မတရားဘူး။ ဒုတိယလူက ဘာမှ တောင်မပြောရသေးဘဲ ပထမလူက သူ့ကိုလူလိမ်လူညာလို့ ပြောနေတယ်’

‘ဟုတ်ပြီ’

ကျွန်တော် မြုံးပြီး အော်ထည့်လိုက်တယ်။

‘လုံးဝမှန်သွားပြီ။ အဲ့ဒါ မတရားဘူး။ ပထမလူဟာ မသောက်ရသေးတဲ့ ရေကို အဆိပ်ကြိုခတ်သူပဲ။ ဘာမှမလုပ်ရသေးတဲ့ ဒုတိယလူကို အကောက်ကြံလိုက်တာပဲ။ မင်းအတွက် ငါ ဂုဏ်ယူပါတယ် ပေါ်လီ”

“အဟင်း. . .”

ပေါ်လီက ဝမ်းမြောက်ဝမ်းသာနဲ့ ရှက်သွေးဖြာသွားတယ်။

“မင်းမြင်တတ်လာပြီ၊ ဘာခက်လို့လဲကွယ်၊ စိတ်ကိုသာ စူးစိုက်မှုလုပ်ရမယ်၊ တွေးပြီး စဉ်းစားရမယ်၊ ပြီး တန်ဖိုးဖြတ်ရ မယ်။ ဲ. . . ကိုယ်တို့ ဆွေးနွေးခဲ့သမျှတွေကို ပြန်နွေးကြမယ်”

“လုပ်လိုက်လေ”

သူမရဲ့လက်ကို ဖွေ့ရမ်းပြီး ပြန်ပြောတယ်။

သူမဟာ ဦးနှောက်ကျပ်မပြည့်သူ မဟုတ်မှန်း ခုတော့ ကျွန်တော် သိလိုက်ရပြီ။ သင်ပြီးခဲ့သမျှကို တစ်ခေါက် ပြန်သင် ပေးလိုက်တယ်။ ထပ်,ထပ်ပြီး သင်ပေးလိုက်တယ်။ ချို့ယွင်းချက်တွေကို ထောက်ပြတယ်။ စနစ်တကျ နားလည်အောင် လုပ်ပေးတယ်။ လိုဂျစ်ခေါင်းတစ်ခု တူးရသလိုမျိုးပဲ။ အစပိုင်းမှာတော့ အလုပ်ရယ်၊ ချွေးစက်ရယ်၊ အမှောင်ရယ်ပဲ။ အလင်းရောင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မြင်ရပါ့မလဲ မသိဘူး။ မြင်ချင်မှလည်း မြင်ရမယ်။ ဒါပေမဲ့ ကျွန်တော် နောက်ပြန်မဆုတ်ခဲ့ဘူးလေ။ တူးတယ်၊ ဖော်တယ်၊ ဆွတယ်။ နောက်ဆုံးမှာ ကျွန်တော် အောင်မြင်သွားတယ်။ အလင်းပေါက်ကလေးကို စမြင်တယ်။ နောက်တော့ အလင်းပေါက်ကလေးက ကျယ်ပြန့်လာတယ်။ ပြီး နေရောင်ခြည်တွေဝင်လာပြီး အားလုံး လင်းသွားတယ်။

ငါးညတိုင်အောင် အားကုန်အင်ကုန် ကြိုးစားလိုက်ရတယ်။ ထိုက်သင့်သလိုတော့အကျိုးဖြစ်ခဲ့တယ်။ ပေါ်လီကို ယုတ္တိဗေဒပညာရှင်တစ်ယောက် ဖြစ်အောင် ကျွန်တော် လုပ်ပေးနိုင်ခဲ့ပြီ။ တွေးခေါ်မြော်မြင်တတ်အောင် သင်ပေးခဲ့ပြီ။ ကျွန်တော့်အလုပ်လည်း ပြီးဆုံးသွားပြီ။ နောက်ဆုံးမှာတော့ သူမဟာ ကျွန်တော်နဲ့ ထိုက်တန်သူဖြစ်လာခဲ့ပြီ။ သူမဟာ ကျွန်တော့်ရဲ့ စည်းစိမ်ဥစ္စာကို ထိန်းသိမ်းဖို့သင့်တော်တဲ့ ဇနီးမယားကောင်း တစ်ယောက် ဖြစ်လာပြီ။ ထူးချွန်ထက်မြက်တဲ့ ကျွန်တော့်ကလေးတွေရဲ့မိခင် ဖြစ်ထိုက်ပြီ။

ဒီမိန်းကလေးကို ကျွန်တော် အချစ်ကင်းမဲ့တယ်လို့တော့ မထင်ကြစေချင်ဘူး။ ပြည့်စုံတဲ့မိန်းမတစ်ယောက်ကို တန်ဖိုးထားချစ်တတ်သူလိုပေါ့။ သူမကို ကျွန်တော်ချစ်ပါတယ်။ နောက်တစ်ကြိမ်တွေ့ဆုံဖြစ်ကြရင် ပေါ်လီကို ကျွန်တော့်ခံစားချက်တွေ ပြောဆိုကမ်းလှမ်းတော့မယ်လို့ စိတ်ပိုင်းဖြတ်ထားတယ်။ အဲ့ဒီအခါ သူမနဲ့ ကျွန်တော့်ရဲ့ဆက်ဆံရေးဟာ ပညာရေးအသွင်ကနေ မေတ္တာရေးအသွင်ကို ပြောင်းသွားလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပေါ်လီ"

ကျွန်တော်တို့ရဲ့ ဝက်သစ်ချပင်ကြီးအောက်မှာ နေ့တစ်ခါ ထိုင်မိကြချိန်ပေါ့။

"ဒီညတော့ ယုတ္တိဗေဒအမှားတွေ အကြောင်းကို ကိုယ်တို့ မဆွေးနွေးကြတော့ဘူး"

"ဟာ. . . အာ"

သူမက စိတ်ပျက်သွားသလိုပဲ။ ကျွန်တော်က သူမကို အပြုံးဝင်းဝင်းနဲ့ပဲ. . .

"တို့တွေ ငါးညလုံးလုံး အတူတူ အချိန်တွေဖြုန်းခဲ့ကြတယ်၊ စည်စည်ဝေဝေပါပဲ၊ ဒါကိုကြည့်ရင်း အဲ့ဒီ့သဘောကို မမြင်ရဘူးလား"

"ဒါ. . . အလျင်စလို အမှားပဲ၊ Hasty Generalization ပဲ"

သူမက ပါးပါးနပ်နပ် ပြန်ပြောတယ်။ 'တောင်းပန်ပါတယ်ကွာ' လို့ ကျွန်တော်က ပြောလိုက်တယ်။

"ဒီ ငါးရက်ကလေးကိုကြည့်ပြီး ပြောလို့ ဘယ်ရပ့်မလဲ"

ကျွန်တော် ပါးစပ်မဖွင့်ဘဲရယ်မိတယ်။ ချစ်စရာကောင်းတဲ့ ဒီကောင်မလေးဟာ သင်ခန်းစာတွေကို ကျေညက်လွန်းလှတယ်။ ချော့မော့သည်းခံပြီး သူ့လက်ကို ချစ်ချစ်ကြင်ကြင် ပုတ်လိုက်တယ်။

"ငါးရက်ဆိုတာ အကြာကြီးပါ။ ကိတ်မုန့် ကောင်းမကောင်းပြောဖို့ ကိတ်မုန့်တစ်ခုလုံးကို ကုန်အောင်စားပြစရာ မလိုပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ နှိုင်းယှဉ်ချက်လွဲချော်တာပဲ၊ False Analogy ပဲ။ ပေါ်လီက ကိတ်မုန့်မဟုတ်ဘူး။ ပေါ်လီက မိန်းကလေးတစ်ယောက်လေ"

စိတ်မသက်မသာနဲ့ပဲ ကျွန်တော် ဆက်ရယ်နေမိတယ်။ ဒီကောင်မလေးဟာ အတတ်ကြူးနေတယ်။ နည်းပရိယာယ်ပြောင်းဖို့ ဆုံးဖြတ်လိုက်တယ်။ အချစ်ကို ရိုးရိုးသားသား ပြောင်ပြောင်တင်းတင်း တည့်တည့်မတ်မတ် ဖွင့်ဆိုလိုက်တာက အကောင်းဆုံးပါပဲ၊ အဲဒီအချိန်ကလေးမှာ ခဏငြိမ်သက်လိုက်ပြီး သူမကို ပြောဖို့အတွက် စကားလုံးတွေ ကျွန်တော် ရွေးနေလိုက်တယ်။

ပြီး. . . စ,ပြောတယ်။

"ပေါ်လီ. . . မင်းကို ကိုယ်ချစ်တယ်၊ မင်းဟာ ငါ့ရဲ့လောကပဲ၊ ကြယ်တွေပဲ၊ လမင်းနဲ့အာကာသထဲက ကြယ်အစုအဝေးပဲ၊ ကိုယ်တို့ ဟန်ချက်ညီညီ လက်တွဲကြပါစို့။ မင်းမရှိဘူးဆိုရင် ကိုယ့်ဘဝဟာ ဘာမှ အဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး။ ကိုယ် တတီတီနဲ့ သေရမှာပဲ၊ ဘာကိုမှလည်း စားနိုင်သောက်နိုင်မှာ မဟုတ်ဘူး၊ မျက်လုံးဟောက်ပက်နဲ့ ကမ္ဘာကြီးအနှံ့မှာ တရွတ်တိုက်လျှောက်သွားနေမိတော့မှာပဲ"

ပြီး. . လက်ပိုက် စဉ်းစားလိုက်တယ်။ သူမ ဘယ်လိုများနေမလဲ။

"ဒါဟာ အသနားခံတဲ့အမှားပဲ။ Ad Misericordiam ပဲ"

ကျွန်တော် သွားကိုကြိတ်လိုက်မိတယ်။ အခြေအနေဟာ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်ထင်ထားသလို မဟုတ်ပါလား။ ခေါင်းကို အေးအေးထား လိုက်ပြီး . . .

"ယုတ္တိအမှားတွေကို မင်း တော်တော်ကျွမ်းကျင်နေပါ ပေါ့လား ပေါ်လီ"

အားယူပြုံးပြီး ပြောရတာပါ။

"ဒီလောက်တော့ ရှိရမှာပေါ့"

သူမက ပိုင်ပိုင်နိုင်နိုင်ခေါင်းညိတ်ပြီး ပြောတယ်။

"မင်းကို ဘယ်သူသင်ပေးတာလဲ ပေါ်လီ"

"ကို သင်ပေးတာပေါ့"

"ဟုတ်တယ်၊ မင်း ကိုယ့်ကို ကျေးဇူးဆပ်စရာ ရှိမနေဘူး လား၊ ကိုယ်နဲ့သာ မနီးစပ်ခဲ့ရင် ဒီအကြောင်းတွေကို မင်း ကြားဖူး မှာတောင် မဟုတ်ဘူး"

"ဒါ . . ကောက်ချက်မှားယူတာပဲ၊ Hypothesis Contr-ary to Fact ပဲ"

သူမဟာ ချက်ချင်းတုန့်ပြန်တယ်။ ကျွန်တော့်နဖူးတ ချွေးတွေ ဒီးဒီးကျလာပြီ။ အသံအက်အက်နဲ့ပဲ. . .

"ပေါ်လီ အားလုံးကို စာအုပ်ကြီးအတိုင်းတော့ လိုက် မတွက်နဲ့ပေါ့ကွယ်၊ အဲ့ဒါတွေက ကျောင်းစာသင်ခန်းထဲမှာ ပြော ရမယ့်ဟာတွေပဲ၊ မင်းလည်း သိပါတယ်။ စာသင်ခန်းထဲမှာ သင်လာတာတွေက လက်တွေ့ဘဝမှာ မသက်ဆိုင်လှဘူး"

"ဒါ dicto Simpliciter ပဲ၊ ချွင်းချက်မထားတဲ့ အမှားပဲ"

သူမရဲ့လက်ညှိုးနဲ့ ကျွန်တော့်ကို 'တူရော' ထိုးချိုး

www.burmeseclassic.com



ပြောတယ်။

ကျွန်တော် ခုထပြီး နွားသိုးတစ်ကောင်လို အော်လိုက်တယ်။

"ကိုယ့်ကို မင်းလက်ခံမလား၊ လက်မခံဘူးလားဆိုတာကိုသာ ပြောပါ ပေါ်လီ"

"လက်မခံနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဒီနေ့ခင်းကပဲ ပတ်တီရဲ့အချစ်ကို လက်ခံလိုက်ပြီ"

အဲ့ဒီစကားကြောင့် ကျွန်တော်ဟာ ရှက်အမ်းမူးမိုက်သွားတယ်။ ပတ်တီဟာ ကျွန်တော်နဲ့ အပေးအယူလုပ်ထားတယ်။ ကတိပေးထားတယ်။ လက်ဆွဲနှုတ်ဆက်ထားတယ်။

"ကြွက်စုတ်ကြွက်ပွဲ၊ ကြွက်ကျတဲ့ကောင်"

မြက်ခင်းကို ခြေနဲ့ဆောင့်ကန်ရင်း အော်လိုက်တယ်။

"မင်းသူ့ကို လက်မခံသင့်ဘူး ပေါ်လီ၊ ဒီကောင်ဟာ လူလိမ်လူညာ၊ ကလိမ်ကကျစ်၊ ကြွက်လိုကောင်"

"ဒါ. . . ရေတွင်းထဲ အဆိပ်ခတ်တာပဲ၊ Poisoning the well ပဲ၊ လျှောက်အော်မနေပါနဲ့၊ အော်တာဟာလည်း ယုတ္တိအမှားပဲထင်တယ်"

အားစိုက်ထုတ်မှု ကြီးမားစွာနဲ့ပဲ ကျွန်တော့်အသံကို ပြန်ထိန်းချုပ်လိုက်တယ်။

"ကောင်းပြီ. . ပေါ်လီ၊ မင်းလည်း ယုတ္တိဗေဒကျွမ်းကျင်သူပဲ၊ ယုတ္တိနည်းလမ်းတကျ ဆင်ခြင်စမ်း၊ ငါ့ကိုကျော်ပြီး ပတ်တီ့

www.burmeseclassic.com

www.burmeseclassic.com



ကို မင်းက ဘာလို့ ရွေးရတာလဲ၊ ငါ့ကိုကြည့်စမ်း၊ ငါဟာ ထူးချွန် ထက်မြက်တဲ့ ကျောင်းသားတစ်ယောက်၊ ဉာဏ်ပညာကြီးမားတဲ့ လူ၊ အနာဂတ်အတွက် အလားအလာကောင်းတယ်။ ပတ်တီ့ကို ကြည့်စမ်း၊ လဒ္ဒူကောင်၊ တေလေဂျပိုး၊ ကျောင်းကထွက်ပြီးရင် ထမင်းတော့င် နပ်မှန်အောင် စားရမယ့်ကောင်မဟုတ်ဘူး၊ မင်း ပတ်တီ့ကို ဘာကြောင့် ရွေးချယ်တယ်ဆိုတာ ငါ့ကို ယုတ္တိဗေဒ နည်းကျတဲ့ အကြောင်းပြချက်တစ်ခုလောက် ပေးစမ်းပါဦး"

"သေသေချာချာ ပေးနိုင်တာပေါ့"

သူမက ကြေငြာလိုက်တယ်။

"သူ့မှာ ရက်ကွန်းအကျီကြီးတစ်ထည် ရှိတယ်ရှင့်"

* * * * *

**(Love is a Fallacy by max Schulmam**

ကို ပြန်ဆိုပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

# လက်သည်းပျောက်လို့ လိုက်ရှာနေတဲ့ကြောင်

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ဆီးနှင်းတွေ ဝင်းဝင်းတောက်တောက်ကြွေသော နံနက်ခင်းတစ်ခု ဖြစ်သည်။ လမ်းဆုံမှ ညောင်ပင်ကြီးအောက်တွင် လူတစ်ယောက် မတ်တပ်ရပ်နေသည်။ ထူးဆန်းသည်ကတော့ ဖားလျားရှည်သော စောင်ကျားကြီးတစ်ထည်ကို ခေါင်းမြီးခြုံထားခြင်းပင် ဖြစ်သည်။

ထိုလူသည် အရပ်ရှည်၏။ မျက်နှာပြင်တွင် မျက်ခုံးတထင်းနက်ထူထဲ၏။ မျက်လုံးက တောက်ပစူးလင်း၏။ ရုပ်တန့်ငြိမ်သက်နေပုံက မြှုနေသော မီးတောက်တစ်ခုနှင့် တူ၏။ တစ်ချက်တစ်ချက် မျက်တောင်များကို ပုတ်ခတ်လိုက်မှသာ ကျောက်ရုပ်မဟုတ်မှန်း ခွဲခြားသိရလေသည်။

လမ်းလျှောက်လာသော ခရီးသွားတစ်ဦးက ထိုလူကို တွေ့တွေ့ချင်း အာရုံကြောတွေ တင်းခနဲဖြစ်သွားသည်။ ရင်ထဲ၌လည်း အန္တရာယ်ရနံ့ကို သန့်သန့်ခံစားလိုက်ရသလို ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဟွတ်. . . အဟွတ်"

လှုပ်ရှားနေသော စိတ်ကို ထိန်းပြီး ထိုလူ့ရှေ့မှ ဖြတ်လျှောက်စဉ် ချောင်းဆိုးမိသေး၏။ ထိုလူ့ကို လွန်ခါနီးလေမှ. . .

"ဟေ့လူ"

"ဗျာ"

ပြန်ထူးသောသူ့အသံက တုန်ခါနေသည်။

"ခင်ဗျား ဘယ်အရပ်ကလာတဲ့သူလဲ"

"ကျွန်တော် ဒီမြို့ကပါပဲ"

"ဒီမြို့ထဲမှာ ဘာသတင်းထူးတာ ရှိသေးလဲ"

"မရှိပါဘူး။ အင်း. . . ဟုတ်တယ်၊ မရှိပါဘူး"

ထိုလူက သူ့ကို စိုက်ကြည့်၏။ အရောင်တဖျတ်ဖျတ် လက်နေသော ထိုလူ၏မျက်လုံးကို သူ ရင်မဆိုင်နိုင်ချေ။ စိုးရွံ့မှု တစ်ခုဖြင့် သတ္တိတို့ ဆွံ့အ,ကာ သူ ကြောက်လာလေသည်။

ထိုလူက အောက်နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်၏။ မြေပြင်ကို တွေးငေးစိုက်ကြည့်ကာ စဉ်းစားနေသည်။ ထို့နောက်မှ ခေါင်းကို ဖြည်းညင်းစွာခါပြီး သက်ပြင်းကို အသံမထွက်အောင် ချသည်။

"ကဲ. . . ကဲ. . . ခင်ဗျားလမ်း ခင်ဗျားသွားတော့"

"ဟုတ်ကဲ့"

သူက ဝမ်းသာအားရ ထိုလူ့ရှေ့မှ ခွာလာခဲ့သည်။ နောင်ကျောမလုံသလိုလည်း တထင့်ထင့်ဖြစ်မိ၏။ အတော် ဝေးဝေးရောက်

www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်လှည့်ကြည့်ရာ သစ်ပင်အောက်မှာ စောင်ခြုံ၍ရပ်နေသော ထိုလူအသွင်သဏ္ဍာန်ကို ပဟေဠိဆန်စွာ မြင်နေရပါတော့၏။

(၂)

ထိုလူက သစ်ပင်အောက်တွင်ရပ်ပြီး လမ်းသွားလမ်းလာများကို စေ့စပ်စွာ အကဲခတ်ကြည့်ရှုနေလေသည်။ အချို့သော လူများက သူ့ကို ကြောက်ရွံ့သလို ရှောင်ကွင်းသွားကြပြီး အချို့လူများကတော့ စပ်စုသလို မချိမချဉ်ကြည့်ကြ၏။ သို့သော် ထိုလူများကလည်း သူ့မျက်လုံးအစုံနှင့် ရင်ဆိုင်လိုက်ရသောအခါ ဝေးရာက ကွေ့ပတ် ရှောင်ထွက်သွားကြပါတော့သည်။

လမ်းပေါ်မှာ အေးဆေးတည်ငြိမ်စွာ လျှောက်လာသော လူတစ်ယောက်ကို သူ အတော်ကြာကြည့်နေ၏။ ထို့နောက် သူ့အနီးမှ ထိုလူဖြတ်အလျှောက်. . .

"မိတ်ဆွေ. . . မိတ်ဆွေ"

ထိုလူက လှည့်ကြည့်၏။ သူက. . .

"မိတ်ဆွေကိုကြည့်ရတာ ပညာရှိတစ်ယောက်လို့ ထင်ပါတယ်"

ထိုလူက ခေါင်းလည်းမညိတ်၊ ခေါင်းလည်း မခါ။

"အဲဒီလိုတော့ သတ်မှတ်ကြတာပါပဲ"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို တစ်ခုလောက် ကူညီပါခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ"

ကျွန်တော့်အဖိုးတန်ပစ္စည်းတစ်ခု မရှိတော့လို့ ကျွန်တော်ပဲ အထားမှားနေတာလား၊ တစ်နေရာမှာပဲ ကျပျောက်သွားပြီလား၊ အဲ့ဒါကို သိချင်ပါတယ်"

ပညာရှိက သူ့ကို တစ်ချက်ကြည့်၏။

ထို့နောက်. . .

"ခင်ဗျားပစ္စည်းက တစ်နေရာတည်းမှာပဲ စနစ်တကျ ပုံမှန် သိမ်းနေကျပစ္စည်းလား"

"ဟုတ်ပါတယ်"

"အဲ့ဒီလို သိမ်းဆည်းခဲ့တာကော ကြာပြီလား. . ."

"ထုတ်သုံးပြီးတိုင်း အဲ့ဒီနေရာမှာပဲ စနစ်တကျ ပြန်သိမ်းခဲ့တာ နှစ်တွေကြာလှပါပြီ"

"ပျောက်မှန်း ဘယ်တုန်းကမှသိတာလဲ"

"မနေ့ကမှ သိပါတယ်"

"ဒီကာလတွေထဲမှာ ခင်ဗျား ဧအေးအေးဆေးဆေး ရှိနေသလား၊ ရှုန်းကန်ပြေးလွှား ဖြစ်နေသလား"

"အေးအေးဆေးဆေးပါပဲ"

"အင်း. . . အဲ့ဒါဆိုရင်တော့ ခင်ဗျားပစ္စည်းက အထားမှားတာလဲမဟုတ်ဘူး၊ ကျပျောက်တာလဲ မဟုတ်ဘူး၊ လူခိုးသွားတာဗျ"

"ဗျာ. . ."

"ခင်ဗျားဆီကသိရတဲ့ အချက်တွေအတိုင်းဆိုရင် ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



တာ ရှင်းလင်းငြိမ်သက်တဲ့ ဘဝမှာ ပုံမှန်အလုပ်ကလေးတွေ လုပ်နေတဲ့လူပဲ၊ အထားမှားစရာ၊ ကျပျောက်စရာ သိပ်မရှိပါဘူး။ ဒါပေမဲ့ ခင်ဗျားမှာ အဲ့ဒီပစ္စည်းရှိပြီး ဘယ်နေရာမှာ ဘယ်အချိန် သိမ်းတတ်တယ်ဆိုတာကို သိထားတဲ့လူတစ်ယောက်က စနစ်တကျ ခိုးထုတ်သွားတာပါ"

"ဟင်. . . ဩော. . . ဒီလိုကိုး"

သူ့မျက်နှာက ကြောက်မက်ဖွယ်ရာ တင်းမာသွား၏။ သူ့မျက်လုံးများက ကြယ်ပွံနှစ်စင်းလို ဟုန်းဟုန်းထလာသည်။ ပြတ်တောင်းပြတ်တောင်း လေသံဖြင့် ပညာရှိကို တစ်ခွန်းထပ် မေးလိုက်သည်။

"ဘယ်လိုခိုးသွားတယ် ဆိုတာကော မပြောနိုင်ဘူးလား"

ပညာရှိက သူ့နှာခေါင်းကို လက်နှင့်ပွတ်လိုက်ရင်း ပြုံး၏။

"အဲ့ဒါက ကျုပ်ကိုမေးရမယ့် မေးခွန်းမဟုတ်ဘူး"

"ဘယ်သူ့ကို မေးရမှာလဲ"

"အခု. . . လျှောက်လာနေတဲ့လူကို မေး"

"သူက ဘာလဲ"

"သူက နာမည်ကျော် ဗေဒင်ဆရာကြီးပေါ့"

(၃)

ဗေဒင်ဆရာကြီးက သူ့ကို တစ်ချက်လှမ်းကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



ခြားသောအခြေအနေကို သုံးသပ်မိဟန်ရှိ၏။

"ဘာတွေဖြစ်နေကြတာလဲဗျာ"

သူက ဦးခေါင်းကို ညွတ်ပြလိုက်ပြီး. . .

"ဗေဒင်ဆရာကြီး ကျုပ်ကို ကူညီပေးပါ"

ထို့နောက် ရှည်လျားသွယ်တန်းသော သူ၏လက်ဖြင့် ညောင်ရွက်တစ်ရွက်ကို လှမ်းခူးလိုက်သည်။ ထိုညောင်ရွက်ကို ဗေဒင်ဆရာကြီးဆီ ကမ်းပေး၏။ ဗေဒင်ဆရာကြီးက ညောင်ရွက်ကို သေချာစွာဖတ်ရှုရင်း နဖူးကြောရှုံ့နေလေသည်။

အတန်ကြာမှ. . .

"အင်း. . . ခင်ဗျားဟာ ပစ္စည်းပျောက်နေတာပဲ"

"ဟုတ်ပါတယ်"

"ပျောက်သွားတာ ကြာသပတေးနံပစ္စည်းပဲ"

"အို. . . ဟုတ်ပါတယ်"

သူက ခေါင်းကို သွက်သွက်လက်လက်ညိတ်ရင်း ဗေဒင်ဆရာကြီးကို အားတက်သရော ကြည့်နေလိုက်၏။ ဗေဒင်ဆရာကြီးက ညောင်ရွက်ကို အထပ်ထပ်အခါခါဖတ်ရှုရင်း စဉ်းစားတွက်ချက်နေပြန်သည်။ သူက နှုတ်ခမ်းကို လျှာနှင့်သပ်ပြီး စိတ်ရှည်ရှည်ထားကာ ဗေဒင်ဆရာကြီး ထပ်ပြောလာမည့် စကားကို စောင့်ဆိုင်းနေလေသည်။

ပညာရှိက သူတို့ကို နံဘေးမှ လေ့လာနေသည်။

"ခင်ဗျားပစ္စည်းကို သူခိုး ခိုးသွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . ဟုတ်ကဲ့"

"အဲ့ဒီသူခိုးက သူ့အပေါင်းအပါတွေနဲ့ ထွက်ပြေးသွားပြီ"

"ဩော. . ."

ဗေဒင်ဆရာကြီးက မိုးပေါ်ကိုမျှော်ကြည့်နေပြီး အချိန်အတော်ကြာသွားပြန်၏။ ထို့နောက်မှ. . .

"ခိုးသွားတာ သုံးရက်ကြာပြီ"

"ဟုတ်ကဲ့"

"ခု. . . သူတို့ဟာ အနောက်တောင်ထောင့် ခပ်ဝေးဝေးကို ရောက်နေပြီ"

". . . . . . . . ."

သူက ဗေဒင်ဆရာကြီးကို မျက်တောင်မခတ် ကြည့်နေလိုက်သည်။ သို့သော် ဗေဒင်ဆရာကြီးထံမှ မည်သည့်စကားမှ ထပ်ပေါ်မလာတော့ချေ။

ထို့ကြောင့် သူကပင် သိချင်တာကို မေးလိုက်၏။

"သူတို့ကို ဗေဒင်ဆရာကြီးက ပြန်ခေါ်ပေးလို့ရမလား"

"ပြန်ခေါ်လို့တော့မရဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူတို့ကလဲ ဗေဒင် ယတြာတတ်ကျွမ်းကြတယ်ထင်ရလို့ သူတို့ဟာ ဗေဒင်ပညာနဲ့ ပြန်ခေါ်လို့မရအောင် ထွက်ပြေးသွားကြတယ်၊ တစ်ခြားနည်းကို သုံးပါ့မှ"

"ဘယ်နည်းသုံးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို မိအောင်ဖမ်းပေါ့"

"ပေဒင်ဆရာကြီး ဖမ်းပေးမလား"

"ဟာ. . . အဲ့ဒါက ကျုပ်လုပ်လို့ဘယ်ရမှာလဲ၊ အခုလာနေတဲ့လူကို အကြောင်းကြားလိုက်၊ သူလုပ်ပေးရင် ရတယ်"

(၄)

ပေဒင်ဆရာညွှန်ပြသည့်လူက အုပ်ချုပ်ရေးအရာထမ်း တစ်ဦး ဖြစ်သည်။ ကြံ့ခိုင်သောခြေလှမ်းကျဲများနှင့် သူတို့ရှိရာ ဖက်သို့ လျှောက်လာနေသည်။ သူက ထိုမင်းမှုထမ်းကို အနီးသို့ ရောက်သည်ထိ စောင့်ဆိုင်းရင်း စောင်ရှည်ကြီးကို အနည်းငယ်ပြင်၍ ခြုံလိုက်သည်။ ထို့နောက်. . .

"မိတ်ဆွေကြီး. . . ခဏရပ်ပါဦး"

ထိုလူက ခြေလှမ်းကို တိကနဲရပ်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ပစ္စည်းတစ်ခု အခိုးခံရပါတယ်၊ အဲ့ဒါ သူခိုးကို အမြန်ဆုံးပြန်ဖမ်းပေးပါ"

"အင်း. . ."

"ကျွန်တော့်ပစ္စည်းကို ကျွန်တော့်ပြန်ပေးပြီး အဲ့ဒီသူခိုးအုပ်စုကိုလဲ ကျွန်တော့်လက်အပ်ပါ။ ကျွန်တော် ဒဏ်ခတ်ချင်ပါတယ်"

"အင်း. . . သူခိုးတွေကို ကျွန်တော် ဖမ်းပေးပါ့မယ်၊ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကိုလဲ ပြန်ပေးပါ့မယ်။ ခင်ဗျားလက်ထဲကိုတော့ သူ့နှမ မအပ်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"စည်းမျဉ်းအရ အဲ့ဒီလိုလုပ်လို့မရဘူး၊ နောက်ပြီး သူတို့ရဲ့ အများ၊ ခင်ဗျားက တစ်ယောက်ထဲသမားဆိုတော့ ခင်ဗျား ထိန်းချုပ်နိုင်မှာ မဟုတ်ဘူး"

"ရပါတယ်၊ ထိန်းချုပ်နိုင်ပါတယ်"

"ဟင့်အင်း၊ မဖြစ်ပါဘူး၊ အဲဒါတော့ မရဘူး"

"ရပါတယ်ဗျာ၊ ထိန်းနိုင်ပါတယ်ဆို"

အုပ်ချုပ်ရေးအရာထမ်းကြီးက ရယ်၏။

"ခင်ဗျားတောင် စောင်ကြီးခြုံပြီး လူမမာလိုဖြစ်နေရတာ၊ ရာဇဝတ်သားကို ဘယ်လိုလုပ် ထိန်းချုပ်နိုင်မှာလဲဗျာ၊ အေးအေးနေစမ်းပါ"

သူ့မျက်လုံးများက ဒေါသကြောင့် ဝင်းခနဲ အလင်းဖြာသွားသည်။ စောင်ကို ရုတ်ခနဲခွာချ၍ ကွယ်ဝှက်ခဲ့သော သူ့အသွင်ကို ထင်ရှားစွာပြလိုက်ရင်း. . .

"ကျုပ် မှော်ဆရာဗျ"

"ဗျာ. . ."

သူ့ကိုယ်ခန္ဓာကို စောင်က ဖုံးမထားတော့ချေ။ သူက အမှတ် ရောင်ဝတ်စုံဖြင့် မိန္ဒာဆန်ဆန် ကြည့်ကောင်းနေသည်။ တစ်မှုမဲ့ ကြည့်ရင်းက ထိတ်လန့်ဖွယ်ရာ အာရုံကိုလည်းရစေ၏။ သူ့ကိုကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပေဒင်ဆရာကြီးကလည်း နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ ထိုအခိုက်အတန့်ကလေးမှာ စကားသံ ကင်းပ တိတ်ဆိတ်သွား၏။

အတန်ကြာမှ မှော်ဆရာက. . .

"ကျုပ် မှော်ဆရာပဲ၊ သူတို့ကို ကျွမ်းပြန်သွားအောင် လုပ်လို့ရတယ်"

"အင်း. . . ဟုတ်. . . ဟုတ်မှာပေါ့ဗျာ"

"ကျုပ် ပလွေတစ်ချက်မှုတ်လိုက်တာနဲ့ ဒီကောင်တွေ သွေးပွက်ပွက်အန်ပြီး ကျုပ်ရှိရာအရပ်ကို ထိုင်ရှိခိုးရလိမ့်မယ်"

"ဒါဆို ဘာဖြစ်လို့မမှုတ်သလဲ၊ ခု. . . အဲ့ဒီပလွေမှုတ်ပြီး သူခိုးတွေကို ပစ္စည်းလာပို့ခိုင်းလိုက်ပေါ့"

မှော်ဆရာက ဒေါသဖြင့် ပေါက်ကွဲပစ်လိုက်၏။

"အဲ့ဒီ. . . အဲ့ဒီပလွေ ပျောက်သွားလို့ပေါ့"

"အို. . ."

"အဲ. . ."

"ဪ. . . ဖြစ်မှဖြစ်ရလေ"

(၅)

ခေတ္တ တိတ်ဆိတ်သွားပြန်၏။ ထို့နောက်မှ မှော်ဆရာက

www.burmeseclassic.com

www.burmeseclassic.com



နာကြည်းလောင်ကျွမ်းသော လေသံဖြင့်. . .

"ဟင်း. . . ဒီကောင်တွေကို မိမှ ပလွေနဲ့မှုတ်သတ်မယ်"

"နို့. . . ပလွေက သူတို့ဆီမှာဆို"

"အင်းလေ. . . အဲ့ဒါကြောင့် ပြန်ဖမ်းမလို့ လုပ်နေရတာ ပေါ့"

"အင်း. . . သူ. . . သူ. . . သူတို့ဆီမှာက မှော်ပလွေနဲ့ဆို တော့ ကျုပ်တို့မင်းမှုထမ်းတွေလဲ ဖမ်းဖို့ မလွယ်တော့ဘူးပေါ့"

"ဘာ. . ."

"ဟုတ်တယ်၊ အဲ့ဒီလိုဆိုရင်တော့ ဖမ်းဖို့ခက်တယ်"

"မှော်ဆရာ၏အော်သံက ပြာနှမ်းစွာ ထွက်ပေါ်လာသည်။

"ဒါဖြင့်. . . နေ၊ ကျုပ်ဖာသာ ဖမ်းမယ်"

"ခင်ဗျားမှာ ပလွေမရှိဘဲ ဘာနဲ့ဖမ်းမတုန်း"

မှော်ဆရာက ဘယ်လိုပြန်ပြောရမလဲမသိ ဖြစ်နေ၏။ ပြင်း ထန်စွာ တောက်ခေါက်လိုက်သည်။

အားလုံး ငြိမ်သက်သွားကြ၏။ တိတ်ဆိတ်မှုကို စတင်ဖြိုခွဲ လိုက်သူက အုပ်ချုပ်ရေးအရာထမ်းကြီးပဲ ဖြစ်၏။

"အင်း. . . သူတောင်းစားခွက်ပျောက်တာကတော့ လင်း ဓဝါးခံတောင်းလို့ ရတယ်ဗျ"

မှော်ဆရာက သူ့ကို အေးစက်စွာ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာဖြစ်လဲ"

အရာထမ်းကြီးက စကားလွှဲလိုက်သည်။

"ဩော် ကျွန်တော်ကြုံဖူးတဲ့ ဓားပြတစ်ယောက်အကြောင်း တွေးမိလို့ပါ။ သူတောင်းစားခွက်ပျောက်တာက လက်ဖဝါးခံ တောင်းလို့ရတယ်၊ ပင်လယ်ဓားပြ သင်္ဘောမှောက်တာက လက်ပစ်ကူးလို့ ကမ်းပြန်မရောက်ဘူးဆိုတာ ပြောချင်လို့ပါ"

ထို့နောက် အရာထမ်းကြီးက နှုတ်မဆက်ဘဲ ထ,ထွက်သွားလေသည်။

မှော်ဆရာကြီးကလည်း တွေးတွေးဆဆဖြင့်. . .

"ဟုတ်တယ်ဗျ၊ သူတောင်းစား ခွက်ပျောက်တာက လက်ဖဝါးခံတောင်းလို့ ရတယ်"

မှော်ဆရာက နှုတ်ခမ်းတင်းတင်းစေ့လိုက်ရင်း. . .

"အဲဒီတော့. . . ဆက်ပါဦး"

"ဩော်. . . အင်း. . . သူတောင်းစားခွက်ပျောက်တာ လက်ဖဝါးခံတောင်းလို့ ရတယ်၊ ကခြေသည် ကကြိုးပျောက်ရင်တော့ ခြေလက်မြှောက်ရင်း ချောက်ချားနေတတ်တယ်ဆိုတာ တွေးမိလို့ပါ"

ဗေဒင်ဆရာကြီးကလည်း မှော်ဆရာနှင့် ပြဿနာအဖြစ်မခံဘဲ ထိုနေရာမှ ထွက်သွားတော့သည်။

ပညာရှိတစ်ဦးတည်းသာ မှော်ဆရာနှင့် ကျန်ရစ်ခဲ့၏။ ပညာ

www.burmeseclassic.com

www.burmeseclassic.com



ရှိကတော့ သစ်မြစ်ဆုံကြီးပေါ်မှာ ကျွန်ရေရစွာ ထိုင်နေလေသည်။ သူက ခနဲ့ပြုံးဖြင့် . . .

"ကဲ . . . ပညာရှိကြီးရေ ခင်ဗျားကို မေးရတော့မှာပဲ၊ သူတောင်းစားခွက်ပျောက်တာ လက်ဖဝါးခံတောင်းလို့ရသတဲ့၊ မော်ဆရာ ပလွေပျောက်တော့ ဘာဖြစ်မလဲ"

ပညာရှိက သူ့ကို ရဲရင့်စွာ ပြန်ပြောလေသည်။

"ဒါကတော့ ခင်ဗျားကိုကြည့်ပြီး မှတ်ချက်ချရမှာပဲ၊ ခု ခင်ဗျား ဘာလုပ်မလဲ"

သူ ကြောင်အမ်းသွားသည်။ စကားမပြန်နိုင်လောက်အောင် ပါးစပ်အဟောင်းသား တွေငိုင်သွားရသည့်သူ့ကို ကြည့်ပြီး ပညာရှိက တည်ကြည်စွာပြောလေသည်။

"သေချာတာတစ်ခုကတော့ ကြမ္မာဆိုးကို ခွေးတိုးပေါက်တာ ဖြပေးလို့မလွယ်ဘူးဗျ၊ ခင်ဗျား ဘယ်လိုရင်ဆိုင်မလဲ"

သူက စကားပြန်ဆိုရန် နှုတ်ခမ်းကို အခါခါပြင်မိသော်လည်း စကားလုံးတို့ လျော့လျည်းလွင့်ပြယ်နေသည်။ လျှာဖျားမှာ မားစိုက်နေသလို စကားလုံးတို့ ဦးစိုက်ကျွမ်းပြန်ဖြင့် . . .

"ကျုပ် . . . ကျုပ် . . . . . . . . ."

မျက်နှာက မှိုင်းညိုပြီး လေသံက ဆို့အက်နေသည်။ ပြော သည့်စကားမှ ဆက်ပြောစရာမရှိ။ ထိုအချိန်မှာပဲ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သံကြီးနှင့်အတူ သစ်ရွက်တွေ ဖွဲဖွဲကြွေကျ၏။ နံနက်ခင်း၏ နောက်ဆုံးနှင်းကလည်း ဝေပြီးပြီဖြစ်သည်။ နေရောင်ခြောက်ခြောက်က မြေပြင်ပေါ်သို့ တောက်လျှောက်ပြေးဆင်း ကျလာလေတော့သည်။

* * * * *

www.burmeseclassic.com